# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အတိုင်းထက်အလွန်ဝမ်းမြောက်**

ကောင်းမှုပြုသူအား မြင့်မြတ်ကောင်းမွန်ရာသို့ ပို့ဆောင်ပေးနိုင်၏။ ချက်ချင်းလက်ငင်း အကျိုးပေး၍ ပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌ လည်းကောင်း ချမ်းသာစေ၏။ မိမိ၏ ပြုသော ကောင်းမှုကံကို သိမြင်ရ၍လည်း အတိုင်းထက်အလွန်ဝမ်းမြောက်ရ၏။ **ယမကဝဂ်(ဓမ္မပဒ-၁၆)**


၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက် | ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၅)၊ အမှတ် (၂၇၉)


## နိုင်ငံတော်သမ္မတ ဦးထင်ကျော် အာရှ - ဥရောပဆွေးနွေးပွဲ (အေဆမ်) ထိပ်သီးအစည်းအဝေး တက်ရောက်မည်

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အာရှ - ဥရောပဆွေးနွေးပွဲ (အေဆမ်) ၏ (၁၁)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့သို့ မကြာမီကာလအတွင်း သွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

# အာဇာနည်နေ့အခမ်းအနားကျင်းပမည့် အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်များရုံးသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၉**

၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီတွင် ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပမည့် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အာဇာနည်ဗိမာန်ရှိ နားနေဆောင်၌ ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများနှင့် တွေ့ဆုံပြီး နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ အဖွဲ့အစည်းအသီးသီးနှင့် ပြည်သူလူထုတို့ အဆင်ပြေချောမွေ့စွာ လာရောက်ဂါရဝပြုနိုင်ရေး၊ လုံခြုံရေးကိစ္စရပ်များနှင့်ပတ်သက်၍ အထူးဂရုပြုရေး၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအလိုက် ထောင့်စေ့ ကွက်စေ့အောင် ပူးပေါင်းဆောင်ရွက်ရေး၊ တစ်နှစ်ထက်တစ်နှစ် အားနည်းချက်များ လျော့နည်းအောင် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ကော်မတီများအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတ ဦးမြင့်ဆွေက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပမည့် အာဇာနည်ဗိမာန်သို့ ရောက်ရှိပြီး အာဇာနည်ဗိမာန်အတွင်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ သမိုင်းရာဇဝင်များ၊ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများနှင့် အဆိုအမိန့်များကို ချိတ်ဆွဲပြသမည့် Graphic Board ပြုလုပ်ဆောင်ရွက်ထားရှိမှု၊ စိမ်းလန်းစိုပြည်ရေးအတွက်

*စာမျက်နှာ ၃ ကော်လံ ၁* ❁



ဒုတိယသမ္မတ ဦးမြင့်ဆွေ ဝန်ကြီးများရုံး (ယခင် အတွင်းဝန်များရုံး)တွင် ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)


❖ (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ပြည်သူများ ဂါရဝပြုလေ့လာကြည့်ရှုနိုင်ရန် စီစဉ်ထား စာ - ၃

❖ ပိုလန်နှင့် ဘောလ်တစ်ဒေသတို့တွင် တပ်ဖွဲ့ဝင်အင်အား ချဲ့ထွင်ရန် နေတိုးသဘောတူ စာ - ၁၀





မြန်မာ့အလင်း

# ဆယ်ကျော်သက်မိန်းကလေးများ ဘဝမြှင့်တင်ရေး ရင်းနှီးမြှုပ်နှံပံ့ပိုးပေး

အနီးစပ်ဆုံး မှန်ကန်တိကျသော စာရင်းဇယားများရရှိရေးအတွက် သုတေသနများ မပြုလုပ်နိုင်သေးသော်လည်း မြန်မာနိုင်ငံတွင် ဆယ်ကျော်သက်အရွယ် မိန်းကလေးငယ်များ ကိုယ်ဝန်ဆောင်မှုများပြားလာသည်ဟု သားဖွားမီးယပ်ကျန်းမာရေးဆိုင်ရာ အသိုင်းအဝိုင်းမှ ပြောကြားကြောင်း၊ ဆယ်ကျော်သက်အရွယ်ကိုယ်ဝန်ဆောင်မှုများတွင် အသက် ၁၃ နှစ်ခန့်အထိ ငယ်ရွယ်သည့် မိန်းကလေးများပါဝင်လာကြောင်း၊ ယင်းကဲ့သို့ဖြစ်ရခြင်းမှာ မြန်မာနိုင်ငံတွင် အမျိုးသမီးငယ်များ အပျိုဖော်ဝင်မှုစောလာခြင်းနှင့် အင်တာနက်လူမှုကွန်ရက်များကို သုံးစွဲမှုများပြားလာခြင်းတို့၏ အကျိုးဆက်ဖြစ်ကြောင်း သတင်းမီဒီယာများတွင် တွေ့ရှိရသည်။

မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ အသက် ၁၅နှစ်မှ ၁၉နှစ်အကြားအုပ်စုတွင် အမျိုးသမီး ၂ ဒသမ ၂ သန်းရှိရာ ယင်းတို့အနက်မှ ၁၃ ဒသမ ၂ ရာခိုင်နှုန်းသည် အရွယ်မတိုင်မီ မိခင်ဘဝရောက်ရှိပြီး ပညာဆက်လက်မသင်ကြားနိုင်တော့ကြောင်း သိရသည်။ အသက် ၁၅နှစ်မှ ၁၉နှစ်အရွယ် ကိုယ်ဝန်ဆောင်မိခင်လောင်းများသည် အသက် ၂၀မှ ၂၄နှစ်အရွယ် မိခင်လောင်းများထက် ကိုယ်ဝန်နှင့်ဆက်စပ်သောသေဆုံးမှုနှုန်း နှစ်ဆခန့်ပိုများပြီး အသက် ၁၀နှစ်မှ ၁၄နှစ်အရွယ် သက်ငယ်ကိုယ်ဝန်ဆောင်များမှာမူ အသက် ၂၀နှစ်အရွယ်မိခင်လောင်းများနှင့် နှိုင်းယှဉ်ပါက ကိုယ်ဝန်နှင့် ဆက်စပ်သောသေဆုံးမှု ငါးဆခန့်ပိုမိုများပြားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အချက်အလက်များကဆိုသည်။ သားဖွားမီးယပ်ဆိုင်ရာ ကျန်းမာရေးပြဿနာများကြောင့် သေဆုံးမှုများတွင် သက်ငယ်မိန်းကလေးများလည်း ပါဝင်နေသည်ဆိုသော သတင်းအချက်အလက်များက မြန်မာနိုင်ငံမှ ဆက်ကျော်သက်အရွယ် မိန်းကလေးငယ်များအတွက် မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေးနှင့်ပတ်သက်သော အသိသုတများသင်ကြားပေးရန် လိုအပ်လျက်ရှိကြောင်း အချက်ပေးခေါင်းလောင်းထိုးလိုက်ခြင်း ဖြစ်သည်ဟု ယူဆနိုင်သည်။

လာမည့်ဇူလိုင်လ ၁၁ရက်နေ့သည် “ကမ္ဘာ့လူဦးရေနေ့” ဖြစ်သည်။ ယခုနှစ်ကမ္ဘာ့လူဦးရေနေ့၏ ဆောင်ပုဒ်မှာ “ဆယ်ကျော်သက်မိန်းကလေးများဘဝမြှင့်တင်ရေး ရင်းနှီးမြှုပ်နှံပံ့ပိုးပေး **(Investing in teenage girls)**”ဟူ၍ ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ ဆယ်ကျော်သက်အရွယ်မိန်းကလေးငယ်များမှာ လိင်အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ အရွယ်မတိုင်မီ လက်ထပ်ထိမ်းမြားမှု၊ သက်ငယ် ကိုယ်ဝန်ဆောင်မီးဖွားမှုတို့ ကြုံတွေ့နေကြရသည့်အလျောက် ၎င်းတို့၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည်တို့ကို မြှင့်တင်ပေးရန် လိုအပ်လာရာ ယခုနှစ်ကမ္ဘာ့လူဦးရေနေ့ကို ဆယ်ကျော်သက်အရွယ်မိန်းကလေးငယ်များ ဘဝမြှင့်တင်ရေးအတွက် ဦးတည်ကျင်းပရန် နှိုးဆော်ထားခြင်းလည်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၅၁ သန်းကျော်တွင် အမျိုးသမီး ၅၁ ဒသမ ၈ ရာခိုင်နှုန်းနှင့် အမျိုးသား ၄၈ ဒသမ ၂ ရာခိုင်နှုန်းရှိရာ အများစုမှာ ကျေးလက်ဒေသများတွင် နေထိုင်ကြသည်။ မြန်မာနိုင်ငံရှိ ဆယ်ကျော်သက်အရွယ် မိန်းကလေးငယ်များ၏ဘဝများမြှင့်တင်ပေးနိုင်ရေးအတွက် ကျေးလက်များတွင် အခြေပြုကာ ၎င်းတို့၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများ မြှင့်တင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**



# ကျောင်းအဆောက်အအုံကြံ့ခိုင်မှုနှင့် စာသင်ကြားနေမှုများ စစ်ဆေး

**သီပေါ ဇူလိုင် ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ရှိ အထက(၂)၊ အလကခွဲ(၂)သို့ ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်ပညာရေးမှူး ဦးသန်းထွန်းအောင်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၈ ရက်က ကျောင်းအဆောက် အအုံကြံ့ခိုင်မှုနှင့် ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုများကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် အထက(၁) မြည်သီလာခန်းမ၌ ကျင်းပသော မူးယစ်ဆေးဝါးအလွဲသုံးမှု ကာကွယ်တားဆီးရေးဆိုင်ရာ ဟောပြောပွဲသို့ တက်ရောက်ချီးမြှင့်ပြီး ကျောင်းသူ ကျောင်းသားများအတွက် အားကစားပစ္စည်းများကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ ကျောင်းဆောင်များ ဆောက်လုပ်ပြုပြင်ရန်နှင့် မြို့နယ်ပညာရေးမှူးရုံးအသစ်ဆောက်လုပ်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ကလေးဝမြို့၌ ချင်းတွင်းမြစ်ရေ စိုးရိမ်ရေအမှတ်ကျော်လွန်ရောက်ရှိ

**ကလေးဝ ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် ဇူလိုင် ၉ ရက် နံနက်ပိုင်းမှစတင်၍ ချင်းတွင်းမြစ်ရေသည် မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ စိုးရိမ်ရေအမှတ် ၁၅၆၃ စင်တီမီတာအထိ ရောက်ရှိနေသဖြင့် ကလေးဝမြို့ အနိမ့်ပိုင်းရပ်ကွက်ဖြစ်သည့် အမှတ်(၁) ရပ်ကွက် မြို့သာရပ်နှင့် ချင်းတွင်းမြစ်ကမ်းဘေးကျေးရွာများဖြစ်သော မထု၊ ဂဇက်၊ ယောစု၊ ဆင်ခေါင်း၊ တုန်နန်း၊ ကျော်ဇင်ကျေးရွာတို့၌ ရေစတင်ဝင်ရောက်နေပြီဖြစ်ကြောင်း သိရသည်။

ယင်းရေဝင်ရောက်သည့် ကျေးရွာများသို့ ကလေးဝမြို့နယ် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများသည် အဖွဲ့များခွဲ၍ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးအတွက် စာရင်းကောက်ယူနေကြကြောင်း သိရသည်။

**ချင်းတွင်းသား**



ချင်းတွင်းမြစ်ရေတက်မှုကြောင့် ကလေးဝမြို့၌ ရေဝင်ရောက်နေမှုကို တွေ့ရစဉ်

# မြစ်သားမြို့ ကင်းတားရေလှောင်တမံအတွင်း ငါးမျိုးစိတ်အကောင်ရေ ငါးသောင်းစိုက်ထည့်

**မြစ်သား ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကင်းတားရေလှောင်တမံအတွင်း ဇူလိုင် ၇ ရက်က ငါးမြစ်ချင်း ငါးမျိုးစိတ်စိုက်ထည့်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းနှင့် ဒေါ်သင်းမြမြသင်း၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးလှဝင်း၊ ကျောက်ဆည် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် တာဝန်ရှိသူများ၊ မြစ်သားမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများက ငါးမြစ်ချင်း ငါးမျိုးစိတ်အကောင်ရေ ငါးသောင်းကို ကင်းတားရေလှောင်တမံအတွင်း စိုက်ထည့်ပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၉-၇-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၇၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၆၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၇၀ / ၆၀၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၅.၀ |
| ဥရောပ | တစ်ယူရို | ၁၃၀၉.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၂.၄၁ |
| ထိုင်း | တစ်ဘတ် | ၃၃.၅၂၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၆၃ |
| တရုတ် | တစ်ယွမ် | ၁၇၆.၂၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၃.၅၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။



# စုပေါင်းလုပ်မှ အကျိုးရှိနိုင်

တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့တခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❀ ရှေ့ဖုံးမှ

ပန်းခြံများ ပြုပြင်ထိန်းသိမ်းထားရှိမှု၊ အာဇာနည်ဗိမာန်မှ ကြွေလွင့်လာသော ကြယ်တစ်ပွင့်အား ပုံဖော်ဆောင်ရွက်ထားရှိမှုအပါအဝင် အကြီးစားပြုပြင်မွမ်းမံထားရှိမှုများ၊ အာဇာနည်ခေါင်းဆောင်ကြီးများအား ဂါရဝပြုလွမ်းသူ့ပန်းခွေချရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ အာဇာနည် ကိုးဦး၏ မော်ကွန်းကမ္ပည်းကြေးပြား တပ်ဆင်နေမှု၊ ပြည်သူများ လာရောက်ဂါရဝပြုမည့် လမ်းတစ်လျှောက် ယာဉ်လမ်းကြောင်း အခြေအနေ စသည့် ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရောက်ရှိပြီး ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားအတွက် အကြီးစားပြုပြင်မွမ်းမံ ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်း ပုံတူ ဆီလီကွန်ရုပ်တုပြသထားရှိမှု၊ ဗိုလ်ချုပ်အောင်ဆန်း၏ ရှားပါးဓာတ်ပုံများပြသရန် စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ထို့နောက် ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်များရုံး) သို့ သွားရောက်ပြီး လွတ်လပ်ရေးရသည့်နေ့တွင် ယူနီယံဂျက်အလံအား ဖြုတ်ချ၍ မြန်မာနိုင်ငံတော်အလံကို ပြန်လည်လွှင့်တင်သည့် အလံတိုင်နေရာ၊ တိုင်းပြုပြည်ပြု လွှတ်တော်ကျင်းပရာနေရာနှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးရာ အစည်းအဝေးခန်း၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ သမိုင်းဝင် မော်ကွန်းကျောက်စာတိုင်နှင့် အဆိုပါကျောက်စာတိုင်ရှေ့ မြက်ခင်းပြင်၌ ၂၀၁၆ ခုနှစ် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် နိုင်ငံတော်အလံအား တိုင်ဝက်သို့ လွှင့်ထူမည့်အစီအစဉ်ဆောင်ရွက်ရန် စီစဉ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)



## ပြင်ဆင်ဖတ်ရှုပါရန် အနူးအညွတ် တောင်းပန်ခြင်း

ဇူလိုင်လ ၉ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ ရှေ့ဖုံး ယာထိပ်တွင် ဖော်ပြပါရှိသော ယမကဝဂ် (ဓမ္မပဒ-၁၆) ၏ ပထမစာကြောင်း၌ "မကောင်းမှုပြုသူအား မြင့်မြတ်ကောင်းမွန်ရာသို့ ပို့ဆောင်ပေးနိုင်၏" **အစား** "ကောင်းမှုပြုသူအား မြင့်မြတ်ကောင်းမွန်ရာသို့ ပို့ဆောင်ပေးနိုင်၏" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် အနူးအညွတ် တောင်းပန်အပ်ပါသည်။ (မြန်မာ့အလင်း)

**စာပေမြင့်မှ လူမျိုးတင့်မည်**

# (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ပြည်သူများ ဂါရဝပြုလေ့လာကြည့်ရှုနိုင်ရန် စီစဉ်ထား

**ရန်ကုန် ဇူလိုင် ၉**

၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြု အလေးပြုကြမည့် ပြည်သူများအဆင်ပြေချောမွေ့စေရန် သောက်ရေသန့်များ၊ မိုဘိုင်းသန့်စင်ခန်းများ ထားရှိပေးသွားမည်ဖြစ်သလို အာဇာနည်ဗိမာန်အနီး အနောက်ရွှေဂုံတိုင်လမ်းနှင့် ရွှေဂုံတိုင် (၁)လမ်းဆုံ၊ ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံ စသည့်နေရာနှစ်ခုတို့တွင် အာဇာနည်နေ့ အခမ်းအနားကျင်းပနေပုံကို LED ဖြင့် တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။



အလားတူ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး(ယခင်အတွင်းဝန်များရုံး) အတွင်း လာရောက်ကြည့်ရှုလေ့လာကြမည့် ပြည်သူများအတွက် ဗိုလ်ချုပ်အောင်ဆန်း တိုင်းပြုပြည်ပြု လွှတ်တော်တက်ရောက်ခဲ့သည့် ပါလီမန်အဆောက်အအုံကို ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားရှိပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးရာ အစည်းအဝေးခန်းမ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ သမိုင်းဝင် မော်ကွန်းကျောက်စာတိုင်နှင့် အဆိုပါကျောက်စာတိုင်ရှေ့ မြက်ခင်းပြင်၌ ၂၀၁၆ ခုနှစ် အာဇာနည်နေ့အခမ်းအနားတွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် နိုင်ငံတော်အလံအား တိုင်ဝက်သို့ လွှင့်ထူမည့်အစီအစဉ်များ ပါဝင်ကြောင်းသိရသည်။

ထို့အတူ ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုကြမည့် ပြည်သူများအတွက် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်း စာဖတ်နေသည့်ဟန် ပုံတူဆီလီကွန်ရုပ်တုနှင့် ဗိုလ်ချုပ်အောင်ဆန်း၏ ရှားပါးဓာတ်ပုံများကို ပြတိုက်အဝင် လျှောက်လမ်းတစ်လျှောက်၌ ပြသသွားမည်ဖြစ်ပြီး အာဇာနည်နေ့အခမ်းအနား ဇူလိုင် ၁၉ ရက်အပြီး ဇူလိုင် ၂၀၊ ၂၁ ရက်တို့တွင်လည်း ပြည်သူများ အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ရန် စီစဉ်ထားကြောင်း (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအစည်းအဝေးမှ သိရသည်။

ယခုကျင်းပမည့် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ယခင်နှစ်များနည်းတူ လာရောက်ကြည့်ရှု ဂါရဝပြုကြမည့် မိဘပြည်သူများအနေဖြင့် လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်းဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် ကော်/သံပိုက်များကို ယူဆောင်၍ ဝင်ရောက်ခြင်းမပြုရန်နှင့် ဒရုန်းများ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် တားမြစ်ထားပြီး အဆိုပါအသိပေးတားမြစ်ချက်ကို ရေဒီယို၊ ရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် ပြည်သူများသိရှိစေရန် အသိပေးကြော်ငြာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်က အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုကြသည့် ဧည့်ပရိသတ် တစ်သောင်းလေးထောင်ကျော်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုသူပေါင်း တစ်သောင်းခွဲကျော်ရှိကြောင်း သိရသည်။

**သတင်း - ဝင်းဝင်းမော်၊ ဓာတ်ပုံ - ဇော်မင်းလတ်**

## မြန်မာနိုင်ငံဆရာဝန်အသင်း စာရေးဆရာဆရာဝန်အဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဇူလိုင် ၉**

မြန်မာနိုင်ငံဆရာဝန်အသင်း စာရေးဆရာ ဆရာဝန်အဖွဲ့နှစ်ပတ်လည် အစည်းအဝေး အမှုဆောင်သစ်ရွေးချယ်ပွဲ၊ စာပေဆုရ စာရေးဆရာ ဆရာဝန်များဂုဏ်ပြုပွဲနှင့် စာပေဟောပြောပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် စာရေးဆရာ ဆရာဝန်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

## ပြုပြင်ပြီးကျောင်းဆောင် လွှဲပြောင်းပေးအပ်

**ရန်ကုန် ဇူလိုင် ၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ် (၂၆) အခြေခံပညာမူလတန်းကျောင်းအား ပြန်လည်ပြုပြင်မွမ်းမံပြီး ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပရာ အလှူရှင် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီဥက္ကဋ္ဌ ဦးအိုက်ထွန်းနှင့် တာဝန်ရှိသူများက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ကျောင်းဆောင်ကို ယခု ပြန်လည်ပြုပြင်မွမ်းမံခဲ့ရာ ငွေကျပ်သိန်းပေါင်း ၆၀၀ ကျော် ကုန်ကျခဲ့သည်။ ကျောင်းဆောင်မှာ စတုရန်းပေ ၁၇၈၀ ကျယ်ဝန်းပြီး အာရ်စီနှစ်ထပ် ကျောင်းဆောင်ဖြစ်ကာ စာသင်ခန်း ၁၆ ခန်း ပါဝင်သည်။

**ရီလေး**

## မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်

**နေပြည်တော် ဇူလိုင် ၉**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ (မိုး/ဇလ)

# အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း၏ သားက ပြောပြသည့် အာဇာနည်နေ့နှင့် မိသားစုအကြောင်း

**သတင်း - မင်းသစ်(သတင်းစဉ်)၊ ဇော်ကြီး(ပဏီတ)၊ ဓာတ်ပုံ - ဇော်မင်းလတ်**

ရန်ကုန် ဇူလိုင် ၉

**"အဖေဆုံးတော့ ကျွန်တော်က ရှစ်လသားပဲ ရှိသေးတာ၊ အဖေ့အကြောင်းကို ကျောင်းတက်တဲ့အရွယ်ကျမှ သိခဲ့ရတာ၊ အာဇာနည်နေ့ ရောက်တိုင်း အမေက အမြဲတမ်း အာဇာနည်ကုန်းကို ခေါ်သွားတယ်"ဟု ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကို ဦးဘဝင်း၏ သားအငယ်ဆုံး ဖြစ်သူ ဦးထွေးဝင်းက ပြောသည်။**



ဦးထွေးဝင်း (အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း၏ အငယ်ဆုံးသား)

အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း၏ သားအငယ်ဆုံးဖြစ်သူ ဦးထွေးဝင်းသည် လက်ရှိအချိန်တွင် အသက် ၇၀ အရွယ်ရှိပြီး သား သမီး မြေးများနှင့်အတူ ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း အမှတ်-၅(ခ)တွင် နေထိုင်လျက်ရှိသည်။

"အဖေက ညီတွေရော၊ သူ့ပတ်ဝန်းကျင်က လူတွေရော ယောကျ်ားဆန်စေချင်တယ်။ မြင့်မြတ်တဲ့ စိတ်မျိုးထားစေချင်တယ်။ အမြဲတမ်းပဲ သွန်သင်ဆုံးမခဲ့တယ်" ဟု ဖခင်ဦးဘဝင်းနှင့် ပတ်သက်ပြီး မိခင်ဖြစ်သူပြန်လည်ပြောပြခဲ့သည်များကို ဦးထွေးဝင်းက ပြောပြသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးပြီးနောက်ပိုင်း သမ္မတကြီး မန်းဝင်းမောင်၊ ဝန်ကြီးချုပ် ဦးနုတို့ဦးဆောင်ပြီး အာဇာနည်နေ့ အခမ်းအနားသို့ နှစ်စဉ်တက်ရောက် အလေးပြုခဲ့ကြောင်း၊ ဦးနေဝင်းလက်ထက်တွင် အစပိုင်း ၎င်းကိုယ်တိုင်တက်ရောက် အလေးပြုခဲ့သော်လည်း နောက်ပိုင်းတွင် ယဉ်ကျေးမှုဝန်ကြီးနှင့် မြို့တော်ဝန် အဆင့်လောက်နှင့်သာ အာဇာနည်နေ့ အခမ်းအနားကို ကျင်းပခဲ့ကြောင်း ဦးထွေးဝင်းက ပြောသည်။



ဦးဘဝင်းနှင့် ဇနီး ဒေါ်ခင်စော မိသားစုနှင့် ညီအစ်ကို မောင်နှမများ မှတ်တမ်းဓာတ်ပုံ

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးပြီးနောက်ပိုင်း ကျန်ရစ်သူ ဇနီးသည်များအား လုပ်ကိုင်စားသောက်နိုင်ရန် BOC ကုမ္ပဏီမှ ဆီရောင်းချခွင့်ပါမစ်ချပေးခဲ့ကြောင်း၊ မြေနေရာကို ကိုယ်ပိုင်ငွေဖြင့် ဝယ်ယူစေခဲ့ကြောင်း၊ ဦးနေဝင်း တက်လာပြီးနောက်ပိုင်းတွင် အဆိုပါ ဓာတ်ဆီဆိုင်နှင့် မြေနေရာကို ပြည်သူပိုင်အဖြစ် သိမ်းယူပြီး ထောက်ပံ့ငွေတစ်လငွေကျပ် ၁၀၀၀ ပေးခဲ့ကြောင်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများထံမှ သိရသည်။



ဦးဘဝင်း မိသားစုနှင့်နေထိုင်ခဲ့သော အိမ်ကြီးကို တွေ့ရစဉ်

"BOC က ချပေးတဲ့ ဓာတ်ဆီဆိုင်ပါမစ်ကို ဒေါ်ခင်ကြည်က မယူခဲ့ဘူး၊ ရဲဘော် ကိုထွေးလည်းမရဘူး၊ ကျန်တဲ့ခေါင်းဆောင်တွေရဲ့မိသားစုဝင်တွေတော့ရတယ်။ အဲဒီတုန်းကတော့ အဆင်ပြေတာပေါ့၊ ပြည်သူပိုင်သိမ်းပြီးနောက်ပိုင်း စီးပွားရေးကျပ်လာကြတယ်။ ပြန်ရဖို့အတွက် အကြိမ်ကြိမ်ပြန်လျှောက်ခဲ့တယ်။ မရခဲ့ပါဘူး"ဟု ဦးထွေးဝင်းက အတိတ်အကြောင်းကို ပြန်ပြောင်းပြောပြသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း ကွယ်လွန်ချိန်တွင် ဇနီးသည်နှင့် သားသမီး ခြောက်ဦးကျန်ရစ်ခဲ့ပြီး အစိုးရက ထောက်ပံ့ကြေးငွေတစ်သိန်းပေးအပ်ခဲ့ရာ အဆိုပါငွေများ မပျောက်ပျက်စေရန်အတွက် မြန်မာ့အလင်း ဦးတင်တို့ ပါဝင်သည့်အမွေထိန်းအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့ကြောင်း ဦးထွေးဝင်းထံမှ သိရသည်။

"အဖေဆုံးတဲ့အချိန် အမေကငယ်သေးတော့ အမွေထိန်းနဲ့ နေခဲ့ရတာ၊ အမွေထိန်းက အားလုံးကိုထိန်းသိမ်းစောင့်ရှောက်ပေးထားတယ်"ဟု ဦးထွေးဝင်းက ပြောသည်။

"အခုတော့ အစိုးရကလည်း ပြောင်းသွားပြီ၊ အာဇာနည်နေ့နဲ့ပတ်သက်ပြီး ခမ်းခမ်းနားနား လုပ်ကြတာပေါ့၊ ဒါ ကောင်းပါတယ်"ဟု ဦးထွေးဝင်းက ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ မြှုပ်နှံထားသည့် အာဇာနည်ဗိမာန်တွင် နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့သည့် ဦးတင်ထွဋ်၊ ဗိုလ်စိန်မှန်တို့ အုတ်ဂူများ ယခင်ကရှိခဲ့သော်လည်း ဖုံးခွဲခံရပြီးနောက်ပိုင်း အဆိုပါအုတ်ဂူများအား မည်သည့်နေရာတွင် ရွှေ့ပြောင်းလိုက်သည်ကို မသိလိုက်ရသည့်အတွက် စိတ်မကောင်းဖြစ်မိကြောင်းလည်း ဦးထွေးဝင်းက ဆိုသည်။

ဖခင်ဖြစ်သူ ဦးဘဝင်းနှင့်ပတ်သက်၍ အမှတ်တရ ဖြစ်စရာများကို သားဖြစ်သူ ဦးထွေးဝင်း က "အဖေက သနားဖို့ကောင်းတယ်။ကောလိပ်ကျောင်း နှစ်နှစ်လောက်တက်ပြီး အလုပ်ဝင်ခဲ့တာ၊ ညီတွေဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဦးအောင်သန်းကို ထောက်ပံ့ပေးခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းဆို ငါးတန်းကနေ ဆယ်တန်းအထိ ထောက်ပံ့ပေးခဲ့တယ်။ ဗိုလ်ချုပ်ကိုခေါ်ပြီး အင်္ဂလိပ်ရုပ်ရှင်ကားတွေ သွားကြည့်တယ်။ပြီးရင် ဘာသာပြန်ခိုင်းတယ်"ဟု ပြောပြသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း ကွယ်လွန်ချိန်တွင် သားသမီးခြောက်ဦး ကျန်ရစ်ခဲ့ပြီး မိခင်ဖြစ်သူ၏ ထိန်းကျောင်းမှုဖြင့် သားငယ်ဖြစ်သူ ဦးထွေးဝင်းမှအပ ကျန်သားသမီး ငါးဦးမှာ နိုင်ငံ့ဝန်ထမ်းတာဝန်များကို ထမ်းဆောင်ခဲ့ကြကြောင်း၊ လက်ရှိတွင် မိခင်ဖြစ်သူနှင့် အစ်မအကြီးဆုံးဖြစ်သူတို့မှာ ကွယ်လွန်သွားခဲ့ပြီး ညီအစ်ကိုမောင်နှမငါးဦးသာ ကျန်ရှိကြောင်း သိရသည်။

## ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်၌ ပရဟိတအဖွဲ့များ စုပေါင်းသန့်ရှင်း

**နတ်မောက် ဇူလိုင် ၉**

နတ်မောက်မြို့ အောင်ဆန်းရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်တွင် ဇူလိုင် ၉ ရက် နံနက် ၇ နာရီက ပရဟိတအဖွဲ့များ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ရှိ ပန်းအလှပင်များကို ပြုပြင်ခြင်း၊ မြက်များ ရှင်းလင်းခြင်း၊ ပန်းခြံအတွင်းရှိ မီးလုံးများတပ်ဆင်ပေးခြင်းနှင့် ဇူလိုင် ၁၉ ရက်တွင် ပြသမည့်ဗိုလ်ချုပ်အောင်ဆန်း မှတ်တမ်း ဓာတ်ပုံများကို နံရံကပ်ဘုတ်များဖြင့် ပြသနိုင်ရေးအတွက် မြေနေရာရှိ ချုံနွယ်များကို မြို့ပေါ်ပရဟိတအဖွဲ့များနှင့် နတ်မောက် ကွန်ရက်အဖွဲ့များက စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**



### မြန်မာ့ရုပ်မြင်သံကြား
**News Channel**

**၁၀-၇-၂၀၁၆ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၈း၃၅ | - | **ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဈာပန** |
| ၉း၃၅ | - | ပြည်သူတို့ရဲ့ စကားသံများ |
| ၁၀း၃၅ | - | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၁၂း၅၀ | - | ဆေးရောင်စုံရုပ်ရှင် **တစ်ခါက ရေဝတီညများ** (လွင်မိုး၊ ညွန့်ဝင်း၊ ထွန်းအိန္ဒြာဗို၊ မေသန်းနု) (ဒါရိုက်တာ-မီးပွား) |

**ညပိုင်း**

| | | |
|---|---|---|
| ၁၅း၁၅ | - | Ooredoo MNL-1 2016 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဧယျာရွှေမြေ FC နှင့် ရတနာပုံ FC) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း |
| | - | တစ်ခါက အနုပညာမှတ်တမ်းများ **ရာသက်ပန်ပြဇာတ်** |
| | - | နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်တဲ့လား** (အပိုင်း-၁၄) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**



## ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး တောင်ဇလပ်ပင်များ စုပေါင်းစိုက်ပွဲ ဟားခါး၌ကျင်းပ

**ဟားခါး ဇူလိုင် ၉**

ချင်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု စုပေါင်းသစ်ပင်စိုက်ပွဲကို ဇူလိုင် ၉ ရက် နံနက် ၈ နာရီက ဟားခါးမြို့ ဂေါက်ကွင်းကျင်းအမှတ်(၁)အနီး၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပွဲတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဦးဝီကော၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ချင်းပြည်နယ်၏ ထင်ရှားလှပသော တောင်ဇလပ်ပင် ၁၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**( ပြည်နယ် ပြန်/ဆက် )**

# အလုပ်အကိုင်ရရှိမှုအခွင့်အလမ်းများ ပိုမိုလာစေရေးရည်ရွယ်ချက်ဖြင့် စာရင်းနှင့် စာရင်းစစ်ပြပွဲ(၂၀၁၆)ကျင်းပ

**ရန်ကုန် ဇူလိုင် ၉**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရက် ၁၀၀ စီမံချက်၏ ပထမလုပ်ငန်းစဉ်ဖြစ်သော စာရင်းနှင့် စာရင်းစစ်ပြပွဲ (၂၀၁၆)ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ဇနီး ဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယကသူရဦးတင်ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးမော်သန်းက ဤပြပွဲကျင်းပရခြင်းမှာ နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများတွင် စာရင်းစံများနှင့် စာရင်းစစ်စံများကို လိုက်နာကျင့်သုံးရန်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံစာရင်းကောင်စီ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းတို့က တာဝန်ခံဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် စာရင်းနှင့် စာရင်းစံများသည် လွန်စွာအရေးကြီးသဖြင့် လုပ်ငန်းဆောင်ရွက်ချက်စာရင်းများနှင့် စစ်ဆေးပြီး စာရင်းများသည် မှန်တစ်ချပ်သဖွယ် စာရင်းအမှန်ကို ထင်ဟပ်ပေါ်လွင်စေရန်၊ တိုင်းပြည်၏ အသားတင်တန်ဖိုး စာရင်းအမှန်ဖော်ပြနိုင်ပါက နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ စာရင်း၏အရေးပါမှုကို ပြည်သူများသိရှိ နားလည်ပြီး ပါဝင်ကြိုးပမ်းရန်လိုကြောင်းနှင့် အလုပ်ရှင်နှင့် အလုပ်လိုအပ်သူများ ချိတ်ဆက်နိုင်ရန်တို့ကို ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။




နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင် ခင်းကျင်းပြသထားသော ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုစဉ်

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦးနှင့် မြန်မာနိုင်ငံ စာရင်းကောင်စီဝင် ဦးဝင်းသင်တို့က အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာသူများသည် ပြပွဲတွင်ခင်းကျင်းပြသသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါပြပွဲကို အမျိုးသားဇာတ်ရုံတွင် ယနေ့မှ ဇူလိုင် ၁၀ ရက်အထိ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲ အထိ ပြသမည်ဖြစ်ပြီး ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများဖြစ်သည့် အခွန်ဆိုင်ရာ၊ နိုင်ငံပိုင်ကဏ္ဍစာရင်းစံဆိုင်ရာ၊ ပုဂ္ဂလိကပိုင်ကဏ္ဍစာရင်းစံဆိုင်ရာ၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေဆိုင်ရာ၊ စာရင်းပညာကျင့်ဝတ်ဆိုင်ရာနှင့် ရန်ကုန်စတော့အိတ်ချိန်းဆိုင်ရာ ဆွေးနွေးပွဲများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

စာရင်းနှင့် စာရင်းစစ်ပြပွဲ(၂၀၁၆)ကို စာရင်းပညာခေတ်မီရေး၊ စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၏ ကျင့်ဝတ်သိက္ခာမြင့်မားရေးနှင့် စာရင်းလုပ်ငန်းအရည်အသွေး ပြည့်မီရေး၊ နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ နှစ်ရပ်လုံး၏ ဘဏ္ဍာရေးအစီရင်ခံခြင်းကို နိုင်ငံတကာ စာရင်းစံ၊ စာရင်းစစ်စံများနှင့်အညီ ဆောင်ရွက်နိုင်စေရေးနှင့် စာရင်းပညာဖြင့် အသက်မွေးဝမ်းကျောင်းသည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးပွားလာခြင်းဖြင့် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းများ ပိုမိုလာစေရေးဟူသည့် ရည်ရွယ်ချက်များနှင့်အညီ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာမွတ်စလင် စီးပွားရေးလုပ်ငန်းရှင်များအသင်း(ယာယီ)၏ သတ္တမအကြိမ်မြောက် အိဒ်နေ့အထိမ်းအမှတ် မိတ်ဆုံညစာစားပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၉**

မြန်မာမွတ်စလင် စီးပွားရေးလုပ်ငန်းရှင်များအသင်း(ယာယီ)၏ သတ္တမအကြိမ်မြောက် အိဒ်နေ့အထိမ်းအမှတ် မိတ်ဆုံညစာစားပွဲ အခမ်းအနားကို ယနေ့ည ၇ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားတွင် မြန်မာမွတ်စလင် စီးပွားရေးလုပ်ငန်းရှင်များအသင်း(ယာယီ)၏ကိုယ်စား မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ(ငြိမ်း) ဦးသန်းလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဘာသာပေါင်းစုံကိုးကွယ်ကြသည့် တိုင်းရင်းသားအချင်းချင်း၊ နိုင်ငံသားအချင်းချင်း တစ်ဦးပေါ်တစ်ဦး စာနာထောက်ထား နားလည်သဘောပေါက်ပြီး ကိုးကွယ်သည့် ဘာသာတရားအပေါ်အကြောင်းပြု၍ စိတ်ဝမ်းကွဲပြားမှုမရှိဘဲ စည်းလုံးညီညွတ်ကြရန်လိုအပ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် ဘာသာတရားယုံကြည်ကိုးကွယ်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်လာပါက နိုင်ငံသားတိုင်း၏ အကျင့်စာရိတ္တ၊ စိတ်နေသဘောထား၊ နိုင်ငံအပေါ်ထားရှိအပ်သည့် သဘောထားအမြင်များပါ တိုးတက်ပြောင်းလဲလာနိုင်သည့်အတွက် နိုင်ငံတော်အား များစွာအကျိုးပြုပေးနိုင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့နာယက သူရဦးတင်ဦးက ယခင်ကာလများတွင် ဘယ်လိုအကြောင်းများနှင့်ဖြစ်စေ ယနေ့အချိန်အခါတွင် နောက်ကြောင်းပြန်မလှည့်ဘဲ လူမျိုးပေါင်းစုံ ဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာဖြင့် တိုင်းပြည်တွင် အနှစ်နှစ်အလလက စောင့်စားနေခဲ့ရသည့် ပြည်ထောင်စု ဒီမိုကရေစီနိုင်ငံတော်ကြီး တည်တံ့နိုင်ရန်အတွက် အလွန်အရေးကြီးကြောင်း ပြောကြားသည်။




ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီးနှင့် မြန်မာမွတ်စလင် စီးပွားရေးလုပ်ငန်းရှင်များအသင်း(ယာယီ)၏ ဥပဒေအကြံပေး ဦးကိုနီတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအား ထောက်ခံသည့်အနေဖြင့် ပြည်သူ့လှုပ်ရှားမှုမြှင့်တင်ရေးကွန်ရက်မှ စတစ်ကာကမ်ပိန်းလှုပ်ရှားမှုများပြုလုပ်

**ရန်ကုန် ဇူလိုင် ၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် လေးမြို့နယ်တွင် ဖွဲ့စည်းထားသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် ပြည်သူ့လှုပ်ရှားမှု မြှင့်တင်ရေးကွန်ရက်သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအား ကြိုဆိုထောက်ခံသည့်အနေဖြင့် ကားများတွင် စတစ်ကာများဝေငှခြင်းနှင့် လမ်းမများတွင် ဗီနိုင်းဆိုင်းဘုတ် စိုက်ထူခြင်းများကို ဇူလိုင် ၈ ရက်မှစတင်၍ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ပြည်သူ့လှုပ်ရှားမှုမြှင့်တင်ရေးကွန်ရက်သည် တိုင်းဒေသကြီးအတွင်းရှိ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းနှင့် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်များတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအား ကြိုဆိုထောက်ခံလှုံ့ဆော်သည့်အနေဖြင့် စတစ်ကာကမ်ပိန်း er နှင့် ဗီနိုင်းဆိုင်းဘုတ်များအား စိုက်ထူခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။

ပြည်သူ့လှုပ်ရှားမှုမြှင့်တင်ရေးကွန်ရက် ဦးဆောင်ကော်မတီဝင် ဦးခင်စိုးက “(၂၁)ရာစုပင်လုံကို ကြိုဆိုတယ်၊ ထောက်ခံတယ်၊ အမြန်ဆုံးဖြစ်အောင် လုပ်ဆောင်စေချင်တယ်။ ကျွန်တော်တို့တိုင်းပြည်မှာ နှစ်ပေါင်း ၆၀ ကျော်ကြာ ပြည်တွင်းပဋိပက္ခတွေဖြစ်တယ်။ အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်းမစားရတဲ့ ပြည်သူတွေရှိတယ်။ ပြည်သူထောက်ခံတဲ့ အခုလို အစိုးရတက်လာတဲ့အချိန်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းရေးကိုလုပ်မယ်ဆိုပြီး (၂၁)ရာစုပင်လုံကို ခေါ်ဖို့လုပ်တယ်။ ဒီအတွက် ပြည်သူဖြစ်တဲ့ ကျွန်တော်တို့က အလွန် ဝမ်းသာတယ်။ အမြန်ဆုံးလည်း တိုင်းပြည်ကို ငြိမ်းချမ်းစေချင်တယ်။ ငြိမ်းချမ်းရေးစိတ်ဓာတ်တွေလည်း ပြည်သူတွေရဲ့စိတ်ထဲမှာ ကိန်းဝပ်လာစေချင်တယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးနဲ့ ကလေးတွေရဲ့ ပညာရေး နောက်ကျကျန်နေတာတွေဟာ ပြည်တွင်းပဋိပက္ခက တရားခံတစ်ခုအနေနဲ့ ပါတယ်လို့ ကျွန်တော်တို့က မြင်ထားတယ်။ ဒါကြောင့်မို့ အခုလို လုပ်တာပါ”ဟု စတစ်ကာကမ်ပိန်း ပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ပြောသည်။

ပြည်သူ့လှုပ်ရှားမှုမြှင့်တင်ရေးကွန်ရက်သည် ဇူလိုင် ၈ ရက်က မြောက်ဒဂုံ၊ ၁၀ ရက်က အရှေ့ဒဂုံ၊ ၁၂ ရက်က တောင်ဒဂုံနှင့် ၁၄ ရက်တွင် ဒဂုံဆိပ်ကမ်းတို့၌ စတစ်ကာနှင့် ဗီနိုင်းကမ်ပိန်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဦးခင်စိုးက “ကျွန်တော်တို့ အခုလိုလုပ်တာ ဘယ်အဖွဲ့အစည်းရဲ့အထောက်အပံ့မှမပါပါဘူး။ ကျွန်တော်တို့အဖွဲ့ဝင်တွေကပဲ ရန်ပုံငွေသဘောမျိုးကျခံပြီး လုပ်တာပါ။ ငွေကြေးအကန့်အသတ်ရှိတော့ ကိုယ်လုပ်ချင်သလောက်တော့ မလုပ်နိုင်ဘူး။ မြို့နယ်တွေရဲ့ လမ်းဆုံတွေမှာ ဗီနိုင်းတွေထောင်သွားမှာဖြစ်ပြီး ကားတွေမှာကပ်တဲ့ စတစ်ကာကိုတော့ တစ်ရက်ကို ၂၀၀၀ နဲ့ ၃၀၀၀ ကြား ဝေသွားမှာပါ။ အာဇာနည်နေ့ ဇူလိုင် ၁၉ ရက်နေ့ကျရင်လည်း အာဇာနည်ကုန်းမှာလုပ်မယ်။ ဒါကိုတော့ အသေးစိတ်ညှိနှိုင်းနေတုန်းပါ။ အဲ့ဒီနေ့က လူတွေများမှာဆိုတော့ ဘယ်သူမှအနှောင့်အယှက်မဖြစ်အောင်ရယ် (၂၁)ရာစုပင်လုံကို အေးအေးချမ်းချမ်းနဲ့ ပြည်သူတွေသိရှိနိုင်အောင်အတွက် အကောင်းဆုံးပြင်ဆင်မှာပါ”ဟု ပြောသည်။

ပြည်သူ့လှုပ်ရှားမှုမြှင့်တင်ရေးကွန်ရက်၏ စတစ်ကာကမ်ပိန်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပုံနှင့် (၂၁)ရာစု ပင်လုံညီလာခံကို ထောက်ခံသည်၊ ပြည်တွင်းစစ် ချက်ချင်းရပ်ဆိုသည့် စာသားများပါဝင်ပြီး ဗီနိုင်းကမ်ပိန်းတွင်မူ သခင်ကိုယ်တော်မှိုင်းရုပ်ပုံ၊ တတိယမြောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်ရုပ်ပုံနှင့် နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်တို့၏ ရုပ်ပုံပါဝင်သည့် ဗီနိုင်းကားချပ်များ ပါဝင်မည်ဖြစ်သည်။

ပြည်သူ့လှုပ်ရှားမှုမြှင့်တင်ရေးကွန်ရက်သည် ဒဂုံမြို့သစ် လေးမြို့နယ်အားအခြေခံ၍ ၂၀၁၄ ခုနှစ်က ဖွဲ့စည်းထားခြင်းဖြစ်ပြီး အဖွဲ့ဝင် ၁၀၀၀ ခန့်ရှိကာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံနှင့် အပြိုင်လုပ်မည့် C O ဖိုရမ်များတွင်မူ ပါဝင်မည်မဟုတ်ကြောင်း သိရသည်။ အဆိုပါအဖွဲ့သည် ဇူလိုင် ၁၀ ရက်တွင်လည်း အရှေ့ဒဂုံ ၇၊ ၈ လမ်းဆုံ၌ စတစ်ကာကမ်ပိန်းအား ဆက်လက်ပြုလုပ်မည်ဖြစ်သည်။

**ရဲခေါင်ညွှန့်**

ဗိုလ်မှူးကြီးဗထူးနှစ် ၁၀၀ ပြည့် ဂုဏ်ပြုဆောင်းပါး

# ဗထူးဂုဏ်ရည်မြင့်မားတည် ကမ္ဘာတည်သရွေ့မြဲခိုင်ကျည် ဦးညွတ်အလေးပြုပါသည်

## ဆောင်းပါး - တာရာ၊ ဓာတ်ပုံ - အင်တာနက်

**“တူယှဉ်ကာလေတကယ်ပဲ အစွမ်းပြချင်တယ်×× ဗမာ့သတ္တိ ကမ္ဘာကသိအောင် ငါတို့တိုက်ခိုက်မယ်×× သေပေစေတို့ အသက်ကိုဖက်ရှက်မှတ်ပါတယ်×× တောတောင် အထပ်ထပ် ချီတက်တိုက်ခိုက်မယ်×× မိုးတွေကလည်းမစဲဘဲ ရွာသွန်းတယ်×× မြစ်ချောင်းအင်းအိုင် ရေတွေပြည့်လို့ ငါတို့တိုက်ရတယ်×× ဘယ်မှာလဲအိပ်ရတယ် ရှိလိမ့်မယ်×× အမြဲတမ်းချီတက်လို့သာ တိုက်ခိုက်နေရတယ်×× စစ်မြေပြင်မှာလည်းမစဲဘဲ ပစ်ခတ်တယ်×× ကျည်ဆန်များဟာ တဖွဲဖွဲနဲ့ ရွာသွန်းမိုးသို့နှယ်×× တို့ဗိုလ်က ဓားကိုဆွဲလို့ ရှေ့ကတက်ပါတယ်×× ဘယ်မှာကြောက်စိတ်ရှိမလဲ ငါတို့ စစ်သားရယ်”**ဆိုသည့် မြန်မာ့တပ်မတော်၏ ဂန္ထဝင်စစ်ချီတေးသီချင်းကဲ့သို့ပင် ဗမာ့လွတ်လပ်ရေးအတွက် အသက်ကိုပင် မငဲ့ကွက်ဘဲ စွန့်လွှတ်စွန့်စားခဲ့သည့် မြန်မာ့သူရဲကောင်း ဗိုလ်မှူးကြီးဗထူး၏ အမည်ကလည်း ပစ္စက္ခတိုင် ပြောထုံးဖြစ်အောင် သမိုင်းတွင် ကျန်ရစ်နေခဲ့သည်။

ဗိုလ်မှူးကြီးဗထူးကို ၁၉၁၆ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် လေးသွန်းခံရွာမှ တောင်သူ ဦးဘထွန်းနှင့် ဒေါ်စိန်မြရင်တို့က ဖွားမြင်သည်။ မွေးချင်းငါးယောက်အနက် တတိယမြောက်သားဖြစ်သည်။

ကိုဗထူးသည် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ မဝင်မီက ထားဝယ်မြို့နယ်ရှိ ဟိန္ဒားသတ္တုတွင်း၌ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ သတ္တုတွင်းမန်နေဂျာ ဦးလွန်းပင်နှင့် ဒေါ်စိန်ချယ်တို့၏ သမီး မအုန်းတင်နှင့် အိမ်ထောင်ကျခဲ့ပြီး သားသမီးသုံးဦး ထွန်းကားခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)တပ်များ ထားဝယ်မြို့သို့ ချီတက်သိမ်းပိုက်ခဲ့သည့် ၁၉၄၂ ခုနှစ် ဇန်နဝါရီလတွင် ကိုဗထူးသည် တစ်လသားအရွယ် အငယ်ဆုံးသမီးလေးနှင့် မိသားစုကိုထားရစ်ခဲ့ပြီး ဘီအိုင်အေတပ်နှင့်အတူ လိုက်ပါသွားခဲ့သည်။

နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများတွင် ရှပ်ရှပ်ချွံချွံ တိုက်ပွဲဝင်ခဲ့သည့်အတွက် သာမန်အကြပ်ကလေးဘဝမှ ဗိုလ်မှူးကြီးအဆင့်သို့ အဆင့်ဆင့်တိုးမြှင့်ခံခဲ့ရသည်။

သူသည် ဖက်ဆစ်ဂျပန်များကို လက်ဦးမှုရယူ၍ ပထမဆုံးတော်လှန်တိုက်ခိုက်နိုင်ခဲ့သော မြန်မာ့တပ်မှူးကြီးတစ်ဦးလည်းဖြစ်သည်။ ဗိုလ်မှူးကြီးဗထူး၏ ရဲစွမ်းသတ္တိ၊ တိုက်ရည်ခိုက်ရည်၊ စစ်ဘက်ရေးရာစွမ်းဆောင်ရည်၊ ဦးဆောင်နိုင်မှု၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးကောင်းမွန်မှုတို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ရဲဘော်သုံးကျိပ်ဝင်များ၏ လေးစားတန်ဖိုးထားခံခဲ့ရသူတစ်ဦးလည်းဖြစ်သည်။

၁၉၄၄ ခုနှစ် ဇန်နဝါရီလတွင် ဗိုလ်မှူးကြီးဗထူးသည် စက်မှုလက်မှုတပ်ရင်း(၁)ကို ဦးစီးကွပ်ကဲအုပ်ချုပ်ခဲ့စဉ်အတွင်း “ငါတို့တပ်ရင်းတာဝန်က စက်မှုလက်မှု ပညာရပ်တွေကို ပထမသင်ကြားကြရမယ်၊ အဲဒီပညာရပ်တွေကို တတ်မြောက်ပြီးတာနဲ့ စစ်မြေပြင်ကို ချီတက်ထွက်ခွာပြီး ရန်သူမှန်သမျှကို သုတ်သင်ချေမှုန်းရမယ်။ ဒို့ရည်မှန်းချက်ဖြစ်တဲ့ လွတ်လပ်ရေးကို မရရအောင်ယူမယ်။ တကယ့်အချုပ်အခြာအာဏာပိုင်ဆိုင်ခွင့်ရတဲ့ လွတ်လပ်ရေးမျိုးကို အရ တိုက်ယူရမယ်။ ဒါဟာ ငါတို့ရဲ့အဓိကတာဝန်ပဲမှတ်ကြပါ”ဟု ၎င်း၏ တပ်သားများကို မှာကြားခဲ့သည်။ သူ၏စကားသည် ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲတွင် တိုက်ပွဲဝင်ရဲဘော်များအတွက် ဇာတိသွေးဇာတိမာန်ထက်သန်စေသော ဂန္ထဝင်စကားဖြစ်ခဲ့သည်။

တိုင်းပြည်လွတ်လပ်ရေးအတွက် ဖက်ဆစ်တို့ကို တော်လှန်ရေးဆင်နွှဲရန် ပြင်ဆင်နေသည့်ကာလတွင် ဘယ်သူ့အုပ်ချုပ်မှု၊ ကျွန်ပြုမှုကိုမှ မခံဘဲ ရအောင်တိုက်ယူကြရန် တက်ကြွနိုးကြားနေချိန်တွင် ဗိုလ်မှူးကြီးဗထူး၏ အမှာစကားက တပ်မတော်တစ်ရပ်လုံးနှင့် ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲဝင်မည့် ပြည်သူများအတွက် မီးခဲပြာဖုံးစိတ်ဓာတ်ကို တပ်လှန့်နှိုးဆော်နိုင်ခဲ့သည်။

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်မှုဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ ဖက်ဆစ်ဂျပန်များကို ဆန့်ကျင်တော်လှန်တိုက်ခိုက်ရန် ပြင်ဆင်ထားသော်လည်း မဟာမိတ်အင်္ဂလိပ်တပ်များ၏ ရခိုင်နှင့်ကချင်ပြည်နယ်တို့တွင် စစ်ရေးအခြေအနေပြောင်းလဲလာမှုများကြောင့် အထက်မြန်မာပြည်ဖက်ဆစ်တော်လှန်ရေးစစ်တိုင်း တာဝန်ခံ ဗိုလ်မှူးကြီးဗထူးသည် သတ်မှတ်ရက်ထက်စော၍ မတ်လ ၈ ရက်နေ့တွင် စတင်တော်လှန်တိုက်ခိုက်ခဲ့ရသည်။

ထိုသို့ စတင်တော်လှန်တိုက်ခိုက်ရချိန်တွင် ဖက်ဆစ်တော်လှန်ရေးအတွက် ပြင်ဆင်နေသည့် ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)နှင့် ဖက်ဆစ်တော်လှန်ရေးတပ်သားများအတွက် အခက်အခဲမရှိစေရန် ဗိုလ်မှူးကြီးဗထူးအနေဖြင့် ဖက်ဆစ်ဂျပန်နှင့် ဘီဒီအေတို့ကို ဆန့်ကျင်တော်လှန်တိုက်ခိုက်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ထိုကြေညာချက်ကြောင့်ပင် မြန်မာနိုင်ငံ၏ ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ကမ္ဘာ့စစ်ရာဇဝင်တွင် တစ်နိုင်ငံလုံး လွတ်လပ်ရေးအတွက် ဖက်ဆစ်ဆန့်ကျင်ရေး ပြောက်ကျားတော်လှန်မှု သမိုင်းမော်ကွန်းကို ရေးထိုးနိုင်ခဲ့သည်။



ဗိုလ်မှူးကြီးဗထူး၏ စစ်ရေးစွမ်းရည်နှင့် သေနင်္ဂဗျူဟာကျွမ်းကျင်မှုတို့ကြောင့် မတ်လ ၈ ရက်နေ့မှ ၁၂ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် တိုက်ပွဲကြီးငယ် ၂၀ ခု ဆင်နွှဲခဲ့ပြီး အဆိုပါဒေသများရှိ ဂျပန်တပ်မများကို မောင်းထုတ်နိုင်ခဲ့သည့်အပြင် မြန်မာပြည်အလယ်ပိုင်းခံစစ်ပြင်ဆင်၍ မဟာမိတ်တပ်များအား တားဆီးရန်အကြံကို ဂျပန်တို့ စွန့်လွှတ်ခဲ့ရသည်။

ထိုကဲ့သို့ မြန်မာ့လွတ်လပ်ရေးအတွက် ဘဝကိုမြှုပ်နှံကာ အိုးပစ်အိမ်ပစ်၊ သားပစ်မယားပစ် ဖက်ဆစ်တို့ကို စစ်မျက်နှာဖွင့်ခဲ့သော်လည်း ၁၉၄၅ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် ရွာငံမြို့နယ် တဲ့လုစခန်း၌ ငှက်ဖျားရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

ကွယ်လွန်ခါနီးတွင် **‘ငါတော့ရေတိမ်နစ်တော့မယ်ကွာ။ ဗိုလ်ချုပ်အောင်ဆန်းဆီ ဆက်သားအမြန်လွှတ်ပါ။ ငါမရှိတော့ရင် ကျန်တဲ့ဗိုလ်တွေကဦးဆောင်ပြီး ဂျပန်တပ်တွေကို အနိုင်တိုက်ပါ’**ဟူ၍ နောက်ဆုံးမှာကြားချက်ကို လေသံဖျော့ဖျော့ဖြင့် မှာကြားခဲ့ပါသေးသည်။

ဗိုလ်မှူးကြီးဗထူးကျဆုံးနေ့ရက်နှင့်စပ်လျဉ်း၍ ဇွန် ၂ ရက်နှင့် ဇွန် ၂၀ ရက် ဟူ၍ ဝိဝါဒကွဲလွဲမှုများရှိရာ တပ်မတော်မော်ကွန်းတိုက်၏ ၁၉၅၉ ခုနှစ်ထုတ် တပ်မတော်နေ့စာစောင်တွင် “ဗိုလ်မှူးဗထူးနှင့်ဗိုလ်ရဲခေါင်တို့သည် အလူးအလဲဖျားကြသည်။ တယ်လူးရွာတွင် ဗိုလ်မှူးဗထူးနှင့် ဗိုလ်ရဲခေါင်တို့ကို ဆေးမှူးကြီးစောနောင်ခန့်နှင့် ကုသသည်။ ကလူးကို့စ်ထိုးဆေးတစ်လုံးရှိသည်ကို ဗိုလ်မှူးဗထူးက ဗိုလ်ရဲခေါင်အား ထိုးစေသည်။ ၎င်းကိုယ်တိုင် ဤဆေးထိုးရန် လိုအပ်ပါလျက် မထိုးဘဲ ဗိုလ်ရဲခေါင်အား ထိုးစေခဲ့သည်။ ဇွန်လ ၂၀ ရက်နေ့တွင် တယ်လူးရွာစခန်း၌ ဗိုလ်မှူးဗထူး အဖျားနှင့် ကျဆုံးရရှာသည်”ဟု ဖော်ပြထားသည်။

ဗိုလ်မှူးကြီးဗထူး ရေတိမ်နစ်ခဲ့ရခြင်းအပေါ် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက “ဗိုလ်မှူးဗထူးသည် နာမည်နှင့်လိုက်အောင် ထူးသည့်သူဖြစ်သည်။ အကယ်၍ ၎င်းသာ ဆက်လက်ရှိနေသေးပါမူ ရှေ့တက်လမ်းများစွာ ရှိသည်ဟု ကျွန်ုပ်ယုံကြည်မိပါသည်။ သူသည် အကျင့်သိက္ခာရှိ၏၊ ဉာဏ်ရှိ၏၊ သတ္တိရှိ၏၊ ဝီရိယရှိ၏၊ သူ့ကိုကောင်းစွာ မြေတောင်မြှောက်ပေးလျှင် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်လွှားတွင်ပါ ကျော်ကြားသည့် စစ်ခေါင်းဆောင်စစ်သူရဲဖြစ်နိုင်၏။ သူသည် နိုင်ငံရေးဘက်တွင် များစွာအတွေ့အကြုံမရှိသေးလင့်ကစား သူ့တွင် နိုင်ငံရေးသန္ဓေဉာဏ်ရှိသည်ဟု ကျွန်ုပ်ယူဆသည်”ဟု ချီးကျူးပြောကြားခဲ့သည်။

နိုင်ငံနှင့် လူမျိုးအတွက် ကိုယ်ကျိုးမဖက် ဇွဲသတ္တိအပြည့် ရှပ်ရှပ်ချွံချွံတိုက်ပွဲဝင်ရင်း မထင်မရှားကွယ်လွန်ခဲ့ရှာသည့် မြန်မာမျိုးချစ်သူရဲကောင်း ဗိုလ်မှူးကြီးဗထူးကို ဂုဏ်ပြုသောအားဖြင့် ရပ်စောက်မြို့မြောက်ဘက် တစ်မိုင်ခန့်အကွာတွင် ဗထူးတပ်မြို့ဟူ၍ ဂုဏ်ပြုခေါ်ဝေါ်ခဲ့သည်။ ဗိုလ်မှူးဗထူးလမ်း၊ ဗိုလ်မှူးဗထူးဈေး၊ ဗိုလ်မှူးဗထူး တန်ဖိုးမျှအိမ်ရာ၊ ဗထူးအားကစားကွင်းစသဖြင့်လည်း အမည်တွင်စေခဲ့သလို အချိန်ကျတိုင်းလည်း ဂုဏ်ပြုအခမ်းအနားများကို ပြုလုပ်ပေးခဲ့သည်။

၁၉၁၆ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် မွေးဖွားခဲ့သော ဗိုလ်မှူးကြီးဗထူးသည် ဇူလိုင် ၁၂ ရက်တွင် အသက် ၁၀၀ ပြည့်မည်ဖြစ်ရာ ရာပြည့်ပွဲတော်ကျင်းပရန် စီစဉ်လျက်ရှိသည်။

ဗိုလ်မှူးကြီးဗထူး၏ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ဗိုလ်မှူးကြီးဗထူး နှစ် ၁၀၀ ပြည့် သမိုင်းမော်ကွန်း စာမျက်နှာများစာအုပ်ကိုလည်း ထုတ်ဝေခဲ့ရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က “ဗိုလ်မှူးကြီးဗထူးကား လူပင်သေသော်လည်း နာမည်ကား မသေသူဖြစ်သည်။ ယနေ့ကျရောက်သည့် ဗိုလ်မှူးကြီးဗထူး၏ နှစ် ၁၀၀ ပြည့်သည် နိုင်ငံတော်အသွင်ကူးပြောင်းရေးကာလ အစအဦးနှင့်လည်း ထူးထူးခြားခြား




တိုက်ဆိုင်လျက်ရှိသည်” အစရှိသဖြင့် အဆိုပါစာအုပ်တွင် သဝဏ်လွှာအဖြစ် ဖော်ပြထားသည်။

ထို့အတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း “ဗိုလ်မှူးကြီးဗထူးကျဆုံးခဲ့တဲ့ ရွာငံမြို့နယ် တဲ့လုရွာတွင်ပြုလုပ်မည့် အထိမ်းအမှတ်အခမ်းအနားတွေကို မလာရောက်နိုင်ပေမယ့် ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလမှာ ကျဆုံးသွားသူတွေအားလုံးကို ဂုဏ်ပြုပါကြောင်း အလေးအနက်ပြောကြားလိုပါတယ်။ ဗိုလ်မှူးကြီးဗထူးလို လူသိထင်ရှားကွယ်လွန်ခဲ့သူတွေရှိသလို မှတ်တမ်းမတင် မော်ကွန်းမဝင်ဘဲ ကျဆုံးခဲ့ရသူတွေလည်း အများကြီးရှိကြမှာပါ။ ဇူလိုင်လ ၁၂ ရက်နေ့မှာပြုလုပ်မယ့်ပွဲက သူတို့အားလုံးအတွက်လည်း အထိမ်းအမှတ်ဖြစ်စေမယ်လို့ ယုံကြည်ပါတယ်” စသဖြင့် အဆိုပါစာအုပ်တွင်သဝဏ်လွှာအဖြစ် ဖော်ပြထားသည်။

ဗိုလ်မှူးကြီးဗထူး နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်ဖြစ်မြောက်ရေးဗဟိုကော်မတီနာယက၊ ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ လူထုဆက်ဆံရေးနှင့် လူ့အခွင့်အရေးဌာနတာဝန်ခံ ဦးဂျင်မီက “ဗိုလ်မှူးဗထူးဆိုတာ လွတ်လပ်ရေးကြိုးပမ်းမှုအတွက် အသက်ကို ပေးဆပ်ပြီး ရှပ်ရှပ်ချွံချွံတိုက်ပွဲဝင်သွားသူတစ်ဦးလည်း ဖြစ်ပါတယ်။ ဖက်ဆစ်တော်လှန်ရေးမှာ မထင်မရှားကျဆုံးသွားတဲ့ အညတရ ရဲဘော်တွေကို ဗိုလ်မှူးဗထူးနဲ့အတူ ဂုဏ်ပြုတာလည်းဖြစ်ပါတယ်”ဟု ပြောသည်။

ဇူလိုင်လ ၁၀ ရက်နေ့တွင် ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံရွာတွင် စာပေဟောပြောပွဲ၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် ဗိုလ်မှူးကြီးဗထူးကြေးရုပ်ဖွင့်ပွဲနှင့် ရင်ပြင်ဖွင့်ပွဲကိုလည်းကောင်း၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ဗိုလ်မှူးကြီးဗထူး ခေါင်းချသွားခဲ့ရာ ရွာငံမြို့နယ် တဲ့လုရွာ၌ အထိမ်းအမှတ်ကျောက်တိုင်ဖွင့်ပွဲကိုလည်းကောင်း ကျင်းပမည်ဖြစ်သည်။

ထားဝယ်သား အာဇာနည် ဗမာ့လွတ်လပ်ရေးသူရဲကောင်း ဗိုလ်မှူးကြီးဗထူးအား ဂုဏ်ပြုသောအားဖြင့် အလေးပြုခြင်း၊ သံဃာတော်အပါး ၁၀၀ ဆွမ်းကျွေးခြင်း၊ စေတနာရှင် ၁၀၀ တို့ကလည်း စုပေါင်း၍သွေးလှူဒါန်းကြခြင်း၊ ပရိတ်တရားတော်နာယူခြင်း၊ ထားဝယ်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်း ခင်းကျင်းပြသခြင်း၊ ထားဝယ်တိုင်းရင်းသားရိုးရာအကဖြင့် ဖျော်ဖြေခြင်း၊ ထားဝယ်တိုင်းရင်းသားရိုးရာအစားအစာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ ဗိုလ်မှူးကြီးဗထူးရုပ်တုစိုက်ထူခြင်း၊ ဗိုလ်မှူးကြီးဗထူးဖောင်ဒေးရှင်းထူထောင်ခြင်း၊ ဗိုလ်မှူးကြီးဗထူး၏ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ရာပြည့်မော်ကွန်းမဂ္ဂဇင်းထုတ်ဝေခြင်း စသဖြင့် ရာပြည့်ပွဲတော်ကျင်းပမည်ဖြစ်သည်။

တိုင်းပြည်လွတ်လပ်ရေးအတွက် ဖက်ဆစ်ဆန့်ကျင်ရေးခေါင်းဆောင်ကောင်း တစ်ဦးအဖြစ် သမိုင်းမော်ကွန်းတွင်ခဲ့သူ ဗိုလ်မှူးကြီးဗထူးကို ဤဆောင်းပါးဖြင့် ဦးညွှတ်ဂါရဝ ဂုဏ်ပြုလိုက်ရပါတော့သည်။

**ကိုးကား။ ။ ဗိုလ်မှူးကြီးဗထူးနှစ် ၁၀၀ ပြည့် သမိုင်းမော်ကွန်း စာမျက်နှာများ**

**၁၉၅၉ ခုနှစ်ထုတ် တပ်မတော်နေ့စာစောင်**

**ဗိုလ်မှူးကြီးဗထူး၏ စစ်ရေးစွမ်းရည်နှင့် သေနင်္ဂဗျူဟာကျွမ်းကျင်မှုတို့ကြောင့် မတ်လ ၈ ရက်နေ့မှ ၁၂ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် တိုက်ပွဲကြီးငယ် ၂၀ ခု ဆင်နွှဲခဲ့ပြီး အဆိုပါဒေသများရှိ ဂျပန်တပ်မများကို မောင်းထုတ်နိုင်ခဲ့သည့်အပြင် မြန်မာပြည်အလယ်ပိုင်း ခံစစ်ပြင်ဆင်၍ မဟာမိတ်တပ်များအား တားဆီးရန်အကြံကို ဂျပန်တို့ စွန့်လွှတ်ခဲ့ရ**

## ချင်းတွင်းမြစ်ရေတက်မှုကြောင့် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ သတိပြုနေထိုင်ရန် အကြံပြု

**နေပြည်တော် ဇူလိုင် ၉**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့၌ နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ အဆိုပါမြစ်ရေသည် မော်လိုက်မြို့၌ သုံးပေခန့်၊ ကလေးဝမြို့၊ မင်းကင်းမြို့နှင့် ကနီမြို့တို့၌ ပေဝက်ခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း မော်လိုက်မြို့၌ တစ်ပေခွဲခန့်၊ နောက်နှစ်ရက်အတွင်း ကလေးဝမြို့၊ မင်းကင်းမြို့နှင့် ကနီမြို့တို့၌ နှစ်ပေခန့်စီ ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။ ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

✪ *ကျောဖုံးမှ*

ထို့ပြင် ဒုတိယသမ္မတက မြေယာစီမံခန့်ခွဲမှုသည် ပြည်သူများ၏ လူမှုစီးပွားမြှင့်တင်ရေးနှင့် တိုက်ရိုက်ဆက်စပ်ပတ်သက်နေသည့်အတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း မှန်ကန်စွာ လုပ်ဆောင်ပေးရန်ဖြစ်ကြောင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်လည်း ညီညွတ်ရန်လိုအပ်သကဲ့သို့ ကရုဏာနှင့်ယှဉ်သည့် တရားမျှတမှုလည်း ဖြစ်ရန်လိုကြောင်း၊ ထို့ပြင် အဂတိတရားလည်း ကင်းစင်ရန်လိုအပ်ကြောင်း၊ လယ်ယာမြေများ လက်ဝယ်ပြန်လည်ရရှိပြီဖြစ်ကြသည့် တောင်သူများအနေဖြင့်လည်း မိမိတို့တစ်ကိုယ်ရေ တစ်မိသားစု ဝမ်းစာဖူလုံရေးမှ နိုင်ငံ့စီးပွားတိုးတက်မှုကို အထောက်အကူပြုနိုင်သည့် ကုန်ထုတ်လယ်ယာမြေများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဦးဇော်မင်းအောင်က မူလတောင်သူများထံ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃)များ ပေးအပ်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းတို့က ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃)များကို တောင်သူများထံ လွှဲပြောင်းပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒေါက်တာဝင်းမြတ်အေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်တို့နှင့်အတူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ပြည်သူ့ဝန်ဆောင်မှုရုံးသို့ရောက်ရှိပြီး ဌာနဆိုင်ရာ ၁၃ ခုမှ လာရောက် ဝန်ဆောင်မှုပေးနေသည့် လုပ်ငန်း ၂၅ ခုကို ကြည့်ရှုလေ့လာသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အတူ မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ်ရှိ ချင်းတွင်းမြစ်ရေဘေးကာကွယ်ရေးတာ မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်အစီအမံနှင့် မုံရွာမြို့ ကမ်းနားလမ်းကျောက်စီတာရိုးအားဖြည့်ခြင်းလုပ်ငန်း၊ ထပ်ပိုးကျောက်စီနံရံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရန်ပုံငွေရရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ချင်းတွင်းမြစ်ရေဘေးကာကွယ်ရေး တာတမံသည် မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ်အတွင်း လူနေအိမ်များ၊ လယ်ယာမြေများ ရေလွှမ်းမိုးမှုကြောင့် လူမှုရေး၊ စီးပွားရေး ပျက်စီးဆုံးရှုံးမှုများကို ကာကွယ်ထားသည့် အရေးကြီးသော တာတမံဖြစ်သည်။ ယင်းတာတမံကို ၁၉၆၄ ခုနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ချင်းတွင်းမြစ်၏ ရေကြီးရေလျှံမှုကြောင့် စိုးရိမ်ရေမှတ်အောက် ရောက်ရှိနေသည့် မုံရွာမြို့ပေါ် ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာပေါင်း ၁၁ ရွာနှင့် ချောင်းဦးမြို့နယ်အတွင်းရှိ ကျေးရွာ ကိုးရွာကို ရေဘေးကာကွယ်နိုင်ရန်၊ မုံရွာမြို့နယ်အတွင်းရှိ လယ်မြေဧက ၅၁၅၄ ဧကနှင့် ချောင်းဦးမြို့နယ်ရှိ လယ်မြေဧက ၂၇၄၇၄ ဧကအား ရေကြီးချိန်တွင် ရေနစ်မြုပ်မှုမှ ကာကွယ်ရန်နှင့် ရေလိုအပ်ချိန်တွင် ရေတံခါးမှ ထိန်းညှိ၍ ရေပေးသွင်းနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ကြောင်း သိရသည်။

ညနေပိုင်းတွင် မုံရွာမြို့ ပြည်သူ့ဝန်ဆောင်မှုရုံး O e o o ရုံး၌ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုလေ့လာပြီး မုံရွာမြို့ လယ်ဗင်စံပြကျေးရွာပြည်သူများအား မြေငှားဂရန်စာချုပ်များ ပေးအပ်ခဲ့သည်။

**(သတင်းစဉ်)**



**စွန့်လွှတ်မြေများအား ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ်များ တောင်သူများထံ လွှဲပြောင်းပေးအပ်ပွဲတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမှာစကားပြောကြားစဉ်**

❍ *ကျောဖုံးမှ*

လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးကိုယ်တိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ကျွန်တော်တို့ကို ညွှန်ကြားတာရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီညွှန်ကြားချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သန်လျင်တံတားမှာ အရင်က ၃၆ တန် ကုန်တင်ယာဉ်တွေကို ခွင့်ပြုခဲ့ပါတယ်။ အခုအခါမှာတော့ ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းမှုတစ်ရပ်အဖြစ် ၂၅ တန်အောက် ကုန်တင်ယာဉ်တွေကိုသာ ခွင့်ပြုတော့မှာဖြစ်ပါတယ်။ ၂၅ တန်အထက် ကုန်တင်ယာဉ်တွေအနေနဲ့ ရန်ကုန်-သန်လျင်တံတားအမှတ်(၂) (ကုလားဝဲတံတား)ကနေ ဖြတ်သန်းရမှာ ဖြစ်ပါတယ်”ဟု ဒုတိယရဲမှူးကြီး အောင်ကိုဦးက လမ်း ၅၀ ယာဉ်ထိန်းရုံး၌ ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲ၌ သတင်းထောက်များအား ပြောသည်။

ထို့အပြင် သန်လျင်တံတား တန်ပိုဂိတ်ကိုလည်း ကုလားဝဲတံတားသို့ ပြောင်းရွှေ့ရမည်ဖြစ်ကြောင်း၊ သန်လျင်တံတား မြို့ဝင်ကြေးဂိတ် သန်လျင်ဘက်ခြမ်းရှိ ယခင် ပိတောက်ရွှေဝါဟိုတယ်ရှေ့သို့ ပြောင်းရွှေ့ရမည်ဖြစ်ကြောင်း၊ သန်လျင်တံတား သန်လျင်ဘက်ခြမ်း လမ်းများပျက်စီးနေမှုကို မြို့တော်စည်ပင် လမ်းတံတားမှလည်းကောင်း၊ သာကေတဘက်ခြမ်းတွင် အောင်နိုင်သူကုမ္ပဏီကလည်းကောင်း ပြုပြင်သွားရန်ဖြစ်ကြောင်း သိရသည်။

သန်လျင်တံတား စတားစီးတီး အဝင်အထွက်လမ်းသည် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားနိုင်၍ သီးခြားလမ်းဖောက်ရန်လည်း ညွှန်ကြားထားကြောင်း၊ စတားစီးတီးအဝင်ထိပ်လမ်းလမ်းလယ်ကျွန်းနှစ်ခုသို့ ကွန်ကရစ်ကပ်တုံးများ ချ၍ ပိတ်သွားမည်ဖြစ်ကြောင်း၊ သန်လျင်ဘက်ခြမ်းနှင့် သာကေတဘက်ခြမ်း လမ်းများပြုပြင်ရာတွင် မြို့တော်စည်ပင်နှင့် မြန်မာ့မီးရထားတို့မှ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သန်လျင်တံတားတွင် သန်လျင်ဘက်ခြမ်းနှင့် သာကေတဘက်ခြမ်းတို့၌ ယာဉ်ထိန်းတပ်ဖွဲ့များ တိုးချဲ့ချထားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၏ ညွှန်ကြားချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

## အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာကော်မတီ၏ (၆၄)ကြိမ်မြောက် အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဇူလိုင် ၉**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဇူလိုင် ၇ ရက်က ကျင်းပသည့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာကော်မတီ C ၏ (၆၄)ကြိမ်မြောက် အစည်းအဝေးသို့ ဂျီနီဗာမြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမောင်ဝေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံမှ တင်သွင်းခဲ့သည့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက် အစီရင်ခံစာအပေါ် ဆွေးနွေးသုံးသပ်ခဲ့ကြသည်။

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေး၊ အမျိုးသားလွှတ်တော်မှ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ အတွင်းရေးမှူး ဒေါ်နော်လှလှစိုးအပါအဝင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးပွဲတွင် စာချုပ်ပါ r e 1 မှ 16 အထိ ပြဋ္ဌာန်းချက်များအပေါ် မြန်မာနိုင်ငံက ဥပဒေ၊ မူဝါဒနှင့် အခြားအရေးယူဆောင်ရွက်မှုများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို မြန်မာကိုယ်စားလှယ်အဖွဲ့က ဆွေးနွေးပြောကြားခဲ့ကြကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## တရုတ်ငွေဈေးကျမှုကြောင့် ပဲတီစိမ်းဈေး တစ်နေ့တည်းတစ်သောင်းနှုန်းကျဆင်း

**မန္တလေး ဇူလိုင် ၉**

တရုတ်ယွမ်ဈေးနှုန်းများ စံချိန်တင်အနိမ့်ဆုံးသို့ လျော့ကျသွားသဖြင့် မန္တလေးပဲဈေးကွက်တွင် ပဲတီစိမ်းဈေးနှုန်းမှာလည်း တစ်နေ့တည်း မူလပေါက်ဈေးထက် တစ်သောင်းနှုန်းအထိ ထူးခြားစွာ ကျဆင်းသွားကြောင်း သိရသည်။

တရုတ်ယွမ် လဲလှယ်နှုန်းသည် ဆက်တိုက်ကျဆင်းလာပြီး ဇူလိုင် ၉ ရက်တွင် မန္တလေးပဲဈေးကွက်ရှိ ပဲတီစိမ်းထိပ်စမှာလည်း ယခင်တစ်ပတ်က သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၀ နှုန်းရှိရာမှ ဇူလိုင် ၉ ရက် နံနက်ပိုင်းတွင် ငွေကျပ် ၈၇၀၀၀ နှုန်းအထိ ဈေးအဆမတန် လျော့ကျ၍ ဝယ်ယူမှုများရှိကြောင်း မန္တလေး ပဲဈေးကွက်မှ ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောကြားသည်။

“တရုတ်ငွေဈေးက အဆမတန်ကျလာတော့ သူတို့ငွေဈေးနဲ့ ကိုက်အောင် ကျွန်တော်တို့ပဲတွေကို ဈေးချပြီး ဝယ်ယူလာကြတယ်။ ဒါပေမယ့် သူတို့ဆီက တင်သွင်းလာတဲ့ လူသုံးကုန်ပစ္စည်းတွေကတော့ ဈေးမကျဘဲ မူလဈေးနဲ့ ရောင်းနေတာ တွေ့ရတယ်။ ဖြစ်သင့်တာက ကျွန်တော်တို့ပဲတွေကို ဈေးချဝယ်သလို သူတို့ရဲ့သွင်းကုန်တွေကိုလည်း ဈေးချပြီး ရောင်းပေးသင့်တာပေါ့။ ဒါဟာစီးပွားရေးဈေးကွက်ကို တစ်ဖက်စောင်းနင်းဖြစ်နေတယ်” ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးအချက်အချာကျရာ မန္တလေးမြို့၏ ဈေးကွက်တစ်ခုဖြစ်သော မန္တလေးဈေးချိုတွင် တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းဖြန့်ချိနေသည့် လူသုံးကုန်၊ အိမ်သုံးကုန်ပစ္စည်းများမှာ ဈေးကျဆင်းမှုမရှိသော်လည်း ယင်းနိုင်ငံသို့ အဓိကပို့ကုန်ဖြစ်သည့် ပဲတီစိမ်းဈေးနှုန်းများမှာ မန္တလေးပဲဈေးကွက်တွင် ဈေးနှုန်းများကျဆင်းလျက်ရှိနေသော်လည်း မြန်မာငွေကြေးမှာ လက်ရှိအချိန်တွင် ခိုင်မာစွာ ရပ်တည်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## လမ်းဘေးတွင် သတိမေ့လဲနေသူမိခင်နှင့် သမီးငယ်တို့အား ရဲတပ်ဖွဲ့က စောင့်ရှောက်၍ အိမ်တိုင်ရာရောက် ပို့ဆောင်ကူညီ

**ရန်ကုန် ဇူလိုင် ၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ (၉၄)ရပ်ကွက် ကျွန်းရွှေဝါလမ်းနှင့် ပိတောက်လမ်းထောင့်၌ ဇူလိုင် ၇ ရက် ည ၈ နာရီခန့်က အမျိုးသမီးတစ်ဦးလဲကျနေပြီး ကလေးငယ်တစ်ဦးလည်းပါရှိကြောင်း ပြည်သူတစ်ဦးက တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးရှိ ၁၉၉ ဖုန်းသတင်းလက်ခံရာဌာန C Ce er သို့ ဖုန်းဖြင့် သတင်းပို့ခဲ့သဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်းတပ်ဖွဲ့ဝင်များက ချက်ချင်းသွားရောက်ခဲ့ပြီး လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကာ အိမ်တိုင်ရာရောက် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

သန်လျင်မြို့နယ် အောင်ချမ်းသာ အောက်ချိုင့်နေ မသွယ်သွယ်မြင့်သည် ယင်းနေ့ ညနေ ၅ နာရီခန့်က ၎င်း၏မိခင်ဖြစ်သူနှင့်အတူ သာကေတမြို့နယ် ဝက်စုကားမှတ်တိုင်သို့ လာရောက်ခဲ့ရာမှ လူချင်းကွဲကာ ၎င်းနှင့် သမီးငယ်တို့မှာ အမှတ်(၅၇)ယာဉ်လိုင်း ခရီးသည်တင်ယာဉ်ကို မှားစီးမိခဲ့သဖြင့် အဆိုပါနေရာသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းနေရာသို့ ရောက်ရှိချိန် မိုးမိ၍ မိုးခိုနေစဉ် မသွယ်သွယ်မြင့်မှာ အတက်ရောဂါဖြစ်ပေါ်ကာ သတိမေ့လဲကျသွားခြင်းဖြစ်ပြီး ၎င်းတို့သားအမိကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပြီး သန်လျင်မြို့နယ်ရှိ ၎င်း၏နေအိမ်သို့ လိုက်ပါပို့ဆောင်ကာ မိသားစုထံကောင်းမွန်စွာ အပ်နှံပေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## အဝီစိတွင်းတူးဖော်ရာမှ သဘာဝဓာတ်ငွေ့များ ထွက်ရှိ

**ပုသိမ် ဇူလိုင် ၉**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် တလုပ်ကုန်းကျေးရွာအုပ်စု ဆောက်တစ်လုံးကျေးရွာနေ ဦးတင်ထွန်း၏ နေအိမ်ခြံဝင်းအတွင်း၌ ဇွန် ၂၈ ရက်က နှစ်လက်မ အဝီစိတွင်းတူးဖော်ခဲ့ရာ ပေ ၄၆၀ ခန့်အရောက်တွင် သဘာဝဓာတ်ငွေ့များထွက်ရှိကြောင်း သိရသည်။ ဇူလိုင် ၈ ရက် မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဒေါ်ခင်မိုးဝါနှင့် ဦးအောင်အောင်ဦးတို့ရောက်ရှိလာပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအုန်းမောင်နှင့်အတူ အဝီစိတွင်းကို မီးရှို့စမ်းသပ်ရာ မီးတောက်မှာ ၁၀ ပေခန့်မြင့်တက်ပြီး တစ်မိနစ်ခန့်လောင်ကျွမ်းခဲ့သည်။ အဆိုပါပိုက်၏ထိပ်ဝကို အဝတ်စများဖြင့် ပိတ်ဆို့စေပြီး သက်ဆိုင်ရာသို့ ဆက်လက်တင်ပြမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်မြင့်**

# ရခိုင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်

**အမ်း ဇူလိုင် ၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညိုပု ဦးဆောင်သော ပြည်နယ်အစိုးရအဖွဲ့သည် ဇူလိုင် ၈ ရက် မွန်းလွဲ ၂ နာရီက အမ်းမြို့နယ်သို့ရောက်ရှိပြီး ကဇုကိုင်းကျေးရွာ ဘုန်းတော်ကြီး ကျောင်းမွေ့ ရုံ၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူက ရေကြီးနစ်မြုပ်မှု အခြေအနေကိုတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်လင်းဒွေးနှင့် ကျောက်ဖြူခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ခိုင်တို့က ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများကို အမ်းမြို့နယ်အတွင်း ရေဘေးသင့်ကျေးရွာ ၁၆ ရွာမှ အိမ်ခြေ ၁၁၃၈ အိမ်၊ အိမ်ထောင်စု ၁၂၆၇ စု လူဦးရေ ၄၆၅၉ ဦးတို့အတွက် ပြည်နယ်အစိုးရအဖွဲ့က ဆန်အိတ် ၂၀၀၊ ရေသန့်ဘူးခြောက်လုံးပါ တစ်အိမ်ထောင် တစ်ကတ်နှုန်း၊ ခေါက်ဆွဲထုပ် ၁၀ ထုပ်ပါ တစ်အိမ်ထောင်လျှင် တစ်ပါကင်နှုန်းဖြင့်လည်းကောင်း၊ ကျောက်ဖြူခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက တစ်ဦးလျှင် ခေါက်ဆွဲထုပ်ခြောက်ထုပ်၊ ရေသန့်ဘူးသုံးဘူး၊ ကြက်ဥခြောက်လုံးနှုန်းတို့ဖြင့် ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစံကျော်လှ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့သည် ဇူလိုင် ၈ ရက်က ကျောက်တော်မြို့နယ် မဟာမြတ်မုနိဘုရားရင်ပြင်ပေါ်တွင် ရေကြီးမှုကြောင့် ခေတ္တခိုလှုံနေကြသော ဒေသခံများအား အားပေးစကားပြောကြားပြီး ဆန်အိတ် ၅၀ ထောက်ပံ့ကူညီခဲ့သည်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့သည် မြောက်ဦးမြို့သို့ မွန်းလွဲ ၁ နာရီတွင်ရောက်ရှိပြီး မြောက်ဦးမြို့ ကြက်စျေးရပ်ကွက်ရှိ မူလတန်းလွန်ကျောင်း၌ ရေဘေးကြောင့် ခေတ္တခိုလှုံနေကြသော ဒေသခံများကိုလည်းကောင်း၊ သျှစ်သောင်းပရိယတ္တိစာသင်တိုက်တွင် ခေတ္တခိုလှုံနေကြသော ဒေသခံများကိုလည်းကောင်း၊ အခြေခံပညာ အထက်တန်းကျောင်း၌ ခေတ္တခိုလှုံနေကြသော ရေဘေးသင့်ပြည်သူများကိုလည်းကောင်း၊ လက်ကောက်စျေးဘုန်းကြီးကျောင်းရှိ ခေတ္တခိုလှုံနေကြသော ဒေသခံများကိုလည်းကောင်း သွားရောက်တွေ့ဆုံပြီး အားပေးစကားပြောကြားကာ ဆန်အိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန် / ဆက်)**



အမ်းမြို့နယ် ကဇုကိုင်းကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်

# မြို့နယ်သဘင်ပညာရှင်များ အစည်းအရုံးအဖွဲ့ဝင်အချို့တာဝန်ဆိုင်းငံ့မှုအား မကျေနပ်သဖြင့် ဆန္ဒထုတ်ဖော်



**ကျောက်ပန်းတောင်း ဇူလိုင် ၉**

မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)နှင့် မန္တလေးတိုင်းဒေသကြီး သဘင်ပညာရှင်များ အစည်းအရုံးတို့၏ ဆောင်ရွက်ချက်များအပေါ် ကျေနပ်မှုမရှိသဖြင့် ဥပဒေနှင့်အညီငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ပွဲကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆန္ဒထုတ်ဖော်မှုကို မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးဝင်များဖြစ်ကြသည့် ဦးမျိုးချစ်စိန်နှင့် ဦးပွင့်ဆန်းတို့က ဦးဆောင်ခဲ့ကြခြင်းဖြစ်ပြီး မြို့နယ်သဘင်ပညာရှင်များအတွင်း ဒီမိုကရေစီ၏ အနှစ်သာရအပြည့်အဝခံစားခွင့်ရရှိစေရန်နှင့် လက်ရှိမြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)နှင့် တိုင်းဒေသကြီး သဘင်ပညာရှင်များအစည်းအရုံးတို့မှ မြို့နယ်သဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးတို့၏ လုပ်ငန်းဆောင်ရွက်မှုများအား ဆိုင်းငံ့ထားခြင်းအပေါ် ကျေနပ်မှုမရှိသဖြင့် မိမိတို့၏လိုလားချက်ဆန္ဒအမှန်ကိုသိရှိကြစေရန် ယခုကဲ့သို့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ကြခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆန္ဒထုတ်ဖော်ပွဲတွင် ဆိုင်း၊ အငြိမ့်၊ ဇာတ်သဘင်၊ လူရွှင်တော်နှင့် ဘိသိက်သဘင်အနုပညာရှင် စုစုပေါင်း ၁၂၀ ခန့် ပါဝင်ကြပြီး နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် မြို့နယ်သဘင်အစည်းအရုံး ရုံးရှေ့သို့ ရောက်ရှိကြကာ အေးချမ်းစွာပြီးဆုံးခဲ့ကြောင်း သိရသည်။

**နေအောင်(ပြန် / ဆက်)**

# ဆောမြို့တွင် သန့်ရှင်းသောသောက်သုံးရေလိုအပ်သည့် အိမ်ထောင်စုများအတွက် ရေလှူဒါန်း

**ဆော ဇူလိုင် ၉**

ဂန့်ဂေါခရိုင် ဆောမြို့ရှိ လူနေအိမ်အချို့မှာ ပတ်ဝန်းကျင်တွင် ဖြတ်သန်းစီးဆင်းသည့် ဆောချောင်း၊ ချုပ်ချောင်းတို့၌ စမ်းတွင်းများတူးဖော်ကာ သောက်သုံးရေကို ခပ်ယူကြရပြီး မိုးများ၍ ချောင်းရေမြင့်တက်လာသည့်အခါတွင် စမ်းတွင်းတူးဖော်ရန် ခက်ခဲသည့်အတွက် သန့်ရှင်းသောသောက်သုံးရေအခက်အခဲဖြစ်သည့် အဆိုပါ အိမ်ထောင်စုများအတွက် အခက်အခဲမရှိစေရန် ယခုနှစ်တွင် သောက်သုံးရေလှူဒါန်းသူများ ရှိလာသည်။

ထိုသို့လှူဒါန်းရာတွင် သောက်သုံးရေအခက်အခဲဖြစ်သည့် အိမ်ထောင်စု ၅၅ စုမှ ပြည်သူများအတွက် သီရိရပ်ကွက်နေ ဦးရီရှော့နှင့်ဇနီး ဒေါ်ဝင်းမိသားစုက ဦးစိုးသိန်းနှင့် ဒေါ်ဌေးဌေးဝင်းတို့၏ အဝီစိစက်ရေတွင်းမှ ကားတစ်ခေါက်လျှင် ရေ ၂၇၅ ဂါလန်ကို ပန်းပဲကုန်း စာတိုက်ကုန်းတို့ရှိ သောက်သုံးရေအခက်အခဲရှိသော နေအိမ်များအရောက် တစ်ပတ်လျှင်သုံးရက်နှုန်းကားဖြင့် ပေးပို့လှူဒါန်းလျက်ရှိသည်။ အဆိုပါ ရေပေးပို့လှူဒါန်းခြင်းကို မိုးရာသီကုန်သည်အထိ ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း ရေအလှူရှင်များ၏ ပြောပြချက်အရ သိရသည်။

**(၁၀၁)**




၆-၇-၂၀၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး တရားရေးဌာနဝန်ထမ်းများ၏ သားသမီးများကို ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်စဉ်

ကိုလတ်

# သရက်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်

**သရက် ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီး သရက်မြို့ ရွှေဘုံသာ ရပ်ကွက်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၊ လူနေအိမ်အဆောက်အအုံများ၊ ကားဂိတ်များ၊ စားသောက်ဆိုင်များတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ကျန်းမာရေးဌာနနှင့်ပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရွှေဘုံသာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဌေးနှင့်အဖွဲ့ဝင်များ၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) သင်တန်းမှ ကျန်းမာရေးမှူးအဆင့်(၄) သင်တန်းသား၊ သင်တန်းသူ ၁၃ ဦးနှင့် သူနာပြုဆရာမ ဒေါ်နွဲ့နွဲ့ထွန်းတို့က သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ရေ(အိုး၊ ခွက်၊ စည်) ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ မိုးရေတင်ကျန်နိုင်သည့် ဘူး၊ ခွက်၊ တာယာများကို သန့်ရှင်းခြင်း၊ ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**



# ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၉**

တပ်ကုန်းမြို့အောင်ဆန်းခန်းမ၌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာကိုယ်စားလှယ်များတွေ့ဆုံပွဲကို ဇူလိုင် ၈ ရက် မွန်းလွဲပိုင်းက ပြုလုပ်သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တပ်ကုန်းမြို့နယ်တာဝန်ခံ ဦးတင်ထွဋ်က ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော ရပ် / ကျေးကိုယ်စားလှယ်များနှင့် ရပ်မိရပ်ဖများက မိမိဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များဖြစ်သည့် စာသင်ကျောင်း၊ ဆေးပေးခန်းဆောက်လုပ်ပေးရေး၊ ဆိုလာမီးလင်းရေး၊ လမ်း၊ တံတားပြုပြင်ပေးရေးစသည့် လိုအပ်ချက်များတင်ပြကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုပြီး ဆောင်ရွက်ပေးနိုင်သည်များကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

# သန်လျင်နှင့် ဒဂုံဆိပ်ကမ်းမြို့နယ် ရပ်ကွက်အချို့၌ ယာယီဓာတ်အားပြတ်တောက်မည်

**ရန်ကုန် ဇူလိုင် ၉**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်သို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးထားသော သန်လျင် - ဒဂုံဆိပ်ကမ်း ဖီဒါ သုံးလပတ်ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဇူလိုင် ၁၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်နေစဉ်အတွင်း သန်လျင်မြို့နယ်နှင့် ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်နေရာအချို့ ယာယီဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ကြောင်း၊ ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကို စနစ်တကျဆောင်ရွက်နေပါတယ်

**အမေးအရေး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**မြန်မာ့စာပေလောက ဖွံ့ဖြိုးတိုးတက်ရန် စာပေအမျိုးမျိုးကို ရေးသားပြုစုနေသော စာရေးဆရာများလိုအပ်သည်။ စာရေးဆရာများ ရေးသားသည့်စာအုပ်၊ စာပေများကို ထုတ်ဝေနိုင်ရန် ထုတ်ဝေသူများလည်း လိုအပ်သလို နိုင်ငံတော်ကလည်း စာရေးဆရာများအား ချီးမြှောက်တန်ဖိုးထားရန် လိုအပ်သည်။ စာရေးဆရာများက ရေးသားထုတ်ဝေလိုက်သော စာကောင်းပေမွန်များကို တန်ဖိုးထားဖတ်ရှုလေ့လာသူပိုမိုများပြားရန်လည်း လိုအပ်လျက်ရှိရာ အားလုံးညီညွတ်ပါမှ စာပေလောက ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။**

နိုင်ငံတော်က စာရေးဆရာကြီးများကို နှစ်စဉ် စာပေဆုများချီးမြှင့်ခဲ့ရာ အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများချီးမြှင့်လျက်ရှိသည်။ ယခုအခါ စာပေဆုများ ရွေးချယ်ချီးမြှင့်မှုနှင့်ပတ်သက်ပြီး ဝေဖန်မှုရှိလာသဖြင့် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုတို့ ရွေးချယ်မှုနှင့်ပတ်သက်ပြီး အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေး ကော်မတီအတွင်းရေးမှူးနှင့် စာပေဗိမာန် စာတည်းမှူးချုပ် ဦးအောင်သန်းအား သွားရောက်တွေ့ဆုံမေးမြန်းမှုကို ဖော်ပြလိုက်ပါသည်။

**မေး ။ ။ မြန်မာနိုင်ငံမှာ စာပေဆု ရွေးချယ်ချီးမြှင့်ခဲ့မှုကို ဘယ်အချိန်ကာလလောက်က စတင်ခဲ့တာလဲဆိုတာ ပြောပြပေးပါဦး။**

ဖြေ ။ ။ မြန်မာနိုင်ငံမှာ စာပေဆုစတင်ရွေးချယ်ချီးမြှင့်ခဲ့တာက ၁၉၄၈ ခုနှစ်ကဖြစ်ပြီး အဲဒီအချိန်က စာပေဗိမာန် ၁၀၀၀ ဆု ဆိုပြီး ခေါ်ဆိုခဲ့ကြပါတယ်။ စတင်ရွေးချယ်စဉ်က ဝတ္ထုရှည်တစ်ဆုနဲ့ စတင်ခဲ့တာဖြစ်ပြီး နောက်ပိုင်းမှာတော့ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ် အစရှိတဲ့ဆုတွေကို တိုးမြှင့်ခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာ အနုပညာဆိုင်ရာ စာပေဆုအဖြစ် သတ်မှတ်ခဲ့ပြီးနောက် အမျိုးသားစာပေဆုလို့ အမည်ပြောင်းလဲပေးအပ်ခဲ့တာ ဖြစ်ပါတယ်။ အခုအချိန်မှာတော့ အမျိုးသားစာပေဆုအဖြစ် ဘာသာရပ်ဆိုင်ရာ စာပေဆု ၁၆ ဆုနဲ့ စာပေဗိမာန် စာမူဆု ၁၃ ဆုကို ရွေးချယ်ချီးမြှင့်ပေးနေပါတယ်။

**မေး ။ ။ အမျိုးသားစာပေဆုနဲ့ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်တဲ့အခါ ဘယ်လိုပုဂ္ဂိုလ်မျိုးတွေနဲ့ ဖွဲ့စည်းရွေးချယ်တယ်ဆိုတာလည်း သိချင်ပါတယ်။**

ဖြေ ။ ။ အရင်တုန်းကတော့ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီမှာ ပြန်ကြားရေးဝန်ကြီးဌာနသတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ဦးဆောင်ညွှန်ကြားရေးမှူးက ဥက္ကဋ္ဌ၊ စာပေဗိမာန်စာတည်းမှူးချုပ်က အတွင်းရေးမှူးအဖြစ်ပါဝင်ကာ အဖွဲ့ဝင်တွေအဖြစ် စာပေပညာရှင်တွေ ပါဝင်ဖွဲ့စည်းခဲ့ပြီး ဆောင်ရွက်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ပြန်ကြားရေးက ဝန်ထမ်း အကြီးအကဲတွေမပါဝင်တော့ဘဲ ပြင်ပမှ စာပေဆိုင်ရာအသိပညာရှင်၊ အတတ်ပညာရှင်တွေနဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ စာပေဗိမာန်စာတည်းမှူးချုပ်ကတော့ စာအုပ်တွေကို လက်ခံပေးတယ်၊ အစည်းအဝေးဖိတ်ကြားပေးတယ် စတဲ့ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီဥက္ကဋ္ဌအဖြစ်သာ ပံ့ပိုးဆောင်ရွက်ပေးပြီး စာပေဆုများရွေးချယ်ရေးမှာ ပါဝင်ခြင်းမရှိတော့ပါဘူး။ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ စာပေဆုရွေးချယ်ရေးမှာ မပါဝင်ခဲ့တော့တာပါ။ ၂၀၁၅ ခုနှစ် စာပေဆုရွေးတဲ့အခါမှာတော့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ညွှန်ကြားမှုအရ စာပေဗိမာန် စာတည်းမှူးချုပ်က အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနဲ့ စာပေဗိမာန် စာမူစိစစ်ရွေးချယ်ရေးအဖွဲ့တို့မှာ အတွင်းရေးမှူးအဖြစ် ပြန်လည်ပါဝင်ခဲ့တာဖြစ်ပါတယ်။ အရင်က တာဝန်ထမ်းဆောင်ခဲ့တဲ့ စာပေဆုအုပ်ချုပ်ထောက်ပံ့အနေနဲ့လည်း ပူးတွဲဆောင်ရွက်နေပါတယ်။ ၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီမှာ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌ လေးဦး၊ အတွင်းရေးမှူးတစ်ဦး၊ အဖွဲ့ဝင် ၆၂ ဦးနဲ့ စုစုပေါင်း ၆၈ ဦးရှိပါတယ်။ စာပေဗိမာန်စာမူစိစစ်ရွေးချယ်ရေးအဖွဲ့မှာတော့ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ အဖွဲ့ဝင် ၃၃ ဦးနဲ့ စုစုပေါင်း ၃၆ ဦး ပါဝင် ဆောင်ရွက်နေပါတယ်။ တချို့အဖွဲ့ဝင်တွေက နှစ်ဖွဲ့စလုံးမှာ ပါဝင်နေပြီး ဘာသာရပ်အလိုက် ပါဝင်ဆောင်ရွက်နေတာဖြစ်ပါတယ်။



ဦးအောင်သန်း
(အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီအတွင်းရေးမှူး)

**မေး ။ ။ မကြာခင်က ဆောင်းပါးတစ်ပုဒ်မှာရေးသားထားတာ တွေ့ရပါတယ်။ စာပေဆုတွေ စိစစ်ရွေးချယ်ရေးကော်မတီနဲ့ အဖွဲ့အပေါ်မှာ လွှမ်းမိုးထိန်းချုပ်မှု အဖွဲ့အစည်းတစ်ခုခုရှိမယ်လို့ သုံးသပ်ရေးသားထားမှု အပေါ်မှာလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနဲ့ စာပေဗိမာန်စာမူစိစစ်ရွေးချယ်ရေးအဖွဲ့တွေမှာ စာပေပညာရှင်တွေ ပါဝင်ထားတာပါ။ စာပေဆုနှစ်မျိုးစလုံးအတွက် သက်ဆိုင်ရာကော်မတီ၊ သက်ဆိုင်ရာအဖွဲ့ရဲ့ အဆုံးအဖြတ်ဟာ အတည်ဖြစ်ပါတယ်။ တစ်စုံတစ်ဦး၊ အဖွဲ့အစည်းတစ်ခုခုရဲ့ လွှမ်းမိုးထိန်းချုပ်မှု လုံးဝမရှိပါဘူး။ ဝင်ရောက်စွက်ဖက်ခွင့်လည်း မရှိပါဘူး။ ကော်မတီနဲ့အဖွဲ့ထဲမှာ ပါဝင်တဲ့ ဘာသာရပ်အလိုက် ကျွမ်းကျင်ရာစာပေပညာရှင်တွေက အတည်ပြု အဆုံးအဖြတ်နဲ့သာ ရွေးချယ်တာဖြစ်ပါတယ်။

**မေး ။ ။ စာအုပ်တွေလက်ခံရရှိမှုနဲ့ စာပေဆုတွေစိစစ်ရွေးချယ်မှု ပုံစံကိုလည်း ရှင်းပြပေးပါဦး။**

ဖြေ ။ ။ အမျိုးသား စာပေဆုအတွက် ရွေးချယ်ဖို့ စာအုပ်တွေကို လက်ခံတဲ့အခါ အရင်က စာပေစိစစ်ရေးက ပေးပို့ပါတယ်။ နောက်ပိုင်းစာပေစိစစ်ရေးမရှိတော့တာမို့ စာအုပ်တွေကို ကော်မတီဝင်တွေဖတ်ရှုဖို့ မရရှိတော့ပါဘူး။ စာအုပ်တွေကို တောင်းခံခွင့်လည်းမရှိသလို စာအုပ်ဝယ်ဖို့ ရန်ပုံငွေလည်းမရှိပါဘူး။ ဒီလိုဆိုတော့ စာအုပ်တွေရရှိဖို့ စာပေဗိမာန်အပေါ် တာဝန်ရောက်လာပါတယ်။ ဒါကြောင့် စာရေးသူတွေရဲ့ အခွင့်အရေးမဆုံးရှုံးစေဖို့ ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ပထမအကြိမ် ရိုက်နှိပ်ထုတ်ဝေတဲ့ စာအုပ်တွေကိုပေးပို့ရန် စာအုပ်ထုတ်ဝေတဲ့အသင်းအဖွဲ့တွေ၊ စာပေတိုက်တွေကို စာပေဗိမာန်ကနှိုးဆော်ပေးရပါတယ်။ အမျိုးသားစာပေဆုအတွက် ထိုက်တန်တယ်လို့ယူဆတဲ့ စာဖတ်ပရိသတ်တွေရဲ့ အကြံပြုပေးပို့တဲ့ စာအုပ်တွေရှိပေမယ့် တချို့က အကြံပြုနမူနာတစ်အုပ်သာ ပေးပို့လို့ စာပေပညာရှင်တွေ ဖတ်နိုင်အောင် စာအုပ်အနည်းဆုံးလေးအုပ် ထပ်ရှာဝယ်ရတာတွေလည်းရှိပါတယ်။ ပြီးခဲ့တဲ့နှစ်တုန်းကတော့ ဇူလိုင်လမှာတစ်ကြိမ်၊ နိုဝင်ဘာလမှာတစ်ကြိမ် သတင်းစာနဲ့ ရုပ်မြင်သံကြားမှာနှိုးဆော်ပြီး စာအုပ်တွေ စုဆောင်းမှုပြုလုပ်ခဲ့ပါတယ်။ စိစစ်ရွေးချယ်မှုနဲ့ပတ်သက်ပြီး ဘာသာရပ်အလိုက်စာပေပညာရှင်တွေ အဖွဲ့ခွဲပြီး ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဆိုပြီးအဆင့်ဆင့်ရွေးချယ်ပါတယ်။ နောက်ဆုံးအတည်ပြုအဆင့်မှာဘာသာရပ်အလိုက် စာပေပညာရှင်အဖွဲ့ခေါင်းဆောင်တွေက အဖွဲ့ဝင်အားလုံးပါဝင်တဲ့ အစည်းအဝေးမှာ ဘာကြောင့်ရွေးတယ်ဆိုတာ ရှင်းပြရတယ်။ ဝိုင်းဝန်းဆွေးနွေးအတည်ပြုပြီးမှ နောက်ဆုံးအဆင့်ရွေးချယ်တာဖြစ်ပါတယ်။ အဖွဲ့တွေ ဘာသာရပ်အလိုက် ရွေးချယ်နေချိန်မှာ အခန်းထဲကို တာဝန်ရှိသူမှအပ မည်သူတစ်ဦးတစ်ယောက်မျှ ဝင်ခွင့်မပေးပါဘူး။ အဆင့်တိုင်းမှာ အထူးစည်းကမ်းကြပ်မတ်ထားပါတယ်။

**မေး ။ ။ အမျိုးသား စာပေဆုဆိုတာ ပြိုင်ပွဲမဟုတ်ဘူး၊ မိမိစာအုပ်ကို ပြိုင်ပွဲဝင်သလိုမျိုး ပေးစရာမလိုဘူးလို့ ဝေဖန်မှုတွေလည်း များနေပါတယ်။ စာအုပ်လက်ခံမှု ရက်ကန့်သတ်ချက်နဲ့ပတ်သက်ပြီးလည်း ပြောနေကြတာရှိပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးပြောပြပေးစေချင်ပါတယ်။**


ဖြေ ။ ။ မှန်ပါတယ်။ အမျိုးသားစာပေဆုဆိုတာ ပြိုင်ပွဲမဟုတ်ပါဘူး။ ဒါပေမယ့် စာပေရေးသားသူတွေရဲ့ စာအုပ်ကောင်းတွေ မကျန်ရစ်ခဲ့စေချင်ဘူး။ ဒါကြောင့် စာအုပ်တွေရောက်ရှိဖို့ စာပေတိုက်တွေကို ကျွန်တော်တို့ နှိုးဆော်ပေးနေတာပါ။ စာအုပ်လက်ခံတာကလည်း အခု ဒီနှစ်အမျိုးသားစာပေဆုအတွက် ၂၀၁၅ ခုနှစ် ပြက္ခဒိန်နှစ်တစ်နှစ်ကာလမဟုတ်ဘဲ ဖေဖော်ဝါရီ ၂၈ ရက်အထိ ရက်တိုးပေးခဲ့ပါတယ်။ အစိုးရအဖွဲ့ အပြောင်းအလဲကြောင့် တစ်လခွဲကျော်လောက် နောက်ကိုရွှေ့ခဲ့တာဖြစ်ပါတယ်။ ထူးခြားမှုအနေနဲ့ ပြီးခဲ့တဲ့နှစ်က မေလမှာ ဘာသာရပ်အလိုက် အဖွဲ့အစည်းအဝေးတွေ စတင်နေပါပြီ။ ဇွန်လမှာ စာအုပ်တစ်အုပ်လက်ခံဖို့ ရောက်လာတာကို မူဝါဒအရ အားလုံးဆုံးဖြတ်ပြီး လက်မခံခဲ့တာရှိတယ်။ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်တွေအားလုံး အစည်းအဝေးခေါ်ပြီးမှ မူဝါဒအရ ဆုံးဖြတ်ခဲ့တာပါ။ စာအုပ်ရောက်ရှိလာတဲ့ရက်က အတော်လေး နောက်ကျနေလို့ဖြစ်ပါတယ်။ စာပေဆုရွေးချယ်ရာမှာလည်း ကော်မတီထဲမှာ ဝါရင့် ပညာရှင်တွေ ပါဝင်တာမို့ အမှားအယွင်းမရှိအောင် မူဝါဒ၊ စည်းမျဉ်းတွေချမှတ်ပြီး အငြင်းပွားမှုမရှိအောင် ဆွေးနွေးဆုံးဖြတ်ရွေးချယ်တာဖြစ်ပါတယ်။

**မေး။ ။အမျိုးသားစာပေဆုနဲ့ စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲ တက်ရောက်ဖို့ ဖိတ်ကြားမှုစနစ်ကိုလည်း သိလိုပါတယ်။**

ဖြေ ။ ။ စာပေဆုချီးမြှင့်ပွဲကို နှစ်စဉ်နတ်တော်လဆန်း ၁ ရက်နေ့ (စာဆိုတော်နေ့) မှာ ကျင်းပလေ့ရှိပါတယ်။ ဖိတ်ကြားတဲ့အခါ အမျိုးသားစာပေတစ်သက်တာရရှိဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု ရရှိသူတွေ၊ နိုင်ငံတော်အဆင့် တာဝန်ရှိသူတွေ၊ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူတွေ၊ လွှတ်တော်ရေးရာကော်မတီတွေ၊ အမျိုးသားစာပေဆုရရှိပြီးသူတွေ၊ ဆုရွေးချယ်ရေးကော်မတီနဲ့ အဖွဲ့ဝင်တွေ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုကော်မတီဝင်တွေ ၊ ရုပ်/သံနဲ့ဂျာနယ်လစ်တွေ၊ မီဒီယာတွေ ၊ ဝန်ကြီးဌာနတွေရဲ့သီးခြားညွှန်ကြားချက်နဲ့ ဖိတ်ကြားသင့်သူတွေ ဖိတ်ကြားပြီး တက်ရောက်လိုကြောင်း တင်ပြရင် ခွင့်ပြုပေးတာတွေရှိပါတယ်။ နေရာထိုင်ခင်း ကန့်သတ်ချက်တွေလည်းရှိပါတယ်။ ညှော်ခံကျွေးမွေးတဲ့အပိုင်းရှိတဲ့အပြင် လုံခြုံရေးအပိုင်းလည်းရှိတာမို့ စီမံချက်တင်တဲ့အခါ လူဦးရေစာရင်း ကြိုတင်ရတာရှိပါတယ်။ ဒါတွေကို အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်ပြီး ဧည့်သည်တွေ ဖိတ်ကြားတာဖြစ်ပါတယ်။

**မေး။ ။ ၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေဆုနဲ့ စာပေဗိမာန်စာမူ ဆုတွေ ရွေးချယ်မှုစတင်နေပြီလား၊ နောင်နှစ်တွေအတွက်ရော ဘယ်လိုပြင်ဆင်မှုတွေ ပြုလုပ်ထားသလဲဆိုတာ သိလိုပါတယ်။**

ဖြေ ။ ။ ၂၀၁၅ ခုနှစ်အတွက် စာပေဆု စိစစ်ရွေးချယ်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။ သက်ဆိုင်ရာဘာသာရပ်အလိုက် စာပေပညာရှင်တွေက အဖွဲ့ငယ်တွေခွဲပြီး စနစ်တကျဆောင်ရွက်နေပါတယ်။ နောင်နှစ်တွေမှာ စာပေဆုရွေးချယ်ရေးအတွက် စာအုပ်တွေ ပိုမိုရရှိအောင် အစီအမံတွေ ပြုလုပ်ထားပြီးဖြစ်ပါတယ်။ ။




# ပေါက်ခေါင်းမြို့ ဓာတ်အားခွဲရုံ ရာနှုန်းပြည့်ပြီးစီးတော့မည်

**ပေါက်ခေါင်း ဇူလိုင် ၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးဝင်းအတွင်း၌ C အစီအစဉ်ဖြင့် အသစ်တည်ဆောက်လျက်ရှိသော 11 M ဓာတ်အားခွဲရုံမှာ ယခုအခါ ရာနှုန်းပြည့်နီးပါးတည်ဆောက်ပြီးစီးပြီဖြစ်၍ ဇူလိုင် ၈ ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဝန်ထမ်းများက ပေါက်ခေါင်း မြို့တွင်းသို့ ဓာတ်အားပို့လွှတ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးကျော်ကြီး (ပြန်/ဆက်)**



# နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းဆောင်ရွက်

**လားရှိုး ဇူလိုင် ၉**

ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့(လားရှိုး)နယ်မြေ၌ ဇူလိုင် ၉ ရက်မှစတင်၍ နယ်မြေလုံခြုံရေး၊တရားဥပဒေစိုးမိုးရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများအား ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုး ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်အင်အား ၁၂၀ ဖြင့် လုံခြုံရေးအင်အားပြည့် လှည့်ကင်းဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

# ပိုလန်နှင့် ဘောလ်တစ်ဒေသတို့တွင် တပ်ဖွဲ့ဝင်အင်အားချဲ့ထွင်ရန် နေတိုးသဘောတူ




**ဝါဆော ဇူလိုင် ၉**

နေတိုးခေါင်းဆောင်များသည် ယူကရိန်းတို့ထံမှ ခရိုင်းမီးယားကို ရုရှားတို့က သိမ်းပိုက်ပြီးနောက် ယခင်ကဆိုဗီယက်အဖွဲ့ဝင် ၎င်း၏မဟာမိတ်များကို ရုရှားရန်မှ စိုးရိမ်မှုမရှိစေရန်အတွက် ဘောလ်တစ်ဒေသတို့နှင့် ပိုလန်အရှေ့ပိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် တပ်ဖွဲ့ဝင်များ ဖြန့်ကြက်ချထားရန်နှင့် လေကြောင်း၊ ရေကြောင်း ကင်းလှည့်ဆောင်ရွက်မှုများကို တိုးမြှင့်ထားရန် ဇူလိုင် ၈ ရက်က သဘောတူခဲ့သည်။

ရုရှား၏ ကျူးကျော်ရန်စမှုကို တွန်းလှန်ဆန့်ကျင်သော အရှေ့ပိုင်းမဟာမိတ်အဖွဲ့ဝင်နိုင်ငံများကို ကာကွယ်ရန်အလှည့်ကျစနစ်ဖြင့် တပ်ဖွဲ့ဝင်အင်အား ၃၀၀၀မှ ၄၀၀၀ ထိပါဝင်သော တပ်ဖွဲ့လေးဖွဲ့အား ဥရောပအရှေ့မြောက်ပိုင်းတွင် တပ်ဖြန့်ချထားရန် နိုင်ငံပေါင်း ၂၈ နိုင်ငံပါဝင်သော အနောက်ပိုင်း ကာကွယ်ရေးမဟာမိတ်ခေါင်းဆောင်များက ဆုံးဖြတ်ခဲ့သည်။

၎င်းတို့သည် ၂၀၁၄ ခုနှစ်ကတည်းက ခရိုင်းမီးယားကို သိမ်းပိုက်ခဲ့မှုနှင့် ယူကရိန်းအရှေ့ဘက် သူပုန်များကို ထောက်ပံ့ပေးနေမှုတို့အပေါ် ငြင်းဆိုလျက်ရှိသော ရုရှားနှင့်ပတ်သက်၍ ယုံကြည်မှုပြန်လည်တည် ဆောက်မှုနှင့် ဆွေးနွေးမှုတို့ပြုလုပ်လိုလျက်ရှိသည်။

ယင်းတပ်ဖွဲ့များသည် လူမျိုးပေါင်းစုံဖြစ်ပြီး အင်အားတောင့်တင်းသောတပ်ဖွဲ့များဖြစ်ကြောင်း၊ မဟာမိတ်နိုင်ငံတစ်ခုနှင့်တစ်ခု တိုက်ခိုက်ခြင်းသည် မဟာမိတ်များကို တိုက်ခိုက်သကဲ့သို့ ယူဆသူများဖြစ်ကြောင်း နေတိုးအတွင်းရေးမှူးချုပ်ဂျန်စတိုတန်ဘာ့ဂ်ျက ဆွေးနွေးပွဲတွင်ပြောသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားကလည်း ဥရောပအလယ်ပိုင်းနှင့်အရှေ့ပိုင်းတွင် အမေရိကန်ဆက်လက်တည်ရှိနေရန်အတွက် ပိုလန်တွင် တပ်ဖွဲ့ဝင် ၁၀၀၀ ဖြန့်ကြက်ချထားမည်ဖြစ်ကြောင်းပြောခဲ့သည်။ ဂျာမနီသည် လစ်သူယေးနီးယား၊ ဗြိတိန်သည် အက်စ်တိုးနီးယားနှင့်ကနေဒါသည် လက်ဗီးယားတို့ရှိ တပ်ဖွဲ့များကို ဦးဆောင်မည်ဖြစ်ပြီး ပြင်သစ်က တပ်ဖွဲ့များကို ပံ့ပိုးမည်ဖြစ်သည်။

**(ရိုက်တာ)**

## အလက်ပိုမြို့ကို သူပုန်များ လက်နက်ကြီးဖြင့် ပစ်ခတ် လူ ၃၀ သေဆုံး

**အလက်ပို ဇူလိုင် ၉**

ဆီးရီးယားနိုင်ငံမြောက်ပိုင်း အလက်ပိုမြို့ကို ဇူလိုင် ၈ ရက်တွင် သူပုန်များက လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့ရာ လူ ၃၀ ထက်မနည်း သေဆုံးပြီး ၁၄၀ ကျော် ဒဏ်ရာ ရရှိခဲ့ကြောင်း ဆီးရီးယားအမျိုးသား ရုပ်သံက ကြေညာခဲ့သည်။

လက်နက်ကြီးပစ်ခတ်မှုသည် ပြည်သူများနေထိုင်သော အလက်ပိုအနောက်ဘက်ပိုင်း အစိုးရထိန်းချုပ်ရာဒေသ၌ ဖြစ်ကြောင်း သိရသည်။

အစိုးရထောက်ခံ ဝက်ဘ်ဆိုက်များနှင့်ရုပ်သံများက အလက်ပိုမြို့ကို သူပုန်များ တိုက်ခိုက်ခဲ့သည့် ရုပ်သံဖိုင်များကို ထုတ်လွှင့်ပြသခဲ့သည်။

အစိုးရက အလက်ပိုမြို့သည် အပစ်ခတ်ရပ်စဲပြီဖြစ်ကြောင်း တစ်ဖက်သတ်ကြေညာပြီးနောက် ထိုသို့ သူပုန်များက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

အစိုးရတပ်ဖွဲ့များသည် ကက်တဲလ်လိုလမ်းကို ဖြတ်တောက်ရန် တာစူနေပြီး ယင်းလမ်းသည် အလက်ပိုမြို့အရှေ့ပိုင်းဒေသနှင့် သူပုန်ထိန်းချုပ်ရာ မြောက်ပိုင်း အလက်ပိုပြည်နယ်ကျေးလက်များကိုဆက်သွယ်ထားသော တစ်ခုတည်းသောလမ်းဖြစ်သည်။

အလက်ပိုမြို့သည် တူရကီနယ်စပ်အနီးတွင်တည်ရှိသော ဆီးရီးယား၏ အကြီးဆုံး မြို့တော်ဖြစ်ရုံသာမက ယခင်က စီးပွားရေးလည်းဖွံ့ဖြိုးသော မြို့တစ်မြို့ဖြစ်သည်။ ယင်းမြို့သည် ဆီးရီးယားအစိုးရတပ်များနှင့် သူပုန်များနယ်မြေလုရာ အဓိကဆုံမှတ်မြို့ဖြစ်သည်။

**(ဆင်ဟွာ)**

## အိုလံပစ်ပြိုင်ပွဲ ကျင်းပစဉ်အတွင်း မည်သည့်တိုက်ခိုက်မှုကိုမဆို တုံ့ပြန်သွားရန် ဘရာဇီးတို့ပြင်ဆင်ထား

**ရီယိုဒီဂျနေရိုး ဇူလိုင် ၉**

ဘရာဇီးကာကွယ်ရေးဝန်ကြီး ရော်လ်ဂျန်မင်က ဘရာဇီးသည် ငြိမ်းချမ်းသော တိုင်းပြည်ဖြစ်သော်လည်း ၂၀၁၆ အိုလံပစ်အားကစား ပြိုင်ပွဲကျင်းပနေစဉ်အတွင်း မည်သည့်တိုက်ခိုက်မှုမျိုးကိုမဆို တုံ့ပြန်သွားရန် နှောင့်နှေးမည်မဟုတ်ဟု သောကြာနေ့က ပြောခဲ့သည်။

အိုလံပစ်အားကစားပြိုင်ပွဲကို ဩဂုတ် ၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ “ဘရာဇီးနိုင်ငံဟာ ငြိမ်းချမ်းတဲ့နိုင်ငံပါ။ ဒါပေမယ့် လက်နက်မဲ့တဲ့နိုင်ငံတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုကာကွယ်ရမယ်၊ ဘယ်လိုပြန်ပြီး တိုက်ခိုက်ရမယ်ဆိုတာကို ကောင်းကောင်းသိပါတယ်။ ဘယ်လိုစိန်ခေါ်မှုမျိုးကိုမဆို တုံ့ပြန်ဖို့နှောင့်နှေးနေမှာ မဟုတ်ပါဘူး”ဟု ဘရာဇီးကာကွယ်ရေးဝန်ကြီးက ပြောသည်။

၎င်းသည် ရီယိုဒီဂျနေရိုး၌ လေကြောင်းတပ်ဖွဲ့ဝင်များ၊ စက်များနှင့် ယာဉ်များကိုစစ်ဆေးရန် လာရောက်စဉ်ပြောကြားခဲ့ခြင်းဖြစ်သည်။ လေထီးတပ်သားများသည် အိုလံပစ်အားကစားပြိုင်ပွဲကျင်းပစဉ်အတွင်း အရန် အင်အားစုအဖြစ်ဆောင်ရွက်မည်ဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကို ကူညီအားဖြည့်ပေးမည်ဖြစ်သည်။

အိုလံပစ်အားကစားပြိုင်ပွဲ၌ လက်နက်ကိုင်အင်အား ၂၁၀၀၀၊ လုံခြုံရေးတပ်ဖွဲ့ဝင်နှင့် ရဲတပ်ဖွဲ့ဝင် ၆၄၀၀၀ ချထားမည်ဖြစ်သည်။ ၎င်းတို့သည် အပြည်ပြည်ဆိုင်ရာအားကစားပြိုင်ပွဲများ ကျင်းပစဉ်တစ်လျှောက်လုံး စောင့်ကြည့်ရေးတာဝန်များပါ ဆောင်ရွက်သွားမည်ဖြစ်သည်။

**(ဆင်ဟွာ)**




## မြောက်ကိုရီးယားက ကိုရီးယားကျွန်းဆွယ်ရေပိုင်နက်သို့ ဒုံးကျည်ထပ်မံပစ်လွှတ်

**ဆိုးလ် ဇူလိုင် ၉**

မြောက်ကိုရီးယားဘက်မှ တိုက်ချင်းပစ်ဒုံးကျည်ကို စနေနေ့ကပစ်ခတ်ခဲ့ရာ ပစ်ခတ်ပြီးမကြာမီမှာပင် အောင်မြင်မှုမရခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောသည်။

ဒုံးကျည်ပစ်ခတ်မှုသည် ကိုရီးယားကျွန်းဆွယ်တင်းမာမှုကို မြင့်တက်စေသည်။ ယင်းဒုံးကျည်ပစ်ခတ်မှုသည် အမေရိကန်နှင့် တောင်ကိုရီးယားတို့ ပူးပေါင်း၍ ပြုံယမ်း၏ ခြိမ်းခြောက်မှုကို တုံ့ပြန်ရန် ဒုံးခွင်းစနစ်တပ်ဖြန့်ချထားရန် ကတိပြုခဲ့ပြီး တစ်ရက်အကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမေရိကန်က လူ့အခွင့်အရေးချိုးဖောက်မှုများဖြင့် ကင်ဂျုံအန်းကို အမည်ပျက်စာရင်းသွင်းပြီးနောက် ယခုကဲ့သို့ ဒုံးကျည်ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားဘက်မှ ၎င်းတို့၏ အစီရင်ခံစာတွင် ယင်းဒုံးကျည်ကို ဒေသစံတော်ချိန် ၁၁ နာရီခွဲတွင် မြောက်ကိုရီးယားဘက်မှ ကိုရီးယားကျွန်းဆွယ်အရှေ့ဘက်ရေပိုင်နက်ထဲသို့ ပစ်လွှတ်လိုက်ခြင်းဖြစ်ကြောင်း ဆိုသည်။

ယင်းဒုံးကျည်ကို ရေငုပ်သင်္ဘောတစ်စင်းပေါ်မှ ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ပစ်ခတ်မှု၏ပထမအဆင့်မှာပင် မအောင်မြင်ဖြစ်ခဲ့ဟန်တူသည်ဟု ယင်းအစီရင်ခံစာတွင်ဖော်ပြထားသည်။

ဒုံးကျည်ပစ်လွှတ်ရာတွင် အစပိုင်းက အောင်မြင်သလိုရှိသော်လည်း ၁၀ ကီလိုမီတာခန့်အကွာတွင် ပေါက်ကွဲသွားခဲ့သည်ဟု တောင်ကိုရီးယားယွန်ဟက်သတင်းအေဂျင်စီက ပြောသည်။

တောင်ကိုရီးယားစစ်ဘက်မှ အသေးစိတ်အချက်အလက်များကိုမူ အတည်ပြုပြောကြားခြင်းမရှိသေးပေ။

**(ရိုက်တာ)**

## ဂျီ-၂၀ ကုန်သွယ်ရေးဝန်ကြီးများ ထိပ်သီးအစည်းအဝေးပြုလုပ်




**ရှန်ဟိုင်း ဇူလိုင် ၉**

ဂျီ-၂၀ ကုန်သွယ်ရေးဝန်ကြီးများ စနေနေ့က အစည်းအဝေးကို ရှန်ဟိုင်းမြို့၌ ပြုလုပ်ခဲ့ရာ ကုန်သွယ်ရေးတိုးမြှင့်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ခြင်းတို့အတွက် ဆွေးနွေးသွားရန်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံမှ ကုန်သွယ်ရေးဝန်ကြီး ဂိုဟူချန်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ယခုအစည်းအဝေးသည် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အခွင့်အလမ်းကောင်းဟု အဖွင့်မိန့်ခွန်းတွင် ပြောခဲ့သည်။

ဂျီ-၂၀မှ အဖွဲ့ဝင်များသည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်နေကြကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ဂျီဒီပီ၏ ၈၅ ရာခိုင်နှုန်းကျော်နှင့်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး၏ ၈၀ ရာခိုင်နှုန်းကျော်ကို ကိုယ်စားပြုကြောင်း ၎င်းက ဆက်ပြောသည်။ ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများမှ ထိပ်တန်းအရာရှိ ၅၀၀ ကျော်၊ ဖိတ်ကြားထားသောနိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ တက်ရောက်ကြပြီး နှစ်ရက်ကြာ ကျင်းပမည်ဖြစ်သည်။

**(ဆင်ဟွာ)**

# အကြမ်းဖက်သမားများထိန်းချုပ်ထားသည့် မြို့တော်များကို အီရတ်တပ်ဖွဲ့ဝင်များက အောင်မြင်စွာထိုးစစ်ဆင်ကာပြန်လည်သိမ်းပိုက်နိုင်ခဲ့

**ကေသွယ်**



၂၀၁၄ ဇွန်လအတွင်းကစတင်ကာ အီရတ်နိုင်ငံမြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသများကို အိုင်အက်စ်စစ်သွေးကြွများက ထိန်းချုပ်ခဲ့ပြီး ကတည်းက အီရတ်တပ်ဖွဲ့နှင့်အကြမ်းဖက်သမားများကြားတွင် တိုက်ပွဲဖြစ်ပွားမှုများ တိုးပွားလျက်ရှိနေခဲ့သည်။ ကာလအတန်ကြာ စစ်ဆင်ရေးဆင်နွှဲမှုများကြောင့် ထောင်သောင်းနှင့်ချီသော အီရတ်ပြည်သူများမှာလည်း စစ်ပြေးဒုက္ခသည်များအဖြစ် ထွက်ပြေးတိမ်းရှောင်ကာ ယာယီတည်းခိုရေးစခန်းများတွင် နေထိုင်ခဲ့ကြရသည်။ နိုင်ငံတွင်း တိုက်ပွဲများဖြစ်ပွားနေခြင်းကြောင့် ၃ ဒသမ ၆ သန်းသော အီရတ်ကလေးငယ်များမှာလည်း စစ်ပွဲများအတွင်းအသက်သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံကြရခြင်း၊ အဓမ္မခေါ်ဆောင်ခံရခြင်းနှင့် တပ်သားသစ်များအဖြစ်စုဆောင်းခံရခြင်းတို့ကဲ့သို့သော ဆိုးရွားလှသည့်အခြေအနေများကို ခံစားနေခဲ့ကြရကြောင်း သတင်းတွင် ဖော်ပြထားသည်။ နိုင်ငံအတွင်း စစ်ဖြစ်ပွားနေသည့် ၁၈ လတာကာလအတွင်း ထိခိုက်ဒဏ်ရာရရှိသူများနှင့် သေဆုံးခဲ့သူကလေးငယ်များအရေအတွက်မှာလည်း ၁ ဒသမ ၃ သန်းအထိတိုးလာခဲ့သည်ဟု ကုလသမဂ္ဂကပြုစုတင်သွင်းခဲ့သော အစီရင်ခံစာအရ သိရှိရသည်။

ကုလသမဂ္ဂ၏ ကလေးသူငယ်များဆိုင်ရာ ရန်ပုံငွေအဖွဲ့ယူနီဆက်၏ ပြောကြားချက်အရ အီရတ်ကလေးငယ် ငါးဦးတွင် တစ်ဦးမှာ စစ်ပွဲများကြောင့် အသက်အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိနေပြီး ၎င်းတို့၏ဘဝကို စစ်ပွဲပဋိပက္ခများက ဖျက်ဆီးလျက်ရှိကာ ကလေးသူငယ်များတွက် ကူညီထောက်ပံ့မှုတွင်လည်း ကုန်ကျစရိတ်မြင့်မားကြောင်း ပြောကြားခဲ့သည်။ အီရတ်တပ်ဖွဲ့နှင့် တပ်ပေါင်းစုတပ်တို့မှ ဖော်လူဂျာမြို့နှင့် မိုဆူးလ်မြို့ပတ်ဝန်းကျင်တွင် စစ်ဆင်ရေးများပြုလုပ်ကာ နိုင်ငံတွင်းရှိ အကြမ်းဖက်သမားများကို တိုက်ခိုက်နေခြင်းများကြောင့် ထိုဒေသရှိ ပြည်သူများ၏ နေထိုင်ရေးမှာလည်း ဆိုးရွားသည့်အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရှိရသည်။ အစီရင်ခံစာမှတ်တမ်းတွင် ဖော်ပြထားချက်အရ အီရတ်ကလေးငယ် သုံးပုံတစ်ပုံ (သို့မဟုတ်) ၄ ဒသမ ၇ သန်းမှာလည်း လူသားချင်း စာနာထောက်ထားမှုအကူအညီများရရှိရန် လိုအပ်လျက်ရှိသည်ဟု ဆိုထားသည်။ ထို့ကဲ့သို့ လပေါင်းအတန်ကြာဖြစ်ပွားနေသော တိုက်ပွဲများအတွင်း အီရတ်ကလေးငယ်များမှာ အကြမ်းဖက်သမားများ၏ ပစ်မှတ်အဖြစ် ထားရှိခြင်းခံရကာ ကြိမ်ဖန်များစွာ အပြစ်ကျူးလွန်မှုကို ခံနေကြရကြောင်း အီရတ်နိုင်ငံဆိုင်ရာ ကိုယ်စားလှယ် ယူနီဆက်အဖွဲ့၏ ခေါင်းဆောင်ဖြစ်သူ ပီတာဟော်ကင်းက ပြောကြားခဲ့သည်။

ထို့အပြင် အီရတ်နိုင်ငံတွင် နှစ်နှစ်ကျော်ကာလအတွင်း ကလေးငယ်ပေါင်း ၁၄၉၆ ဦးကို အဓမ္မခေါ်ဆောင်သွားခဲ့ခြင်းရှိကြောင်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည်။ လတိုင်းတွင် ကလေးငယ် ၅၀ ခန့်ကို အဓမ္မခေါ်ဆောင်ခြင်းခံရလျက်ရှိနေသည်ဟု ဆိုထားပြီး ထိုကလေးငယ်များကို များသောအားဖြင့် တိုက်ခိုက်ရေးနှင့် လိင်အကြမ်းဖက်ခြင်းတို့ကို ကျူးလွန်လေ့ရှိကြောင်း သိရသည်။ ကလေးငယ်များကို ၎င်းတို့နေထိုင်ရာ အိမ်များ၊ ကျောင်းများနှင့် လမ်းပေါ်တွင် သွားလာရင်း ဖမ်းဆီးခေါ်ဆောင်သွားကြခြင်း ဖြစ်သည်ဟု ဆိုထားသည်။ အီရတ်တွင် လုံလောက်သော ကျန်းမာရေးဝန်ဆောင်မှုပေးခြင်း၊ ပြည်သူများအပေါ် စောင့်ရှောက်မှု ညံ့ဖျင်းခြင်းနှင့် ကျောင်းပညာသင်ကြားပေးခြင်းတို့ မရှိသည့်အတွက် ကျောင်းနေအရွယ်ကလေးပေါင်း ၃ ဒသမ ၅ သန်းခန့်ကို ကျောင်းမတက်နိုင်အောင် ဟန့်တားထားခြင်းမျိုး ဖြစ်ပေါ်နေကြောင်း ယူနီဆက်အဖွဲ့မှ ပြောကြားခဲ့သည်။

**အီရတ်တွင် လုံလောက်သော ကျန်းမာရေးဝန်ဆောင်မှုပေးခြင်း၊ ပြည်သူများအပေါ် စောင့်ရှောက်မှု ညံ့ဖျင်းခြင်းနှင့် ကျောင်းပညာသင်ကြားပေးခြင်းတို့မရှိသည့်အတွက် ကျောင်းနေအရွယ် ကလေးပေါင်း ၃ ဒသမ ၅ သန်းခန့်ကို ကျောင်းမတက်နိုင်အောင် ဟန့်တားထားခြင်းမျိုး ဖြစ်ပေါ်နေ**

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီ N C မှ ပြောကြားချက်အရ ယခုနှစ် ဇူလိုင်လအတွင်း အီရတ်တပ်ဖွဲ့မှ တိုက်ဂရစ်အရှေ့ဘက် ကမ်းဒေသကို အစွန်းရောက်စစ်သွေးကြွများ၏ လက်မှ ပြန်လည်သိမ်းပိုက်ရန်အတွက် ထိုးစစ်ဆင်နေမှုများကြောင့် ထောင်နှင့်ချီသော အီရတ်ပြည်သူများမှာ အိုးအိမ်စွန့်ခွာကာ ထွက်ပြေးတိမ်းရှောင်မှုများ မြင့်တက်လာလျက်ရှိကြောင်း သိရှိရသည်။ ယခုကဲ့သို့ထိုးစစ်ဆင်နွှဲမှုမှာ မတ်လကုန်ပိုင်းလောက်ကတည်းက စတင်ခဲ့ခြင်းဖြစ်ကာ M - r ပိုင်းနယ်မြေရှိ ဒီဘာဂါတွင် စစ်ပွဲမှထွက်ပြေးတိမ်းရှောင်လာကြသော မိသားစုအသစ်များ ဝင်ရောက်လာနေသည့်အတွက် ယာယီစခန်းများတွင် လူဦးရေပြည့်ကျပ်လျက်ရှိနေကြောင်း ကုလပြောခွင့်ရပုဂ္ဂိုလ် စတက်ဖနီ ဒူဂျာရစ်က ပြောကြားထားသည်။

ဖော်လူဂျာမြို့မှာ အိုင်အက်စ်တို့လက်အောက်သို့ ပထမဆုံးကျရောက်ခဲ့သည့် မြို့တစ်မြို့ဖြစ်ပြီး အကြမ်းဖက်သမားများ၏ ဗုံးခွဲတိုက်ခိုက်ခြင်းများကြောင့် အခြေခံအဆောက်အအုံများနှင့် အခြားပျက်စီးဆုံးရှုံးမှုပမာဏမှာလည်း တန်ဖိုးမဖြတ်နိုင်ကြောင်း စစ်ဘက်သတင်းရင်းမြစ်က ပြောကြားထားသည်။ ယင်းမြို့သည် ဘဂ္ဂဒက်မြို့အနောက်ဘက် ကီလိုမီတာ ၅၀ ခန့်အကွာတွင်တည်ရှိပြီး အဆိုပါမြို့ကို ပြန်လည်ရယူနိုင်ရန်အတွက် အီရတ်တပ်ဖွဲ့ဝင်များက စစ်သွေးကြွများအပေါ် ထိုးစစ်ဆင်မှုကို မေလ ၂၃ ရက်နေ့မှ စတင်ခဲ့ကာ လေးပတ်တာကာလကြာအောင် စစ်ဆင်ရေးပြုလုပ်ခဲ့ကြသည်။ ယင်းစစ်ဆင်မှုအတွင်း အစိုးရတပ်၏ လက်နက်ကြီးများနှင့် အမြောက်များဖြင့် ပစ်ခတ်မှုကြောင့် အိုင်အက်စ်များ၏ စစ်စခန်းအတော်များများကို ဖျက်ဆီးပစ်နိုင်ခဲ့ကာ ဒါဇင်နှင့်ချီသော စစ်သွေးကြွများလည်း ကျဆုံးခဲ့ကြောင်းသိရသည်။ နောက်ဆုံးစစ်ဆင်ရေးဆင်နွှဲမှု ဖြစ်ပွားစဉ်တွင် ဒီဘာဂါယာယီခိုလှုံရာစခန်းသို့ အိုးအိမ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့သူ အရေအတွက်မှာ ၃၅၀၀ အထိရှိနေခဲ့ပြီး ယခုအခါတွင် ထွက်ပြေးတိမ်းရှောင်သူဦးရေ ၁၇၇၀၀ ဝန်းကျင်ထိ ရောက်ရှိနေကြောင်း သတင်းတွင်ဖော်ပြပါရှိသည်။

ထိုကဲ့သို့ စစ်ပြေးဒုက္ခသည်များအတွက် ဘောလုံးကွင်းအတွင်း ယာယီခိုလှုံရာစခန်းအဖြစ် N C မှ မကြာသေးမီက ပြုလုပ်ပေးခဲ့ပြီး ဒေသတွင်းရှိ ကျောင်းများ၊ ဝတ်ပြုကျောင်းနေရာများအပါအဝင်နေရာများတွင် နောက်ထပ်နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင် အီရတ်ပြည်သူဒုက္ခသည်များ ဝင်ရောက်နေထိုင်နိုင်ရန် အတွက် ပြုလုပ်ပေးထားကြောင်း သိရသည်။

ဇူလိုင် ၁ ရက်က ဒီဘာဂါရှိဒုက္ခသည်များ ယာယီခိုလှုံရာစခန်းသို့ ထပ်မံဝင်ရောက်လာသူ အီရတ်ပြည်သူပေါင်း ၅၁၀၀ ကျော်အထိရှိခဲ့ပြီး ၎င်းတို့အများစုမှာ ဟာဂျီအလီနှင့် ဟာဝီဂါတို့မှ ထွက်ပြေးတိမ်းရှောင်လာကြသူများဖြစ်ကြောင်း သိရှိရသည်။

မကြာမီရက်ပိုင်းအတွင်းမှာပင် အစိုးရတပ်မှ စစ်ဆင်ရေးဆက်လက်ဆင်နွှဲရန် ရှိသည့်အတွက် ဟမ်ဒါနီယာဒေသရှိ အယ်လ်ကေယာရာချိုင့်ဝှမ်းကျေးရွာများမှ စစ်ပြေးဒုက္ခသည် ထွက်ပြေးတိမ်းရှောင်သူဦးရေမှာလည်း တစ်သောင်းထက်ကျော်လွန်လာနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းထားသည်ဟု သတင်းတွင်ဖော်ပြထားပြီး ဒီဘာဂါတွင် စစ်ပြေးဒုက္ခသည် မိသားစုဦးရေ ခြောက်ထောင်ခန့် နေထိုင်နိုင်ရန်အတွက် ယာယီခိုလှုံရာနေရာများကို N C မှ ထပ်မံတည်ဆောက်ပေးသွားရန် ပြင်ဆင်လျက် ရှိကြောင်း သိရသည်။

အီရတ်တပ်ဖွဲ့အနေဖြင့် စစ်သွေးကြွများနှင့် တစ်လခန့်စစ်ရေးဆင်နွှဲခဲ့ပြီးနောက် ဇွန် ၂၆ ရက်က ဖော်လူဂျာကို အကြမ်းဖက်သမားများလက်မှ ပြန်လည်သိမ်းပိုက်ရယူနိုင်ခဲ့ကြောင်း ဝန်ကြီးချုပ်ဟိုင်ဒါအယ်လ်အဘာဒီက ဖော်လူဂျာစစ်ဆင်ရေးအောင်ပွဲကို တရားဝင်ကြေညာခဲ့သည်။ အီရတ်တပ်ဖွဲ့များမှ ဖော်လူဂျာ၏ အနောက်မြောက်ပိုင်းရှိ ဂိုလန်ကုန်းမြင့်ဒေသသို့ ထိုးဖောက်ဝင်ရောက်ခဲ့ပြီး ယင်းဒေသမှာ အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများ၏လက်မှ နောက်ဆုံးလွတ်မြောက်ရန်ရှိသည့် နယ်မြေဖြစ်သည်ဟုလည်း သတင်းထုတ်ပြန်ခဲ့ သည်။

အီရတ်တပ်ဖွဲ့များနှင့် တပ်ပေါင်းစုများက အကြမ်းဖက်စစ်သွေးကြွများ၏ လက်အောက်သို့ ကျရောက်နေသော အန်ဘာနယ်မြေဒေသရှိ အဓိကမြို့ကြီးများနှင့် မြို့ငယ်များကို ပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် စစ်သွေးကြွများနှင့် လပေါင်းအတော်ကြာအောင် တိုက်ခိုက်နေခဲ့ပြီးနောက် ယခုအခါတွင် နေရာအတော်များများကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီ ဖြစ်ကြောင်း တွေ့မြင်ရသည်။

ဖော်လူဂျာတွင် အီရတ်တပ်ဖွဲ့ဝင်များ အောင်ပွဲခံလိုက်ပြီး တစ်ရက်အကြာတွင် အိုင်အက်စ်တို့ ထိန်းချုပ်မှုအောက်တွင် ကျရောက်နေသေးသည့် မိုဆူးလ်မြို့ကို ပြန်လည်သိမ်းပိုက်နိုင်ရန်အတွက် ဒုတိယစစ်မျက်နှာကို ဖွင့်လှစ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

မိုဆူးလ်မြို့သည် အီရတ်နိုင်ငံ၏မြောက်ပိုင်းရှိ အကြီးဆုံးမြို့တော်ဖြစ်ပြီး နိုင်ငံအတွင်းရှိ အိုင်အက်စ်အကြမ်းဖက်အဖွဲ့၏ လက်အောက်သို့ ကျရောက်နေသော မြို့တော်တစ်ခုတွင် ပါဝင်နေကြောင်း သတင်းတွင်ဖော်ပြထားသည်။ ■

## တိုင်ဖွန်း နီပါတက် တရုတ်နိုင်ငံ အရှေ့ဘက်ဝင်ရောက်

**မောင်တင်**

**ဖူကျန် ဇူလိုင် ၉**

တရုတ်နိုင်ငံ အရှေ့ဘက် ဖူကျန်ပြည်နယ်တွင် ဇူလိုင် ၉ ရက်က တိုင်ဖွန်းနီပါတက်မုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီးနောက် အပျက်အစီးများဖြစ်ပွားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ပြည်တွင်း မိုးလေဝသအေဂျင်စီက ယခုနှစ် မုတ်သုံရာသီပထမဆုံးတိုင်ဖွန်းမုန်တိုင်းသည် ရှီရှီမြို့ကို ဒေသစံတော်ချိန် ညနေ ၁ နာရီ ၄၅မိနစ်က တစ်နာရီလျှင် ၁၀၀ကီလိုမီတာနှုန်းဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း ပြောသည်။

ကနဦးခန့်မှန်းတွက်ချက်မှုများအရ မုန်တိုင်းဝင်ရောက်မှုကြောင့် ဖူကျိုမြို့အပါအဝင် မြို့နယ်လေးမြို့နယ်ရှိ လူပေါင်း ၄၂၀၀၀၀ ကျော်ကို အရေးပေါ် ရွှေ့ပြောင်းနေရာချထားပေးခဲ့ရကြောင်း သိရသည်။

လေဆိပ် ငါးခုကိုပိတ်ထားခဲ့ရပြီး လေကြောင်းလိုင်း ၄၀၀ နီးပါး ဖျက်သိမ်းခဲ့ရသည်။ အမြန်ရထား ၃၄၁ စင်း အစီအစဉ်ပြေးဆွဲမှု ဖျက်သိမ်းခဲ့ရပြီး ဘတ်စ်ကားပေါင်း ၅၀၀၀ နီးပါး ရပ်နားခဲ့ရသည်။ ထို့အပြင် ငါးဖမ်းလှေ ၃၃၀၀၀ကျော် ကမ်းပြန်ကပ်ခဲ့ရသည်။ အချို့ဒေသများတွင် မီးများပြတ်တောက်ခဲ့သည်။

မုန်တိုင်းအနီးရောင်အဆင့် သတိပေးထုတ်ပြန်မှုများ ပူကျန်မြို့တွင် ထုတ်ပြန်ခဲ့သည်။ အဆောက်အအုံနှစ်လုံး ရေနစ်မြုပ်ပြီးနောက် မီးသတ်တပ်ဖွဲ့ဝင်များက ဒေသခံ ၄၃ ဦးကို ကယ်တင်နိုင်ခဲ့သည်။ တောင်ကုန်းဒေသများ၌ မြေပြိုမှုများနှင့် အဆောက်အအုံ ပြိုကျမှုများဖြစ်ပွားခဲ့သည်။

(ဆင်ဟွာ)

# မိုင်းယုမြို့တွင် မီးပေါ့ဆစွာသုံးစွဲရာမှ မီးလောင်မှုဖြစ်ပွား

**မိုင်းယု ဇူလိုင် ၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့ မြို့မရပ်ကွက်ရှိ ဦးဇော်ဌေး၏ နေအိမ်၌ မီးပေါ့ဆစွာသုံးစွဲမှုကြောင့် ဇူလိုင် ၉ ရက် နံနက် ၃ နာရီခွဲခန့်က မီးလောင်မှု ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုင်းယုမြို့ မြို့မရပ်ကွက် နမ့်လွေချောင်းဘေးရှိ ဦးဇော်ဌေး၏ သွပ်မိုး၊ အုတ်ကာနေအိမ်အတွင်း မီးပေါ့ဆစွာသုံးစွဲရာမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ပြီး မီးလောင်ရာသို့ မိုင်းယုမြို့ မီးသတ်တပ်ဖွဲ့မှ လက်ထောက်ဦးစီးမှူး ဦးခိုင်သက်ဦး ဦးစီးသည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးငြှိမ်းသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့နှင့်အတူ မိုင်းယုနယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ် ဟိန်းဝဏ္ဏမောင်တို့ပါဝင်သော ပူးပေါင်းအဖွဲ့က ဝိုင်းဝန်းငြှိမ်းသတ်ရာ နံနက် ၃ နာရီ မိနစ် ၄၀ တွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် နေအိမ်အမိုးသွပ်များနှင့် အလျားသုံးပေ၊ အနံ နှစ်ပေရှိ ဆိုလာပြားပေါင်များ မီးလောင်ဆုံးရှုံးခဲ့ပြီး ယင်းမီးလောင်မှုဖြစ်ပွားခြင်း နှင့်ပတ်သက်၍ ဦးဇော်ဌေးအား မိုင်းယုနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အောင်လံမြို့နယ်၌ အမျိုးသားတစ်ဦး ရထားတိုက်ခံရ၍ သေဆုံး

**အောင်လံ ဇူလိုင် ၉**

အောင်လံမြို့နယ် ရွှေညောင်ပင်ကျေးရွာအနီးတွင် အမျိုးသားတစ်ဦးရထားအတိုက် ခံရ၍ ဇူလိုင် ၈ ရက် မွန်းလွဲပိုင်းက သေဆုံးခဲ့ကြောင်း နယ်မြေခံရဲစခန်းမှ သိရ သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် အမျိုးသားတစ်ဦး ရထားတိုက် ခံရကြောင်းသတင်းအရ အောင်လံမြို့မရဲစခန်းမှ ရဲအုပ်မျိုးဇော်ဦးနှင့်အဖွဲ့ အခင်း ဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ဦးလှမိုးအောင် (၅၃နှစ်) တရော်ကုန်း ရပ်ကွက် အောင်လံမြို့နေသူဖြစ်ပြီး အောင်လံမြို့နယ် ရွှေညောင်ပင်ကျေးရွာအနီး မိုင်တိုင်အမှတ်(၂၀၂/၁၅) နှင့် (၂၀၂/၁၄ )အကြား ရထားသံလမ်းဘေးတွင် ရပ်နေ စဉ် ဦးအေးထွန်း မောင်းနှင်လာသော နေပြည်တော်-ပြည်ရထား အမှတ်-၁၀၉ အစုန်ရထားကိုယ်ထည်ဖြင့် ပွတ်တိုက်မိပြီး ၎င်းတွင် ဒဏ်ရာရရှိခဲ့သဖြင့် ရထား လုံခြုံရေးလိုက်ပါလာသည့် ရဲတပ်သားထွန်းဝင်းနှင့်အဖွဲ့နှင့် ပတ်ဝန်းကျင်ရှိ လူများက အောင်လံပြည်သူ့ဆေးရုံသို့ပို့ဆောင်ရာ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျ**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# တရားမဝင်သစ်များ သယ်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းမိ

**ပုလဲ ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင် ခရိုင် ပုလဲမြို့နယ်သစ်တောဦးစီးဌာန သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ တရားမဝင်သစ်များ ခိုးယူခြင်း၊ ခုတ်လှဲခြင်း၊ သယ်ဆောင်ခြင်းလုပ်ငန်းများကို ကာကွယ်ဖမ်းဆီးလျက်ရှိရာ ဇူလိုင် ၉ ရက် နံနက် ၂ နာရီက တရားမဝင်သစ် ၁၀ တန်ကျော် သယ်ဆောင်လာသည့် မော်တော်ယာဉ်နှစ်စီးနှင့် ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ပုလဲမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ခင်မောင်ဇော်၊ လဲကန်ရဲစခန်းမှူး ရဲအုပ်ချစ်ဆန်းမောင်နှင့်ရဲတပ်ဖွဲ့ဝင်များသည် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဦးမြဝင်း ခေါင်းဆောင်သည့် သစ်တောဝန်ထမ်းများနှင့်အတူ တရားမဝင်သစ်များ သယ်ဆောင်လျက်ရှိကြောင်း သတင်းအရ ဇူလိုင် ၉ ရက် နံနက် ၂ နာရီက ပုလဲမြို့နယ် ပိတောက်ကုန်းလမ်းခွဲ (ပုလဲ-ဂန့်ဂေါ ကားလမ်း )မှ မြောက်ယမားရေကူတမံသို့သွားသည့် မြေသားကားလမ်းအတိုင်း သွားရောက်စုံစမ်းဆောင်ရွက်ရာ ပိတောက်ကုန်းကျေးရွာအနီးတွင် မြောက်ယမားရေကူတမံမှ ပုလဲ-ဂန့်ဂေါကားလမ်းဘက်သို့ စိုင်းခမ်းသူ ဖလံပင်ကျေးရွာ ပုလဲမြို့နယ်နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် B ------ နီဆန်းခေါင်းတို ခြောက်ဘီး ဖြူနီဝါကျား မော်တော်ယာဉ်ကို စစ်ဆေးရာဖွေရာ ပိတောက်ခွဲသားသစ် အလုံး ၃၀ (၄ ဒသမ ၆၉၉၆ တန်) ကို ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ပုလဲမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ခင်မောင်ဇော်နှင့် ရဲတပ်ဖွဲ့ဝင်များသည် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဦးမြဝင်း ခေါင်းဆောင်သည့် သစ်တောဝန်ထမ်းများနှင့်အတူ ဇူလိုင် ၉ ရက် နံနက် ၂ နာရီခွဲတွင် ကျည်းပင် ကျေးရွာအနီး မြောက်ယမားရေကူတမံမှ ပုလဲ-ဂန့်ဂေါကားလမ်းဘက်သို့ ကျော်ဆန်းကျားတက်ကျေးရွာ ဆားလင်းကြီးမြို့နယ်နေသူမောင်းနှင်လာသည့် ယာဉ်အမှတ် 2 ---- NO C ခြောက်ဘီးယာဉ်ကို စစ်ဆေးရှာဖွေရာ ပျဉ်းကတိုးခွဲသားသစ် ၂၉ လုံး (၅ ဒသမ ၈၁၃၆)တန်ကို ထပ်မံ၍ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ တရားမဝင်သစ်များ သယ်ဆောင်လာသည့် မော်တော်ယာဉ်များအား ပုလဲမြို့မရဲစခန်းတွင် ထိန်းသိမ်းထားပြီး ဖမ်းဆီးရမိသည့် ပိတောက်ခွဲသားသစ် အလုံး ၃၀ (၄ ဒသမ ၆၉၉၆ တန်)နှင့် ပျဉ်းကတိုးခွဲသားသစ် ၂၉ လုံး (၅ ဒသမ ၈၁၃၆ တန်)တို့ကို မြို့နယ်သစ်တောဦးစီးဌာနတွင် သယ်ယူသိမ်းဆည်းထားကြောင်းနှင့် ပြစ်မှုကျူးလွန်သူများအား အမှုဖွင့်လုစ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**



# မိတ္ထီလာမြို့၌ လုယက်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီး

**မန္တလေး ဇူလိုင် ၉**

မိတ္ထီလာမြို့နယ်၌ လူငယ်ကျောင်းသား ကျောင်းသူနှစ်ဦးထံမှ ဓားထောက် လုယက်မှု ဇူလိုင် ၅ ရက်က ဖြစ်ပွားခဲ့သည်။ မိတ္ထီလာမြို့နယ် ထနောင်းကန်ကျေးရွာဘုရားမှ စီးပွားရေးတက္ကသိုလ်သို့ (၅)မိုင်ကွန်ကရစ်လမ်းအတိုင်း ဆိုင်ကယ်ဖြင့် စီးပွားရေးတက္ကသိုလ် ကျောင်းသားတစ်ဦးနှင့် ကျောင်းသူ တစ်ဦးတို့ ဇူလိုင် ၅ ရက် ညနေ ၅ နာရီ ကျော်ခန့်ကပြန်လာစဉ် o d C - 12 ဆိုင်ကယ်ဖြင့် အမျိုးသားသုံးဦး နောက်မှလိုက်ပါလာပြီး ဆိုင်ကယ်ရပ်ခိုင်းကာ အသင့်ပါလာသောဓားဖြင့် ချိန်ရွယ်ခြိမ်းခြောက်၍ ကျောင်းသူ၏ လက်ကိုင်ဖုန်းတစ်လုံး၊ ရွှေလက်ကောက်ငါးကွင်း၊ ငွေကျပ် ၅၀၀၀ခန့်ပါ ပိုက်ဆံအိတ်တစ်လုံးနှင့် ကျောင်းသားထံမှ လက်ကိုင်ဖုန်းတစ်လုံးတို့ကို လုယူထွက်ပြေးခဲ့သည်။

မိတ္ထီလာခရိုင် မှုခင်းနှိမ်နင်းရေးမှ ရဲအုပ်ဇင်ကိုကိုနှင့်အဖွဲ့သည် အခင်း ဖြစ်ပွားသည့်နေရာရှိ ကွန်ကရစ်လမ်းပေါ်တွင် သတင်းအရ စောင့်ကြည့်စုံစမ်းခဲ့ရာ ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီက မိတ္ထီလာမြို့ ကန်တော်မင်ရပ်ကွက်နေ လှမ်းမိုးနိုင်(ခ) ဖိုးသဲ(ခ) တိုးကြီးအား အခင်းဖြစ်ရပ်ကွက် ကွန်ကရစ်လမ်းပေါ်တွင် မသင်္ကာဖွယ်တွေ့ရှိရသဖြင့် အမှတ်(၃) နယ်မြေရဲစခန်းသို့ ခေါ်ဆောင်၍ စစ်ဆေးခဲ့ရာ အခင်းဖြစ်နေ့က သူငယ်ချင်းဖြစ်သူ ငရှိုင်း(ခ) ရှိုင်းသူဇော်၊ မင်းခန့်တို့က ၎င်းတို့ထံမှ ဖုန်း၊ ရွှေလက်ကောက်နှင့်ပိုက်ဆံအိတ်တို့ကို လုယူခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူနှင့် သက်သေခံပစ္စည်းများဖမ်းဆီးရမိရေးအတွက် ရဲအုပ်ဇင်ကိုကိုနှင့်အဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်ခဲ့ရာ မင်းခန့်(၁၅နှစ်) အောင်ဇေယျာရပ်ကွက်နေသူအား နေအိမ်တွင် အခင်းဖြစ်စဉ်ကအသုံးပြုခဲ့သည့်ဆိုင်ကယ်နှင့်အတူ ဖမ်းဆီးရမိပြီး ငရှိုင်း(ခ)ရှိုင်းသူဇော် (၂၂နှစ်) နန်းတော်ကုန်း ရပ်ကွက် မိတ္ထီလာမြို့နေသူအား ဆက်လက်ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းလေ့ကျင့်ရေး သင်တန်းကျောင်းနှင့် စိုက်ပျိုးရေး သိပ္ပံဌာနခွဲအောက်ရှိ စိုက်ပျိုးရေးသိပ္ပံ(ဖွဲ့ကပင်)ကျောင်းတွင် အဆောက်အအုံ ဆောက်လုပ်ရန်နှင့် ရုံးသုံးပရိဘောဂများဝယ်ယူရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တည်ဆောက်ရေးလုပ်ငန်း**

| စဉ် | အကြောင်းအရာ | ဆောက်လုပ်မည့်ဒေသ | အရေအတွက် |
|---|---|---|---|
| ၁ | အရာထမ်းဝန်ထမ်းအိမ်ရာ (၂)ထပ်၊ (၂)ခန်းတွဲ (၅၀ ×၄၃ ×၂၃ ) C(ရေ၊ မီး၊ မိလ္လာ၊ အပါအဝင်) | ကရင်ပြည်နယ်၊ ဘားအံမြို့ စိုက်ပျိုးရေးသိပ္ပံ၊ ဖွဲ့ကပင် | ၁ လုံး |

**ရုံးသုံးပရိဘောဂဝယ်ယူခြင်းလုပ်ငန်း**

| စဉ် | ပရိဘောဂအမျိုးအစား | ဝယ်ယူမည့်ဒေသ | အရေအတွက် |
|---|---|---|---|
| ၁ | 2 15 25 | ကရင်ပြည်နယ်၊ ဘားအံမြို့ စိုက်ပျိုးရေးသိပ္ပံ(ဖွဲ့ကပင်) | ၁၀၀ လုံး |
| ၂ | Office Chair (2'x1.5'x1.5') | ။ | ၁၈၀ လုံး |
| ၃ | 15 | ။ | ၁၀၅ လုံး |
| ၄ | Office Table (3.5'x 2.5'x2.5') | ။ | ၁၅ လုံး |
| ၅ | Iron Cabinet | ။ | ၁၀ လုံး |

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၁-၇-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၁-၈-၂၀၁၆ရက် ညနေ ၄း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်တင်ဒါစည်းကမ်းချက်များကို ရုံးချိန်အတွင်း ဖုန်း-၀၅၈-၂၁၁၈၃၊ ၀၉-၂၅၀၈၀၅၁၆၉သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စိုက်ပျိုးရေးသိပ္ပံ(ဖွဲ့ကပင်)**

---

## ဦးစန်းဌေးဝင်း ၇/ပမန(နိုင်)၀၂၁၁၉၃နှင့် ဒေါ်ဝင်းဝင်းအေး၇/ပမန(နိုင်)၁၁၁၀၄၂တို့ သိစေရန်

လူကြီးမင်းတို့သည် ၂၅-၁၁-၂၀၁၄ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ဆံတော်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် ၉-ဒီ၊ ဆံတော်အနောက်ကွက်၊ ဦးပိုင်အမှတ် ၁၅၀-ခ၊ ပိုင်ဆိုင်ခွင့် ၊ မြို့မြေအမျိုးအစား ဧရိယာ၀ဒသမ ၀၄၇ဧကရှိ နှစ်(၃၀)မြေငှားဂရန်မြေနှင့်ယင်းမြေပေါ်ရှိ နှစ်ထပ် တိုက်အဆောက်အအုံများ ဦးစန်းဌေးဝင်း-ဒေါ်ဝင်းဝင်းအေးအမည်ပေါက်အား အပေါင်ပြု၍ ရိုးမဘဏ်ပြည်ဘဏ်ခွဲတွင် ငွေကျပ်သိန်း၁၀၀၀ကိုချေးယူခဲ့ပြီး ပေးဆပ်မှုအကြိမ်ကြိမ်ပျက်ကွက်နေခြင်း၊ လူကြီးမင်းအား ဘဏ်မှဆက်သွယ်ရန် ကြိုးစားသော်လည်း ဆက်သွယ်မရဖြစ်နေခဲ့ပါသည်။ ထို့ကြောင့် ဤကြော်ငြာပါ သည့်ရက်မှ ခုနစ်ရက်တွင်း ဘဏ်သို့အမြန်ဆုံးလာရောက် ဆက်သွယ်ပါရန်နှင့် ဆက်သွယ်ခြင်းမပြုပါက ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ တရားဥပဒေအရ အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**မန်နေဂျာ (ရိုးမဘဏ်)**
**ပြည်ဘဏ်ခွဲ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၈)၊မြေကွက်အမှတ်(၃၈၇/က)၊မြေကွက်တည်နေရာအမှတ်(၃၈၇)မှ၀ရတ်(၂)လမ်း၊(၈)ရပ်ကွက်၊သာကေတဦးပိုင်မှာမကဲ(TKA ၀၈၀၆၀၆)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးပိုင်မှာမကဲ(TKA-၀၈၀၆၀၆)ထံမှအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၅၁၁/၂၀၁၅)(၁၇-၆-၂၀၁၅)ရသူဦးထွန်းမြတ်(၁၂/ရပသ(နိုင်)၀၄၀၄၀၄)မှ မြေပြင်မြေကွက်ပေါ်ဂရန်မူရင်းပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊ကျမ်းကျိန်လွှာ၊ကိုယ်တိုင်ဝန်ခံချက်တင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## မြေကွက်ရောင်းမည်

မြောက်ဥက္ကလာပမြို့နယ်၊ရွှေပေါက်ကံ၊ (၁၄)ရပ်ကွက်၊ ရာဇာဓိရာဇ်(၂)လမ်း၊ ပေ၄၀×၆၀ပေ၊ ဂရန်အမည်ပေါက် ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။ **ဖုန်း-၀၉-၅၀၈၁၆၆၀၊ ၀၉-၉၇၃၁၄၁၀၆၄**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F 0 2၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

## ပညာရေးဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(လားရှိုး)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ် (လားရှိုး)တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(၁) Networking Lab အတွက် လိုအပ်သော ပစ္စည်းအမျိုးအစား (၂၄) မျိုး
(၂) လုပ်ငန်းသုံးပစ္စည်းများ (၁၅) မျိုး
(၃) ရုံးသုံးစက်ပစ္စည်းများ (၂) မျိုး
(၄) ရုံးသုံးပရိဘောဂပစ္စည်းများ (၅) မျိုး

၂။ **အိတ်ဖွင့်တင်ဒါ** - ၁၂-၇-၂၀၁၆ရက်မှ
**စတင်ရောင်းချမည့်ရက်** ၁၂-၈-၂၀၁၆ရက်ထိ
**တင်ဒါနောက်ဆုံး** - ၁၂-၈-၂၀၁၆ရက်
**တင်သွင်းရမည့်ရက်၊ အချိန်** ၁၅း၃၀နာရီ
**တင်ဒါတင်သွင်းချိန်** - ရုံးဖွင့်ရက် ၉း၀၀နာရီမှ ၁၅း၃၀နာရီထိ
**တင်ဒါတင်သွင်းရမည့်နေရာ** - ကွန်ပျူတာတက္ကသိုလ်(လားရှိုး)

၃။ တင်ဒါတင်သွင်းမည့် ပစ္စည်းများနှင့် ပတ်သက်သော အချက်အလက်များကို ဖုန်း-၀၉-၅၂၆၂၆၃၃၊ ၀၉-၇၈၅၂၆၂၆၃၃သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးကော်မတီ**
**ကွန်ပျူတာတက္ကသိုလ်(လားရှိုး)**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ် ၆၈/ခ၊ မြေကွက်တည်နေရာအမှတ် ၆၈/ခ၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် C -၀၂၂၀၆၂ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြအေးကွယ်လွန်သဖြင့် ဒေါ်ခင်သန်း ၁၂/ဥကတ(နိုင်)၁၂၁၁၁၃ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အခွင့်အလမ်းဖွေရှာ ဘဝအတွက်တာ

# ထိုင်းသို့သွားရောက်အလုပ်လုပ်လိုသူများအတွက်

**ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**

**ပူပြင်းလှသော နေရောင်အောက်တွင် စာရွက်စာတမ်းများထည့်သော ဖိုင်အိတ်ရောင်စုံများကို ကိုင်ဆောင်ထားသည့် လူငယ်အချို့ ရပ်စောင့်နေကြသည်။ သွက်လက်ပုံရပြီး ဌာနဆိုင်ရာရုံးလုပ်ငန်းများနှင့် အကျွမ်းတဝင်ရှိပုံရသည့် လူငယ်တစ်ဦးနောက်သို့ တကောက်ကောက်လိုက်ကြရင်း မကြာမီရက်ပိုင်းအတွင်း နိုင်ငံခြားသို့ သွားရောက်ကြတော့မည်ဟု အားခဲကာ မျှော်လင့်ချက်အချို့ သူတို့ကိုယ်စီတွင် ရှင်သန်နေကြသည်။ သူတို့အားလုံး၏ ရည်မှန်းချက်က နိုင်ငံခြားသို့ သွားရောက်၍ အလုပ်လုပ်ကိုင်ခြင်းဖြင့် မိမိတို့မိသားစုကို ပြန်လည်ထောက်ပံ့မည်။ ကိုယ်တိုင်လည်း ခိုင်မာသည့်အလုပ်အကိုင်ဖြင့် ဘဝခရီးဖြောင့်ဖြူးကြတော့မည်ဟုသာ။**

နိုင်ငံရပ်ခြားတွင် အလုပ်သွားရောက်လုပ်ကိုင်လိုသည့်ဦးရေသည် ဆယ်စုနှစ်အတွင်း အမြင့်ဆုံးဖြစ်လာခဲ့ပြီး ထိုအထဲတွင် ယဉ်ကျေးမှုနီးစပ်ပြီး ပထဝီအနေအထားအရလည်း ကပ်လျက်ရှိသည့် ထိုင်းနိုင်ငံသည် လူငယ်များအတွက် နိုင်ငံရပ်ခြားအလုပ်လုပ်ကိုင်ရန် တံခါးတစ်ပေါက်ဖြစ်လာခဲ့သည်။

နှစ်ပေါင်း ၂၀ကျော်ကတည်းက တရားဝင်၊ တရားမဝင် သွားရောက်လုပ်ကိုင်မှုများ စတင်ခဲ့ရာ ယခုအခါ ထိုင်းနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာလုပ်သားပေါင်း သုံးသန်းကျော်ရှိသည်ဟု ဆိုကြပြီး ပြင်ပအဖွဲ့အစည်းများကမူ ငါးသန်းကျော်ပြီဟု ဆိုကြသည်။ ၁၉၉၀ပြည့်နှစ်မှစတင်ကာ ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်သားများ စတင်သွားရောက်လုပ်ကိုင်ကြပြီး ၁၉၉၉ခုနှစ်တွင် ပြည်ပအလုပ်အကိုင် အကျိုးဆောင် ကုမ္ပဏီများကို တရားဝင်စတင်ခွင့်ပြုပေးခဲ့ရာ လက်ရှိအချိန်တွင် ထိုင်းနိုင်ငံသို့ အလုပ်သမားပို့ဆောင်သည့် အကျိုးဆောင်အေဂျင်စီ စုစုပေါင်း ၇၀ ကျော်အထိ ရှိလာကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောကြားသည်။



### ထိုင်းသို့ တရားဝင် အလုပ်သမားစေလွှတ်မှု

ထိုင်းသို့ အလုပ်သမား တရားဝင်စေလွှတ်မှုကို ၂၀၀၃ ခုနှစ်တွင် နှစ်နိုင်ငံအစိုးရ သဘောတူညီမှု ရယူဆောင်ရွက်ခဲ့ပြီး နောက်ဆုံးအကြိမ်အဖြစ် ဇွန်လအတွင်းက ထိုင်းနိုင်ငံသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သွားရောက်ခဲ့ချိန်တွင် သဘောတူညီမှုများ ထပ်မံပြုလုပ်ထားပြီး ဖြစ်သည်။

### အထောက်အထားထုတ်ပေးမှု

ထိုင်းနိုင်ငံရောက်မြန်မာများအတွက် အထောက်အထား စတင်ထုတ်ပေးခဲ့ပြီး အထောက်အထားထုတ်ပေးကာလနှင့် ပတ်စ်ပို့သက်တမ်းကာလ မတူညီမှုများအတွက် ကျရောက်လာသည့် အခက်အခဲများအား အလုပ်သမားများလွယ်ကူစေရန် ယာယီနေထိုင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် - ပန်းရောင်ကတ်ထုတ်ပေးခြင်းနှင့် ပြည်ဝင်ခွင့် ဗီဇာသက်တမ်း လေးနှစ်နှင့် ခြောက်နှစ်ပြည့်သူများအတွက် တရားဝင်ဆက်လက်လုပ်ကိုင်နိုင်ရေး နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

### အရေးကြီးသည့်အလုပ်ရှင်/အလုပ်သမားသဘောတူစာချုပ်

အလုပ်သမားများတရားဝင် ပြည်ပသို့ သွားရောက်သည့်အခါ ပထမဆုံးအနေဖြင့် အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ်ချုပ်ဆိုသွားရန် ဝန်ကြီးဌာနက ညွှန်ကြားထားပြီး စာချုပ်သက်တမ်း၊ လုပ်ခလစာ၊ အချိန်ပို၊ လုပ်ငန်းအမျိုးအစား၊ စားဝတ်နေရေး သဘောတူညီမှု၊ ခရီးသွားလာခွင့်၊ အပြန်စရိတ်နှင့် ဆေးကုသခွင့်စသည့် အခြေခံအချက်များနှင့် အလုပ်သမားများ၏ လိုက်နာရမည့်စည်းကမ်းများကို ထည့်သွင်းထားသည်။ ယင်းအချက်အလက်များကို တရားဝင်လိုင်စင်ရ အေဂျင်စီများက ဆက်သွယ်ညှိနှိုင်းချုပ်ဆိုပေးရန် လိုအပ်သည်။ မူလစာချုပ်ချုပ်ဆိုစဉ်က သဘောတူညီခဲ့သည့် အလုပ်အကိုင်နှင့် နေရာ၊ လုပ်ငန်းအမျိုးအစားတို့ တကယ်ရောက်ရှိသွားသည့်အခါတွင် မတူညီပါက တိုင်တန်းနိုင်ပြီး အေဂျင်စီများကို လအလိုက်၊ နှစ်အလိုက် ယာယီသို့မဟုတ် အပြီးရပ်စဲပိတ်သိမ်းခြင်းဖြင့် စည်းကမ်းထိန်းသိမ်းမှုကို ဝန်ကြီးဌာနက ဆောင်ရွက်ကြောင်း သိရသည်။

### ထိုင်းသို့သွားမည့်ဝန်ဆောင်ခ

လက်ရှိကာလအတွင်း ထိုင်းနိုင်ငံက မြန်မာအလုပ်သမား ၃၀၀၀ ကျော်ကို ခေါ်ယူလျက်ရှိရာ ခေါ်ယူလျက်ရှိသည့် လုပ်ငန်းအမျိုးအစား၊ တည်နေရာ၊ လိုအပ်သည့် အလုပ်သမားအရေအတွက်၊ ရရှိနိုင်သည့် တစ်ရက်အတွက်လုပ်အားခ၊ စာချုပ်သက်တမ်း၊ ဝန်ဆောင်ခနှင့် တရားဝင်ဆောင်ရွက်လျက်ရှိသော အေဂျင်စီများကို ဇယားတွင် လေ့လာနိုင်သည်။ အလုပ်သမားများကို ပြည်ပသို့စေလွှတ်ရာတွင် နိုင်ငံအလိုက်ပေးရမည့် အကျိုးဆောင်ခများကို သတ်မှတ်ထားပြီး ထိုင်းနိုင်ငံသို့ အလုပ်သမားတစ်ဦး ပို့ဆောင်မှုအတွက် ထိုင်းဘတ်ငွေတစ်သောင်းနှင့် မြန်မာကျပ်ငွေတစ်သိန်းခွဲ ဖြစ်သည်။ ပိုမိုတောင်းခံပါက အလုပ်သမားများအနေဖြင့် တိုင်ကြားနိုင်ကြောင်း သိရသည်။

### လိုအပ်ချက်နှင့် ကျွမ်းကျင်မှု

ထိုင်းနိုင်ငံသို့ တရားဝင်သွားရောက်ရာတွင် ဆောက်လုပ်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် စက်ရုံအလုပ်ရုံများအတွက် လိုအပ်သည့် လုပ်သားအရေအတွက်ကို ဖြည့်တင်းရခြင်းဖြစ်သဖြင့် ကျွမ်းကျင်သည့် ဝန်ထမ်းများဖြစ်စေရန်လည်း အထူးလိုအပ်ပြီး မိမိတို့ဝါသနာနှင့် ကိုက်ညီမှုရှိသည့်လုပ်ငန်းများကို စနစ်တကျရွေးချယ်ကာ လိုအပ်သည့်သင်တန်းများ တက်ရောက်ထားသင့်သည်။ တရားဝင်စေလွှတ်ခြင်းခံရသည့် လုပ်သားများကို နိုင်ငံတွင်းမှ မထွက်ခွာမီကတည်းက လုပ်ငန်းခွင်အကြို ကျွမ်းကျင်မှုသင်တန်းများကို သက်ဆိုင်ရာ ပြည်ပအလုပ်အကိုင်အကျိုးဆောင်အေဂျင်စီများက တာဝန်ယူသင်ကြားပေးရာ မဖြစ်မနေ တက်ရောက်ကြရန်လိုအပ်ပြီး အချိန်ကာလအားဖြင့် နှစ်ပတ်မှ တစ်လအထိ ကြာမြင့်တတ်သည်။

### ကြုံတွေ့ရနိုင်သည့် အခက်အခဲနှင့်စိန်ခေါ်မှု

နှစ်နိုင်ငံညှိနှိုင်းနေဆဲ သဘောတူညီချက်များအရ အခွင့်အရေးများစွာ တိုးတက်လာသော်လည်း ထိုင်းနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာလုပ်သားများသည် ထိုင်းနိုင်ငံ၏ အလုပ်သမားအခွင့်အရေးများကို နိုင်ငံသားများနည်းတူ ရရှိရန်ခက်ခဲမှုများ ရှိနေဆဲဖြစ်သည်။ သို့သော် ထိုင်းရောက်မြန်မာလုပ်သားများ၏ တောင်းဆိုချက်များအနက်မှ မြို့နယ်မတူသည့်နေရာများသို့ တစ်ပတ်တိတိ သွားလာလည်ပတ်ခွင့်၊ or er အလွယ်တကူရရှိခွင့်၊ အလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် ဆေးကုသခွင့်၊ လုပ်သားများ ရောက်ရှိပြီး ရက်ပေါင်း ၉၀ အတွင်း သက်ဆိုင်ရာလဝကသို့ သတင်းပို့ခြင်းစသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန် အစိုးရတာဝန်ရှိသူများက ကြိုးပမ်းနေကြသည်။ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများသည် အလုပ်ချိန်ကြာမြင့်ခြင်း၊ ဘာသာစကားနှင့် ဓလေ့ထုံးစံတို့မတူညီခြင်း၊ မိသားစုနှင့်ဝေးကွာနေရခြင်း၊ ရာသီဥတုကွာခြားခြင်း၊ လုပ်ခလစာနည်းပါးခြင်းစသည့် အခက်အခဲများရှိသည်ကို ကြိုတင်တွက်ဆထားကြရန် မဖြစ်မနေ လိုအပ်မည်ဖြစ်သည်။

*စာမျက်နှာ (၁၈) သို့*

## ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစည်းအဝေးခွင့်ပြုမိန့်ရရှိပြီးသော ထိုင်းသို့ အလုပ်သမားစေလွှတ်ခွင့်ရရှိသည့် လုပ်ငန်းများ

| စဉ် | စေလွှတ်မည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီများ၏အမည် | ထိုင်းနိုင်ငံရှိ ကုမ္ပဏီအမည် | လုပ်ငန်းတည်နေရာ | လုပ်ငန်းနှင့် အလုပ်အကိုင် အမျိုးအစား | လုပ်သားဦးရေ ကျား | မ | ပေါင်း | တစ်ရက် လုပ်ခ (ဘတ်) | စာချုပ် သက်တမ်း | ဝန်ဆောင်စရိတ် (ကျပ်) |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | International Focus Oversea Employment Agency | Trimitr Enginering Co.,Ltd | Phuket | ဆောက်လုပ်ရေး လုပ်ငန်း | ၇၅ | ၂၅ | ၁၀၀ | ၃၀၀ | ၂ နှစ် | ၁၅၀,၀၀၀ |
| | | Siam International Food Co.,Ltd | Songkhla | စည်သွပ်ဘူး လုပ်ငန်း | ၁၀၀ | ၁၀၀ | ၂၀၀ | ၃၀၀ | ၂ နှစ် | ၁၅၀,၀၀၀ |
| | | E Hup Huat Co.,Ltd | Songkhla | ရော်ဘာပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်း | ၁၇ | ၈ | ၂၅ | ၃၀၀ | ၂ နှစ် | ၁၅၀,၀၀၀ |
| | | Siam Sempermed Co.,Ltd | Songkhla | ရော်ဘာပစ္စည်း လက်အိတ် လုပ်ငန်း | ၇၀ | ၁၃၀ | ၂၀၀ | ၃၀၀ | ၂ နှစ် | ၁၅၀,၀၀၀ |
| ၂ | Libra Life Services Co.,Ltd | Thanavat Suprungruaeng Co.,Ltd (Thaihuawei Battery Co.,Ltd) | Samutsakhon | ဘက်ထရီလုပ်ငန်း | - | ၅၀ | ၅၀ | ၃၀၀ | ၂ နှစ် | ၁၅၀,၀၀၀ |
| | | Chinnavornyla Construction Ltd., Part | Songkhla | ဆောက်လုပ်ရေး လုပ်ငန်း | ၁၀ | - | ၁၀ | ၃၀၀ | ၂ နှစ် | ၁၅၀,၀၀၀ |
| | | Banglen Park Vill Co.,Ltd | Nakhonpathom | ငါးရောင်းဝယ်ရေး လုပ်ငန်း | ၁၅ | ၁၅ | ၃၀ | ၃၀၀ | ၂ နှစ် | ၁၅၀,၀၀၀ |
| | | Banglen Park Vill Co.,Ltd | Nakhonpathom | ငါးရောင်းဝယ်ရေး လုပ်ငန်း | ၂၀ | ၁၀ | ၃၀ | ၃၀၀ | ၂ နှစ် | ၁၅၀,၀၀၀ |
| | | Mr. Sakkanat Promsombat | Nakhonpathom | စိုက်ပျိုးမွေးမြူရေးလုပ်ငန်း | ၆ | ၆ | ၁၂ | ၃၀၀ | ၂ နှစ် | ၁၅၀,၀၀၀ |
| | | Future Garment Co.,Ltd | Bangkok | အထည်ချုပ် လုပ်ငန်း | ၂၀ | ၃၀ | ၅၀ | ၃၀၀ | ၂ နှစ် | ၁၅၀,၀၀၀ |
| | | Hi- Tech Apparel Co.,Ltd | Bangkok | အထည်ချုပ် လုပ်ငန်း | ၁၆ | ၃၄ | ၅၀ | ၃၀၀ | ၂ နှစ် | ၁၅၀,၀၀၀ |
| | Libra Life Services Co.,Ltd | Chokanansup Co.,Ltd | Krabi | အဝတ်အထည် သန့်စင်သည့် လုပ်ငန်း | ၅ | - | ၅ | ၃၀၀ | ၂ နှစ် | ၁၅၀,၀၀၀ |
| | | Choktanaset Oil Co.,Ltd | Krabi | ဓါတ်ဆီဆိုင် လုပ်ငန်း | ၂ | - | ၂ | ၃၀၀ | ၂ နှစ် | ၁၅၀,၀၀၀ |
| | | Mr.Adisorn Sawamipak | Nathaburi | ဆောက်လုပ်ရေး လုပ်ငန်း | ၂၂ | ၈ | ၃၀ | ၃၀၀ | ၂ နှစ် | ၁၅၀,၀၀၀ |
| | | KCF Petro Co.,Ltd | Nakhonpathom | ဓါတ်ဆီဆိုင် လုပ်ငန်း | ၄ | ၆ | ၁၀ | ၃၀၀ | ၂ နှစ် | ၁၅၀,၀၀၀ |
| | | Kasemchai Farm Group Co.,Ltd | Nakhonpathom | ကြက်၊ ဘဲ မွေးမြူရေးလုပ်ငန်း | ၁၀ | ၁၀ | ၂၀ | ၃၀၀ | ၂ နှစ် | ၁၅၀,၀၀၀ |
| ၃ | Yun Nadi Oo & Associates Services Co.,Ltd | Cal- Comp Electronics (Thailand) Public Co.,Ltd | Petchaburi | လျှပ်စစ်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်း | ၁၀၀ | ၁၀၀ | ၂၀၀ | ၃၀၀ | ၂ နှစ် | ၁၅၀,၀၀၀ |
| ၄ | Shwe Pyi Nyein International Co., Ltd | Cal- Comp Electronics (Thailand) Public Co.,Ltd | Petchaburi | လျှပ်စစ်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်း | ၁၀၀ | ၁၀၀ | ၂၀၀ | ၃၀၀ | ၂ နှစ် | ၁၅၀,၀၀၀ |
| ၅ | Top Choice Manpower Co.,Ltd | Asia Thai Construction Co.,Ltd | Bangkok | ဆောက်လုပ်ရေး လုပ်ငန်း | ၅၀ | - | ၅၀ | ၃၀၀ | ၂ နှစ် | ၁၅၀,၀၀၀ |
| | | Asia Thai Construction Co.,Ltd | Bangkok | ဆောက်လုပ်ရေး လုပ်ငန်း | ၅၀ | - | ၅၀ | ၃၀၀ | ၂ နှစ် | ၁၅၀,၀၀၀ |
| ၆ | Kaung Myat San Thu Co., Ltd | Prasertsuk Civil Co.,Ltd | Phuket | ဆောက်လုပ်ရေး လုပ်ငန်း | ၃၀ | - | ၃၀ | ၃၀၀ | ၂ နှစ် | ၁၅၀,၀၀၀ |
| ၇ | Good Job Co.,Ltd | P. Chong Charoen Co.,Ltd | Nakhonpathom | ရေမြှုပ်ဖော့ လုပ်ငန်း | ၃ | ၁ | ၄ | ၃၀၀ | ၂ နှစ် | ၁၅၀,၀၀၀ |
| ၈ | Today Top Star General Services Co.,Ltd | Unicord Public Co.,Ltd | Samutsakhon | ပင်လယ်စာ စည်သွပ်ဘူး လုပ်ငန်း | ၃၅ | ၆၅ | ၁၀၀ | ၃၀၀ | ၂ နှစ် | ၁၅၀,၀၀၀ |
| | | Unicord Public Co.,Ltd | Samutsakhon | ပင်လယ်စာ စည်သွပ်ဘူး လုပ်ငန်း | ၇၀ | ၁၃၀ | ၂၀၀ | ၃၀၀ | ၂ နှစ် | ၁၅၀,၀၀၀ |
| | စုစုပေါင်း | | | | ၈၃၀ | ၈၇၈ | ၁၇၀၈ | | | |

ခရီးသွားဆောင်းပါး

# အားမာန်ဝင့်ထည် ရခိုင်ပြည်နယ်ဆီသို့

သတင်းနှင့်ဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-မောင်ချစ်ကြည်

**တိမ်**များကို တိုးဝင်ပျံသန်းလာသော လေယာဉ်က တုန်ခါနေသည်။ လေယာဉ်ပြတင်းပေါက်မှ အပြင်သို့လှမ်းကြည့်လိုက်ရာ အဖြူရောင်တိမ်တိုက်များမှလွဲပြီး ဘာမှမမြင်ရ။ ပြင်ပရာသီဥတု မငြိမ်မသက်ဖြစ်မှုကြောင့် ခရီးသည်များ ထိုင်ခုံခါးပတ်များပတ်ထားကြရန် လေယာဉ်မယ်၏ သတိပေးချက်ထွက်ပေါ်လာသည်။ မိုးဦးကာလတွင် တိမ်ထူထပ်တတ်သည်မှာသဘာဝမို့ ခရီးသည်အများစုက ပုံမှန်အနေအထားပင်။ မကြာမီတိမ်များကြားမှ တိုးထွက်လာသောလေယာဉ်က တည်ငြိမ်စွာပျံသန်းရင်း စစ်တွေလေဆိပ်သို့ ဆင်းသက်ရန် တစ်ပတ်ဝဲလိုက်သည်။ ရခိုင်ပြည်နယ်မြို့တော် စစ်တွေက ညနေခင်းနေရောင်အောက်၌ လှပတောက်ပစွာ။



လေယာဉ်ပေါ်မှ ရခိုင်ပြည်နယ်ရှိ မြစ်ချောင်းများနှင့် စိုက်ခင်းအချို့မြင်ကွင်းကို တွေ့ရစဉ်

အခုတလော ရခိုင်ပြည်နယ်တွင် မိုးကြီးကာလရေလွှမ်းမှုများ ဆက်တိုက်ဖြစ်ပေါ်နေကြောင်း ကြားသိရသည်။ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံအနောက်ပိုင်းတွင် တည်ရှိသော်လည်း ရန်ကုန်လေဆိပ်မှ စစ်တွေလေဆိပ်သို့ လေယာဉ်ပျံသန်းချိန် ၄၅ မိနစ်ခန့်သာ ကြာသည်။ ရန်ကုန်မှစစ်တွေသို့ မိနစ်ပိုင်းအတွင်း မျက်လှည့်ပြလိုက်သလို ရောက်ရှိလာရာ ခရီးမဝေး၊ ကားလမ်းဖြင့်လည်း နေ့ချင်းပေါက်လာရောက်နိုင်နေပြီဖြစ်ရာ ကုန်းလမ်း၊ လေကြောင်းနှစ်သက်ရာ ရွေးချယ်သွားလာနိုင်ကြပြီး နှစ်ပေါင်းများစွာ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကို ကျော်လွှားနိုင်ခဲ့ရာ ကုန်းလမ်းခရီးနီးခဲ့ပြီ ဖြစ်သည်။ မိုးကာလနေရာအချို့တွင် ရေကြီးရေလျှံမှုရှိသော်လည်း ရခိုင်သားတို့ အန်တုကျော်လွှားနိုင်ခဲ့တာချည်းဖြစ်သည်။ စိတ်ဓာတ်ကြံ့ခိုင်သူများအဖြစ် အသိအမှတ်ပြုရသည်။

ကျွန်တော်တို့ စစ်တွေမြို့သို့ ရောက်ခဲ့သည်။ ရခိုင်ပြည်နယ်၏ မြို့တော်ဖြစ်သည်နှင့်အညီ စည်ကားသည်။ ခရိုင်မြို့လည်းဖြစ်ပြီး မြို့နယ်မြို့လည်း ဖြစ်သည့်အပြင် ရေကြောင်း၊ ကုန်းကြောင်းနှင့် လေကြောင်းခရီးစဉ်များဖြင့် ဝင်ထွက်သွားလာနိုင်သည်ဖြစ်ရာ စစ်တွေမြို့မှ တစ်နိုင်ငံလုံးသို့ ဖြန့်ကြက်သွားလာနိုင်နေပြီဖြစ်သည်။ စစ်တွေမြို့နယ်တွင် ရပ်ကွက် ၃၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၇ အုပ်စုရှိပြီး လူဦးရေ ၁၄၇၈၉၉ ဦးခန့် နေထိုင်သည်။ လယ်ယာစိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ရာ ဒေသတွင်းဖူလုံရုံမက အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ တင်ပို့ရောင်းချနိုင်သည်။ စစ်တွေမြို့ ကမ်းနားတွင် နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းတည်ဆောက်နေရာ ပြီးစီးသွားပါက အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဖြစ်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများလည်း ထွက်ပေါ်လာမည်မှာအသေအချာပင်။

စစ်တွေမြို့၏ ထူးခြားချက်က အပန်းဖြေကမ်းခြေတည်ရှိနေခြင်းဖြစ်သည်။ ဗျူးပွိုင့်ကမ်းခြေက ကွန်ကရစ်လမ်း ထိုင်ခုံတန်းများ၊ ရခိုင်ရိုးရာကျင်ကိုင်ရုပ်တု၊ ဗျာလဘာရ်ရုပ်တု၊ မျှော်စင်နှင့် ရှုခင်းကြည့် အပန်းဖြေနေရာများက စိတ်ရွှင်လန်းအေးချမ်းမှုကို အပြည့်ပေးသည်။ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ လာရောက်သည့် နိုင်ငံခြားသားများ၊ ခရီးသွားဧည့်သည်များက ဗျူးပွိုင့်ကမ်းခြေသို့ မဖြစ်မနေ လာရောက်ကြည့်ရှု အပန်းဖြေကြသည်။ စစ်တွေမြို့၏ ဂုဏ်ယူ ပြသဖွယ်ရာ အဓိကနေရာတစ်ခုအဖြစ် ရပ်တည်နေသည်။ ခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်မှုတစ်ရပ်ဖြစ်လေသည်။ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများရှိနေရာ ညီညွတ်ခြင်း၊ စုပေါင်းဆောင်ရွက်ခြင်းဖြင့် စီးပွားရေးဖြစ်ထွန်းမှု ရလဒ်ကောင်းများ ထွက်ပေါ်ရန် ရောင်နီသန်းနေသည်ကို တွေ့ရသည်။

ရခိုင်ရိုးမတောင်တန်း၊ တောင်စွယ်များ၊ မြစ်ချောင်းများနှင့် ပင်လယ်ပြင်တို့နှင့် ဆက်စပ်တည်ရှိနေသော ရခိုင်ပြည်နယ်က ဧရိယာစတုရန်း မိုင် ၁၄၂၀၀ ကျော်ရှိပြီး ၂၀၁၄ ခုနှစ်က ကောက်ယူခဲ့သော စာရင်းအရ လူဦးရေ ၃၁၈၈၈၀၇ ဦးရှိရာ မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အဋ္ဌမမြောက်လူဦးရေအများဆုံးဖြစ်ကြောင်း သိရသည်။ မြို့ပေါ်နှင့် ကျေးလက်များတွင် လူဦးရေသိပ်သည်းခြင်းမရှိ၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် အခြေခံကောင်းများ၊ သဘာဝသယံဇာတများလည်း ပိုင်ဆိုင်ထားရာ မကြာမီကာလများတွင် ဖွံ့ဖြိုးမှုလှေကားထစ်များကို တစ်လှမ်းချင်းလှမ်းတက်လာနိုင်တော့မည်။

စစ်တွေမြို့နယ်နှင့်အနီးဆုံးက ပုဏ္ဏားကျွန်းမြို့နယ်ပင်။ ကုလားတန်မြစ်နှင့်မယူမြစ်အကြား ကျဉ်းမြောင်းရှည်လျားစွာ တည်ရှိနေသော မြို့နယ်ဖြစ်ပြီး စစ်တွေမှရေကြောင်းခရီး ၁၆ မိုင်ရှိသော်လည်း ယခုအခါကားများဖြင့်သာ အသွားအလာများနေပြီး အကျယ်အဝန်းစတုရန်းမိုင် ၄၃၉ ဒသမ ၆၁ စတုရန်းမိုင်ရှိပြီး မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၉၂ စုရှိကာ ကျေးရွာပေါင်း ၁၉၃ ရွာတည်ရှိသော မြို့နယ်ဖြစ်သည်။ ပုဏ္ဏားကျွန်းမြို့တွင် အထင်ကရအဖြစ် ကြည်ညိုသပ္ပာယ်စရာကောင်းသော ဦးရာဇ်တောင်စေတီဖြစ်ပြီး ကြိုးတံတားကိုဖြတ်ကာ တောင်ပေါ်တက်ဖူးမြော်ရသည့် စေတီဖြစ်သည်။

ပုဏ္ဏားကျွန်းမြို့နယ်တွင် စက်မှုဇုန်စီမံကိန်းတည်ရှိကာ အကျယ်အဝန်း ၁၈၃၃ ဒသမ ၁၅ ဧကပေါ်၌ အကောင်အထည်ဖော်မှုအဖြစ် လမ်းလုပ်ငန်း၊ မြေကြီးလုပ်ငန်းများစတင်ဆောင်ရွက်နေပြီ။ စက်မှုဇုန်ပတ်လမ်းဖောက်နေရာ လောလောဆယ်တွင် မြေသားလမ်း ၃ ဒသမ ၇၁ မိုင်ရောက်ရှိနေပြီဖြစ်သည်။ မြေယာလျော်ကြေးပေးမှုများလည်း ဆောင်ရွက်လျက်ရှိရာ သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ပြီးမြောက်နိုင်ရေး ကြိုးစားလျက်ရှိသည်။ ပုဏ္ဏားကျွန်းစက်မှုဇုန်လည်ပတ်ပါက စီးပွားရေးအခွင့်အလမ်း၊ လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ထွက်ပေါ်လာတော့မည်။

ပုဏ္ဏားကျွန်းစက်မှုဇုန်နှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ပုဏ္ဏားကျွန်းမြို့ အနောက်မြောက်ဘက် ၁၁ မိုင်ခန့်အကွာ ခမီးကြိမ်ချောင်းရွာအနီး၌ ခမီးကြိမ်ချောင်းရေလှောင်တမံလည်း တည်ဆောက်ထားပြီဖြစ်သည်။ စက်မှုဇုန်နှင့် စိုက်ပျိုးရေးအတွက် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများပင်ဖြစ်သည်။ တစ်ဖန်ဂူဝမိုးရေလှောင်ကန်လည်းပြီးစီးနေပြီဖြစ်၍ ပြည်သူများအတွက် သောက်သုံးရေများလည်း ဖြည့်ဆည်းပေးနိုင်ပြီဖြစ်သည်။ ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံမှလည်း ဓာတ်အားဖြန့်ဖြူးပေးနိုင်လျက်ရှိရာ ရေလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်သော ပုဏ္ဏားကျွန်းမြို့နယ်၏ အနာဂတ်ဖွံ့ဖြိုးမှုများကလည်း လှပဝေဖြာလာတော့မည်။ စုပေါင်းလက်တွဲဆောင်ရွက်မှုအားဖြင့် တိုးတက်မှုအလှတရားများကို ထုဆစ်ပုံဖော်တော့မည်မှာ မလွဲကေန်ပင်။

ပုဏ္ဏားကျွန်းမြို့နယ်နှင့်ဆက်စပ်နေသည်က ကျောက်တော်မြို့ဖြစ်သည်။ ကစ္ဆပနဒီမြစ်က ကျောက်တော်မြို့အတွက် သဘာဝက ပေးထားသော လက်ဆောင်ဖြစ်ပြီးဒေသအတွက် အကျိုးပြုသည်။ စစ်တွေ-ရန်ကုန်ကားလမ်းက ကျောက်တော်မြို့ကို ဖြတ်သန်းဖောက်လုပ်ထားသဖြင့် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေသည်ဖြစ်ရာ ရေလမ်း၊ ကုန်းလမ်းခရီးပေါက်သည့် မြို့နယ်အဖြစ် ထင်ရှားသည်။ ယခုတိုင်တည်ရှိနေသော ကျောက်တော်မြို့တစ်ဖက်ကမ်း ငါးမိုင်ခန့်အကွာမှ မဟာမုနိရုပ်ပွားတော်ကြီး မူလကိန်းဝပ်ခဲ့ရာ နေရာက ပြည်တွင်းပြည်ပ ဘုရားဖူးများပြတ်သွားသည်မရှိခဲ့။ နွေ၊ မိုး၊ ဆောင်းခရီးသည်များ မပြတ်တမ်းရောက်ရှိနေသည့်နေရာလည်းဖြစ်သည်။

မြောက်ဦးခရိုင်အတွင်း ပါဝင်သော ကျောက်တော်မြို့နယ်က မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက် ရှိပြီး ရှမ်းရွာ၊ မြို့သစ်၊ ကျောက်တော်၊ ပြည်တော်သာနှင့်ပိုက်သည်ရပ်ကွက်များ ဖြစ်သည်။ ကျေးရွာအုပ်စု ၇၈ အုပ်စုရှိပြီး လူဦးရေ ၁၅၃၆၀၈ ဦးရှိရာ လူနေများပြားသည်။ စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သည်ဖြစ်ပြီး ကျောက်တော်မြို့ဝန်းကျင် နွေ၊ မိုး၊ ဆောင်း စိုက်ခင်းများဖြင့် ဖုံးလွှမ်းနေတတ်သဖြင့် ရာသီအလိုက်စိုက်ခင်းများက ပြောင်းလဲနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ မိုးနှင့်နွေရာသီတွင် စိုက်ဧက ၁၂၀၀၀၀ ကျော်ရှိပြီး နွေစပါးလျာထားချက်က ဧက ၅၀၀၀ ကျော်ဖြစ်ရာ ကျောက်တော်မြို့နယ်တစ်ခွင်တွင် စိမ်းစိုယိမ်းနွဲ့နေသောစိုက်ခင်းများက တစ်မျှော်တစ်ခေါ်။

လမ်းပန်းဆက်သွယ်ရေးက ကုန်းလမ်း၊ ရေလမ်းတို့ဖြင့်သွားလာနိုင်သည်။ ကျောက်တော်မြို့နယ်အတွင်း စိုက်ပျိုးရေးဇုန်နှင့် မွေးမြူရေးဇုန်များ အကောင်အထည်ဖော်နိုင်ရန် စီစဉ်နေပြီဖြစ်ရာ ဝမ်းမြောက်စရာပင်။ ပုဏ္ဏားရွာ၊ ကန်ထောင့်ရွာနှင့် သဝန်ကိုင်းရွာတို့တွင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများရှိနေပြီး စိုက်ပျိုးရန်ရေပေးဝေမှုများအပြင် ကျောက်တော်မြို့တွင် စိုက်ပျိုးရေးသိပ္ပံဖွင့်ထားပြီးဖြစ်ရာ ကျောင်းဆင်းလူငယ်များအတွက် နည်းပညာသစ်ဖြင့် အောင်မြင်သောစိုက်ပျိုးရေးခေတ်သစ်ကို ဖော်ဆောင်နိုင်တော့မည်။ လက်တွေ့ဖော်ဆောင်ရာတွင် အခက်အခဲအချို့နှင့် ကြုံတွေ့ရမည်ဖြစ်သော်လည်း ညီညွတ်ခြင်း၊ ပေါင်းစည်းခြင်း၊ လက်တွဲရင်ဆိုင်ဖြေရှင်းခြင်းတို့ဖြင့် ကျော်လွှားနိုင်မည်မှာ အမှန်ပင်။ ကစ္ဆပနဒီမြစ်ရေစီးသံများက ကျောက်တော်မြို့နယ်အနာဂတ်ဖွံ့ဖြိုးရေးအတွက် လှပသောသံစဉ်များဖြစ်လာပေတော့မည်။ အို**....**ကစ္ဆပနဒီ။



ကျောက်တော်မြို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသည်က မြောက်ဦးမြို့နယ်။ မြောက်ဦးမြို့နယ်ဟု ဆိုလိုက်သည်နှင့် ရှေးဟောင်းစေတီပုထိုးများ၊ နန်းမြို့ရိုးဟောင်းများက မျက်စိထဲမြင်ယောင်လာသည်။ ရခိုင်ပြည်နယ် သမိုင်းမှတ်တမ်းတွင် ထီးနန်းစိုက်ရာ မင်းနေပြည်တော်ဖြစ်ခဲ့သည့်မှတ်တမ်းများ၊ ပုံရိပ်များက ယခုထိတိုင်ခိုင်ခိုင်မြဲမြဲတည်ရှိနေဆဲ။

မြောက်ဦးက ခရိုင်ရုံးစိုက်ရာမြို့ဖြစ်သလို မြို့နယ်ရုံးစိုက်ရာမြို့လည်းဖြစ်သည်။ မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၉၃ အုပ်စုရှိသည်။ ၂၀၁၄ ခုနှစ် စာရင်းအရလူဦးရေ ၁၉၉၆၃၀ နေထိုင်ရာ သိပ်သည်းမှုမရှိချေ။ မြောက်ဦးမြို့နယ်က စိုက်ပျိုးရေးနှင့်ခရီးသွားလုပ်ငန်းတို့ အခြေခိုင်ခိုင်ဖြင့် ဖြစ်ထွန်းရန်အရှိန်ယူနေပြီဖြစ်သည်။ မြောက်ဦးမြို့နယ်ကင်းဆိပ်ကျေးရွာအနီးတွင် ဟိုတယ်ဇုန်ဖော်ထုတ်ရန် အစီအစဉ်ရှိနေရာ မြေဧက ၄၀၀ ကျော်ပေါ်၌ အကောင်အထည်ဖော်ရန် စီမံကိန်းရှိကြောင်း သိရသည်။

မြောက်ဦးလေယာဉ်ကွင်းလည်း တည်ဆောက်နေပြီဖြစ်ရာ လောလောဆယ်တွင် လေယာဉ်ကွင်းလမ်းလုပ်ငန်း၊ မြေကြီးလုပ်ငန်းများ စတင်နေရာ အချို့လုပ်ငန်းများအကောင်အထည်ပေါ်နေသည်ကို တွေ့ရသည်။ လေယာဉ်ကွင်းပြီးစီးပါက ရန်ကုန်-မြောက်ဦးလေကြောင်းခရီးစဉ်ဖြင့် ခရီးသွားများလာတော့မည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် မြောက်ဦး၏ အဓိကစီးပွားရေးလုပ်ငန်းအဖြစ် မကြာမီအချိန်အတွင်း ရောက်ရှိလာတော့မည်ဖြစ်သည်။ ရန်ကုန်-မြောက်ဦးလေကြောင်းခရီးစဉ်ဖြင့် မိနစ်ပိုင်းအတွင်းရောက်လာမည့် ဧည့်သည်များအတွက် ဟိုတယ်များလည်း အသင့်ရှိနေအောင် စီမံနေပြီဖြစ်ရာ ရှေးဟောင်းအမွေအနှစ်များတည်ရှိရာ မြောက်ဦးမြို့အနာဂတ်က လှပဝေဖြာလာတော့မည်မှာ သေချာနေသည်။

မြောက်ဦးမြို့နယ်နှင့် ဆက်စပ်နေသည်က မင်းပြားမြို့နယ်ဖြစ်သည်။ ရခိုင်ပြည်နယ်မြောက်ဖျားတွင်တည်ရှိပြီး လမ်းဆုံသည့်မြို့လည်းဖြစ်သည်။ စစ်တွေ-ရန်ကုန်ကားလမ်းက မင်းပြားမြို့အနီးရာမောင်တံတားကိုဖြတ်ကာ ရန်ကုန်အပါအဝင် ပြည်မရှိမြို့များသို့ ခရီးပေါက်သည်။ မင်းပြားမြို့မှ တောင်ကုတ်၊ မအီမြို့များသို့ ခရီးဆက်နိုင်သည့်အပြင် သံတွဲမြို့နှင့် ငပလီအထိကားလမ်းခရီးဖြင့် ချောမောစွာသွားလာနိုင်ရန် ခရီးလမ်းပေါက်သည်။ ရခိုင်ပြည်နယ်အတွင်း ရသေ့တောင်နှင့် မြေပုံမြို့များသို့သွားလျှင် မင်းပြားမြို့မှ လေးမြို့မြစ်ကိုဖြတ်ကာသွားပါက အချိန်တိုအတွင်းရောက်ရှိရာ မင်းပြားမြို့က လမ်းဆုံ၊ လမ်းခွအဖြစ် တည်ရှိနေခြင်းဖြစ်သည်။ နှစ်ပေါင်းများစွာသွားလာရခက်ခဲသောမြေပုံမြို့သို့ ကားလမ်းပေါက်ရန် မင်းပြား-မြေပုံဆက်သွယ်ထားသည့် ကြက်ဆင်တံတားကို မင်းပြားမြို့မှ သုံးမိုင်ခန့်ဝေးသောနေရာတွင် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေးကိုအဓိကထားပြီးမွေးမြူရေးနှင့်ရေလုပ်ငန်းများကိုလည်းလုပ်ကိုင်သော မင်းပြားမြို့နယ်က မြစ်၊ ချောင်းများရေလျှံမှုကိုကာကွယ်နိုင်ရေးကြိုးစားနေသည်။ မင်းပြားမြို့တွင်းလမ်းများအဆင့်မြှင့်တင်ရန်လည်း လိုအပ်နေရာညီညွတ်မှုအင်အားဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုကာ လက်တွဲအကောင်အထည်ဖော်နိုင်လျှင် မင်းပြားမြို့နယ်သည်လည်း ရခိုင်ပြည်နယ်တွင်ဖွံ့ဖြိုးမှု အသီးအပွင့်များဖြင့် ဝေဆာလာမည်မှာအမှန်ပင်။

ရခိုင်ပြည်နယ်တွင် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကြောင့် နာမည်ကျော်နေသည်က ရမ်းဗြဲကျွန်းမြောက်ဘက်တွင်တည်ရှိနေသော ကျောက်ဖြူမြို့နယ်ဖြစ်သည်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းများ၊ ကမ်းလွန်သဘာဝဓာတ်ငွေ့တူးဖော်နေသည့် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းတို့က ကျောက်ဖြူမြို့နယ်တွင် စုပြုံတည်ရှိနေသည်။ ရခိုင်ပြည်နယ်၏ အနာဂတ်ဖွံ့ဖြိုးမှု အလှအိပ်မက်က ကျောက်ဖြူ။

ကျောက်ဖြူမြို့နယ်ကအရှေ့မှအနောက်သို့ ၅၄ မိုင်ရှိပြီး တောင်မှမြောက်သို့မိုင် ၉၀ ရှိကာ အကျယ်အဝန်း ၆၇၈ ဒသမ ၃၅ စတုရန်းမိုင်ကျယ်ဝန်းကြောင်း သိရသည်။ အရှေ့ဘက်တွင် အမ်းမြို့နယ်၊ တောင်ဘက်တွင်ရမ်းဗြဲမြို့နယ်၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်တို့ရှိကာကျွန်းပေါင်း ၇၁ ကျွန်းဖြင့်စုဖွဲ့တည်ရှိနေခြင်းဖြစ်သည်။ စိုက်ပျိုးရေး၊ ဆားလုပ်ငန်း၊ ရေလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ပြီး ငါး၊ ပုစွန်၊ ငါးခြောက်တို့ထွက်ရှိသည်။

ကျောက်ဖြူရေနက်ဆိပ်ကမ်းက လာမည့်၂၀၁၇ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ရန်ရှိနေပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန်ကလည်း ဖြစ်ထွန်းပေါ်ပေါက်ရန် ရှိနေပြီဖြစ်ရာ စီးပွားရေး၊ အလုပ်အကိုင်နှင့် အခွင့်အလမ်းများစွာပေါ်ထွက်လာမည်မှာသေချာသည်။ ကျောက်ဖြူမြို့နယ်သာမက ရခိုင်ပြည်နယ်တစ်ခုလုံးအပြင် နိုင်ငံ၏စီးပွားရေးတိုးတက်မှုကို ကြီးမားစွာအထောက်အကူပြုပေတော့မည်။ လူငယ်များအတွက်အလုပ်အကိုင်ပေါင်းသိန်းနှင့်ချီကာ ရရှိစေမည့်စီမံကိန်းဖြစ်သည်။ စီမံကိန်း၏နေရာများမှမြေယာကိစ္စများကိုလည်း ဒေသခံများနှင့်အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးမှုများလည်းဆောင်ရွက်နေရာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးနှင့် မြန်မြန်အကောင်အထည်ဖော်နိုင်ပါက ဒေသဖွံ့ဖြိုးရေးအတွက် ပိုမိုလျင်မြန်မည်ဖြစ်သည်။ ကျောက်ဖြူသည် ရခိုင်ပြည်နယ်တိုးတက်ရေး အလင်းတန်းတစ်ခုပင်။ တိုးတက်မှုအလင်းတန်းတောက်ပဝေဖြာစေရန် ဒေသခံများစုစည်းညီညွတ်စွာကြိုးစားမှ ရပေမည်။ ရရှိလာသည့်အခွင့်အလမ်းများကိုအတူတကွဆုပ်ကိုင်ပြီး အားထုတ်မှုမြိုင်ဆိုင်မှ အကျိုးခံစားရမည်ဟု တွေးမိသည်။

ငပလီကမ်းခြေကြောင့်ပြည်တွင်းပြည်ပစိတ်ဝင်စားမှုခံစားရသည်က သံတွဲမြို့နယ် အပန်းဖြေကမ်းခြေ၊ ပင်လယ်ငါးလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အဓိကလုပ်ကိုင်နေသော သံတွဲမြို့နယ်သည် အကျယ်အဝန်း ၁၃၆၀ ဒသမ ၁၆ စတုရန်းမိုင်ရှိပြီး ကမ်းရိုးတန်းမိုင် ၁၂၈ မိုင်ရှိကာရေပြင်ပိုင်နက် ၁၂ မိုင်အထိရှိသည်။ စိုက်ပျိုးမြေ ၆၇၇၂၀ ဧကရှိပြီး စပါး၊ ပဲ၊ မတ်ပဲ၊ ပဲတီစိမ်းများစိုက်ပျိုးကာ ငါးဖမ်းလုပ်ငန်းလည်း လုပ်ကိုင်ကြသည်။

ဟိုတယ်များဖြင့် ပြည့်ကျပ်နေသောငပလီကမ်းခြေက ခရီးသွားလုပ်ငန်းတိုးတက်ရန်ခရီးသည်များအားဝန်ဆောင်မှုပိုမိုပေးနိုင်ရန် ကြိုးစားနေသည်။ ဟိုတယ်ဇုန်လည်းအကောင်အထည်ဖော်နိုင်ရေးကြိုးစားနေရာ လာသမျှဧည့်သည်များတည်းခိုမှုလုံလောက်စွာရရှိရေး ဆောင်ရွက်နေပြီဖြစ်သည်။

ရခိုင်ပြည်နယ်က ပင်လယ်နှင့်နီးသဖြင့် ရာသီဥတုဒဏ်ကြုံတွေ့ရသည်။ မိုးသည်းထန်ခြင်း၊ ရေလွှမ်းခြင်းများလည်းဖြစ်ပေါ်တတ်မှုများကို စုပေါင်းလက်တွဲပြီး အောင်မြင်စွာကျော်လွှားနိုင်ဖို့လည်းလိုအပ်သည်။ မြစ်၊ ချောင်းပေါများသောရခိုင်ပြည်နယ်၊ စိုက်ပျိုးမြေဝေဆာစွာ တည်ရှိနေသောရခိုင်ပြည်နယ်၊ သယံဇာတပေါကြွယ်ပြီး အနာဂတ်စီမံကိန်းများဖြင့်ရခိုင်ပြည်နယ်သည် လာမည့်နှစ် အနည်းငယ်အတွင်း အရှိန်အဟုန်မြင့်အားမာန်များနှင့်အတူ နိုင်ငံအတွင်း ဖွံ့ဖြိုးမှုများတိုးထွက်လာနိုင်တော့မည်မှာ အမှန်ပင်ဖြစ်သည်။



**စိုက်ပျိုးရေးကို အဓိကထားပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းများကိုလည်းလုပ်ကိုင်သော မင်းပြားမြို့နယ်က မြစ်၊ ချောင်းများရေလျှံမှုကို ကာကွယ်နိုင်ရေးကြိုးစားနေသည်။ မင်းပြားမြို့တွင်းလမ်းများအဆင့်မြှင့်တင်ရန်လည်း လိုအပ်နေရာ ညီညွတ်မှုအင်အားဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုကာ လက်တွဲအကောင်အထည်ဖော်နိုင်လျှင် မင်းပြားမြို့နယ်သည်လည်း ရခိုင်ပြည်နယ်တွင် ဖွံ့ဖြိုးမှုအသီးအပွင့်များဖြင့် ဝေဆာလာမည်မှာ အမှန်ပင်။**

# အနာဂတ်ဘဝများ သာယာလှပစေဖို့ s en s

မြင့်စိုး(နတလ)

ပြီးခဲ့သည့် ဇွန် ၂၆ ရက်က နေပြည်တော် M CC-2တွင် ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားသို့ တက်ရောက်ခွင့်ရခဲ့သည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်မှာ "L e Fr " ဖြစ်သည်။ လူငယ်များ၏ အနာဂတ်၊ လူငယ်များ၏ခံစားချက်ကို ရှင်းလင်းစွာထင်ဟပ်ပေါ်လွင်စေသော ဆောင်ပုဒ်ဖြစ်၍ ကျွန်တော်သဘောကျနှစ်ခြိုက်မိသည်။ ထိုအခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ ထည့်သွင်းမိန့်ကြားသွားသကဲ့သို့ ရင်သွေးငယ်များ၊ လူငယ်များအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။ လူငယ်များ၏ နေထိုင်ပြုမူသွားလာလှုပ်ရှားမှုများကို မျက်ခြည်ပြတ်ပြီး လျစ်လျူရှုမိခဲ့လျှင်လည်း အနာဂတ်ကို လျစ်လျူရှုရာရောက်သွားမည်ဖြစ်ပေသည်။ ယနေ့လူငယ်များသည် အနာဂတ်ကမ္ဘာကြီးကို ဦးဆောင်ဦးရွက်ပြုမည့်သူများဖြစ်၍ ထိုလူငယ်များ၏ စိတ်တွင်ဖြစ်ပေါ်နေသော ခံစားချက်များကို သိရှိစေဖို့၊ ၎င်းတို့၏ အနာဂတ်နှင့် အံဝင်ခွင်ကျဖြစ်စေမည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ဖို့အတွက် ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားများအပါအဝင် ကမ္ဘာသူ ကမ္ဘာသားအားလုံးက သူတို့၏အသံ၊ ကလေးများ၏အသံ၊ တစ်နည်းအားဖြင့် လူငယ်ထုအားလုံး၏အသံကို နားထောင်ပေးကြဖို့ လိုပေသည်။ ထို့ကြောင့် ယခုနှစ်ဆောင်ပုဒ်ကို ကျွန်တော်သဘောကျမိခြင်းဖြစ်သည်။ "L e Fr "

အမှန်အတိုင်းပြောရလျှင် ယခုလိုအခမ်းအနားမျိုးကို မတက်ဖြစ်ခဲ့သည်မှာ အတော်ကြာခဲ့ပြီ။ ရန်ကုန်မှာရှိနေစဉ်တုန်းကတော့ တစ်နှစ်တစ်ကြိမ်ပုံမှန်တက်ခဲ့ရသည်။ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ကြီး၏ ပြခန်းများထဲမှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်ပြခန်းကို တာဝန်ယူပြသခဲ့ရ၍လည်းဖြစ်၏။ M CC-2 တွင် ကျင်းပနေသည့် အခမ်းအနားသို့ တက်ရောက်နေစဉ် ကျွန်တော့်စိတ်က ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ကြီးရှိရာသို့ တဝဲလည်လည် ရောက်ရှိလို့ နေပေသည်။ ထိုပြတိုက်ကြီးကို ၁၉၉၈ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ပန္နက်တင်မင်္ဂလာအခမ်း အနားပြုလုပ်၍ စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၁ ခုနှစ် ဧပြီလ၌ ဆောက်လုပ်ပြီးစီးခဲ့သည်။ ပြတိုက်ကြီး၏ ပုံသဏ္ဌာန်မှာ သံကူကွန်ကရစ်အထပ်ပေါင်းသုံးထပ်နှင့် ထပ်ခိုးတစ်ထပ်ပေါင်း လေးထပ် အဆောက်အအုံဖြစ်ပြီး ဒုတိယထပ်၌ မူးယစ်ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့တို့၏ ပြကွက်များ ခင်းကျင်းပြသထားသည်။

ထိုလုပ်ငန်းအဖွဲ့များမှာ ဘိန်းအစားထိုးသီးနှံများ အစားထိုးစိုက်ပျိုးရေးလုပ်ငန်းအဖွဲ့ပြကွက်၊ ဘိန်းအစားထိုးမွေးမြူရေးလုပ်ငန်းအဖွဲ့ပြကွက်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်များပြကွက်၊ မူးယစ်ဆေးစွဲလူနာများ ဆေးကုသရေး လုပ်ငန်းအဖွဲ့ ပြကွက်၊ မူးယစ်ဆေးစွဲလူနာများ ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့ပြကွက်၊ ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးလုပ်ငန်းအဖွဲ့ပြကွက်၊ ပြည်သူများအား မူးယစ်ဆေးဝါးအန္တရာယ်ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းအဖွဲ့ပြကွက်၊ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းအဖွဲ့ပြကွက်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းပြကွက်နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ပြကွက်တို့ဖြစ်သည်။ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ကြီး၏မြေညီထပ်မှ ပြကွက် ၁၀ ခု၊ ပထမထပ်မှ ပြကွက် ၁၇ခုတို့အပါအဝင် ပြခန်းပြကွက်များအားလုံးကို နိုင်ငံတကာအဆင့်မီ ခင်းကျင်းပြသနိုင်ရေးအတွက် မူးယစ်ဗဟိုအဖွဲ့အတွင်းရေးမှူး ရဲချုပ်နှင့် အမျိုးသားပြတိုက်မှ ညွှန်ကြားရေးမှူး ဒေါ်နုမြဇ်တို့က ဦးစီးပြီး ဗဟိုလုပ်ငန်း အဖွဲ့များအလိုက် သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက ပါဝင်ကွပ်ကဲကြပ်မတ်ဆောင်ရွက်ခဲ့ကြရသည်။




ယင်းပြတိုက်ကြီးကို ၂၀၀၁ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့၌ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ရာ ဖွင့်ပွဲအခမ်းအနားမတိုင်မီ သုံးလေးလခန့်အလိုကတည်းက ကျွန်တော်တို့ဝန်ကြီးဌာနပြခန်းများ (လုပ်ငန်းအဖွဲ့ပြကွက်များ)အား ဝင်ရောက်ပြင်ဆင်ဆောင်ရွက်ခဲ့ရခြင်းဖြစ်၏။ ဒုတိယထပ်၌ မိမိတို့လုပ်ငန်းအဖွဲ့အလိုက် သတ်မှတ်ပေးထားသောနေရာကို သွားရောက်ကြည့်ရှုခဲ့စဉ် ဘယ်ကစပြီး ဘာလုပ်လို့ဘာကိုင်ရမှန်းလဲမသိ၊ နိုင်ငံတကာအဆင့်မီအောင် ဘယ်လိုပြကွက်မျိုးတွေ ပြရကောင်းမှန်းလဲမသိ၊ ဟိုမသိ သည်မသိဖြင့် ယောင်တိယောင်ချာဖြစ်နေမိတာကိုကတစ်ပတ် လောက်ကြာသည်။ တစ်နေ့တစ်နေ့ဘာမှမရှိသေးသော ထိုပြခန်းအလွတ်ကြီးကို သွားထိုင်ကြည့်ရင်း စဉ်းစားခန်းထုတ်နေမိသည်မှာ အခေါက်ခေါက်အခါခါ။ နောက်ဆုံးမတော့ ထိုပြတိုက်ကြီးတစ်ခုလုံး၏ အကြံပေးပညာရှင်အဖြစ် တာဝန်ယူဆောင်ရွက်နေသော အစ်မကြီး ဒေါ်နုမြဇ်ထံမှာ အကြံဉာဏ်များ တောင်းခံရပါတော့သည်။ ပြတိုက်ပညာရှင်ပီသစွာပင် သူ၏အကြံပေးမှုများအရ ကျွန်တော်တို့ပြခန်းမှာ 'ဝ' ဒေသ နမ့်တစ်မြို့ပန်းချီကားနှင့် ကိုးကန့်ဒေသ ချင်းရွှေဟော်မြို့ ပန်းချီကားတို့ကို ညီနောင်တံတားဖြင့်ဆက်သွယ်ထားသောပြကွက်၊ ဘိန်းအစားထိုးသီးနှံ ပန်းဂျုံစိုက်ခင်းများပြကွက်၊ နတလဗဟိုကော်မတီဓာတ်ပုံများနှင့်အတူ နိုင်ငံတော်အကြီးအကဲများ၏ကချင်ပြည်နယ် နောင်မွန်းဒေသခရီးစဉ်၊ နာဂဒေသ လဟယ်ခရီးစဉ်၊ L Bo ဓာတ်ပုံကြီးများ၊ ပြခန်းရှိပြကွက်အကြောင်းအရာများကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ရှင်းလင်းပြောကြားထား သောအသံစနစ်များ စသည် စသည်ဖြင့် တစ်ခုပြီးတစ်ခုပေါ်ပေါက်လာပါတော့သည်။

ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် စီမံချက်များ စနစ်တကျချမှတ်ဆောင်ရွက်ခဲ့ကြသကဲ့သို့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူများလက်တွဲပူးပေါင်း၍ အသက်သွေးချွေးမြောက်များစွာ စတေးပေးဆပ်ခဲ့ကြရသော ဒေသန္တရစစ်ဆင်ရေးကြီးများကိုပါ ဆင်နွှဲခဲ့ကြရသည်။ ၁၉၇၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း မိုးဟိန်းစစ်ဆင်ရေးအဆင့်(၁)မှ (၁၂)အထိလည်းကောင်း၊ ငရဲပန်းစစ်ဆင်ရေး အဆင့်(၁)မှ (၈)အထိ လည်းကောင်း၊ တောင်ရန်ရှင်းစစ်ဆင်ရေး အဆင့်(၁)မှ (၄)အထိလည်းကောင်း ဆင်နွှဲခဲ့ကြရပြီး မဲလုံး၊ နှင်းပန်း၊ ပေါက်ပန်း၊ တောင်ထိပ်ပန်း၊ ဟေမာန်ဦး အစရှိသော စစ်ဆင်ရေးများလည်း ပါဝင်ခဲ့၏။ ၁၉၉၉ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ရေးဆွဲဆောင်ရွက်ခဲ့သည်။

မိမိတို့နိုင်ငံ၏ မူးယစ်ဆေးဝါးပြဿနာသည် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများနှင့် ဆက်နွှယ်လျက်ရှိသည်။ လက်နက်ကိုင်ပဋိပက္ခများနှင့်အတူ မူးယစ်ဆေးဝါးထုတ်လုပ်မှုများ၊ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုများက အတူယှဉ်တွဲလိုက်ပါလာခဲ့သည်။ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းမှုမရှိသဖြင့် တရားဥပဒေစိုးမိုးရေး တည်ဆောက်ရာတွင် အခက်အခဲများနှင့် စိန်ခေါ်မှုများစွာကြုံတွေ့ခဲ့ရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အထက်တွင်ဖော်ပြခဲ့သောဒေသန္တရစစ်ဆင်ရေးကြီးများ ဆင်နွှဲခဲ့သလို ၁၉၈၈ နောက်ပိုင်းတွင်လည်း နိုင်ငံရေးနည်းလမ်းအရ အမျိုးသားပြန်လည်ပေါင်းစည်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ လက်နက်ကိုင်အဖွဲ့အစည်းအချို့တရားဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသည့်အတွက် ယင်းအဖွဲ့များနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NC ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် ယင်းအဖွဲ့များနှင့်ပူးပေါင်း၍ ဘိန်းစိုက်ပျိုးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်ဖောက်ကားမှုများ ကျဆင်းရေးတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။ ယနေ့အချိန်တွင်မူ နိုင်ငံတော်အစိုးရသစ်အနေဖြင့် မြန်မာငြိမ်းချမ်းရေးဗဟိုဌာနကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအဖြစ် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မတီအဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်သည်။ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှတစ်ဆင့် နိုင်ငံ၏မူးယစ်ဆေးဝါးပြဿနာများ သိသိသာသာလျော့နည်းကျဆင်းသွားအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ မူးယစ်ဗဟိုအဖွဲ့အနေဖြင့်လည်း မူးယစ်ဆေးဝါးပပျောက် ရေးအတွက် မဟာဗျူဟာနှစ်ရပ်၊ နည်းဗျူဟာသုံးရပ်ချမှတ်၍ ၁၅ နှစ်စီမံကိန်းကို မြို့နယ်ပေါင်း ၅၁ မြို့နယ်တွင် ဆောင်ရွက်ခဲ့ပြီးနောက် စတုတ္ထ မူးယစ်ဆေးဝါးပပျောက်ရေး ငါးနှစ်စီမံကိန်းကို ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ သတ်မှတ်ကာ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၅ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာအရ အသက် ၁၅နှစ်မှ ၆၄နှစ်အကြား မူးယစ်ဆေးစွဲနေသူဦးရေ ၂၇ သန်းကျော်ရှိကြောင်း လေ့လာသိရှိရသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုများတွင် အခြေခံမတူသော လူတန်းစားအလွှာနှင့် လူမှုနယ်ပယ်အမျိုးမျိုး၊ ယဉ်ကျေးမှုဓလေ့များအရ ကွဲပြားခြားနားစွာတွေ့ရှိရသော်လည်း တူညီသည့်အချက်မှာ ခွဲခြားဆက်ဆံခြင်းခံရ၍ ဆိုးရွားသော လူနေမှုအဆင့်အတန်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရမှုများက မူးယစ်ဆေးဝါးသုံးစွဲမှုကို အဓိက တွန်းအားပေးလျက်ရှိသည်ဆိုသည့် အချက်ပင်ဖြစ်၏။ အထူးသဖြင့် ငယ်ရွယ်နုပျိုသော လူငယ်ကလေးများအပေါ် ကျရောက်လာနိုင်သည့် ဖိအားများ၊ ကျဉ်းကျပ်မှုများ၊ စိတ်ဖိစီးမှုများကို အချိန်မီဖယ်ရှားပေးဖို့လိုအပ်သည်။ အချိန်မီမဖယ်ရှားနိုင်ပါက မူးယစ်ဆေးဝါးအမှောင်နှံ့ အတွင်းသို့ သက်ဆင်းသွားကြမည်သာ။ သို့ဖြစ်၍ မူးယစ်ကင်းစင်သောနိုင်ငံမှသည် မူးယစ်ကင်းစင်သော ကမ္ဘာတစ်ခွင် ဖြစ်လာစေရန်အတွက် နိုင်ငံတိုင်းမှာတာဝန်ရှိသည်၊ လူမျိုးတိုင်းမှာ တာဝန်ရှိသည်၊ မိမိတို့နိုင်ငံအနေဖြင့်လည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေး မဟာဗျူဟာလုပ်ငန်းစဉ်များကို တိုးမြှင့် ဆောင်ရွက်ရင်း "L e Fr " ဆိုသည့်ဆောင်ပုဒ်နှင့်အညီ လူငယ်များ၏ ခံစားချက်ကို ဦးစွာနားထောင်ပေးပြီး ၎င်းတို့၏ အနာဂတ်ဘဝများဖွံ့ဖြိုးရေး၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးတို့ကို ဝိုင်းဝန်းပံ့ပိုးကူညီ ဆောင်ရွက်ပေးကြဖို့ လိုအပ်ကြောင်းတိုက်တွန်းရေးသားလိုက်ရပါသည်။

**မူးယစ်ဆေးဝါးတိုက်ဖျက်ရေး မဟာဗျူဟာ လုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်ရင်း " s en s " ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လူငယ်များ၏ခံစားချက်ကို ဦးစွာနားထောင်ပေးပြီး ၎င်းတို့၏ အနာဂတ်ဘဝများဖွံ့ဖြိုးရေး၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးတို့ကို ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေး**

---

*စာမျက်နှာ ၁၅ မှအဆက်*

### အကူအညီတောင်းခံနိုင်သူများ

တရားဝင်သွားရောက်ရန်အတွက် အေဂျင်စီများကို ရွေးချယ်ရာတွင် အလုပ်သမားရုံးမှ တရားဝင်ထုတ်ပေးထားသည့် အကျိုးဆောင်လိုင်စင်ရှိမရှိ၊ ပြည်ပမထွက်ခွာမီ လုပ်ငန်းခွင်အကြိုသင်တန်းပေးခြင်းရှိမရှိ၊ လုပ်ငန်းလိုင်စင်ရှိမရှိ၊ အေဂျင်စီ၏သမိုင်းကြောင်းနှင့် အေဂျင်စီနှင့် ဆက်သွယ်သည့် ကိုယ်စားလှယ်များ မှန်ကန်မှု ရှိမရှိကို သေချာစွာစုံစမ်းသင့်ပြီး စုံစမ်းရန်အခက်အခဲရှိပါက မြို့နယ်အသီးသီးရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေး ဗဟိုဌာနများကို ရန်ကုန်၊ မန္တလေး၊ မကွေး၊ ဘားအံ၊ မော်လမြိုင်၊ ကျိုင်းတုံ၊ မိတ္ထီလာ၊ မြင်းခြံ၊ ကျောက်ဆည်၊ ထားဝယ်မြို့များရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် ဖွင့်လှစ်ထားပြီး ပြည်ပသို့သွားရောက်လုပ်ကိုင်လိုသူများ တရားဝင်ရွှေ့ပြောင်းသွားလာနိုင်ရေးအတွက် လုပ်ငန်းစဉ်များနှင့် အချက်အလက်များကို ဖြေကြားကူညီပေးလျက်ရှိသည်။

အရေးပေါ်ကြုံတွေ့နေရသည့် မြန်မာအလုပ်သမားများ၏ လိုအပ်ချက်များအတွက် ကူညီပေးနိုင်ရန် Co Me Ce - er ကို နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနတို့တွင် ဖွင့်လှစ်ထားပြီး ဖုန်း ၀၆၇-၄၃၀၁၈၄၊ ၀၆၇-၄၃၀၂၈၄၊ ၀၁-၆၅၀၀၉၉နှင့် ၀၁-၆၅၀၁၈၇ တို့သို့ ၂၄ နာရီပတ်လုံး ဆက်သွယ်နိုင်သည်။

အရေးပေါ်အခြေအနေများတွင် အလုပ်သမားများအတွက် လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ရန်အတွက် ထိုင်းနိုင်ငံဆိုင်ရာ အလုပ်သမား သံအရာရှိ ဖုန်း ၆၆၀၈၆၇၇၄၆၈၂၅ နှင့် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး ၀၀၈၂၂၇၉၀၃၈၄၃ တို့ကို ဆက်သွယ်နိုင်ကြောင်း သိရသည်။ အီးမေးလ်အနေဖြင့် o - o e o သို့ ဆက်သွယ်ကာ အလုပ်သမားဆိုင်ရာ အရေးကိစ္စများကို အချိန်နှင့် တစ်ပြေးညီတိုင်ကြားနိုင်သည်။

**မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်တွင် အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။**

**မြန်မာနိုင်ငံတွင် လူဦးရေ ၅၁သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂သန်းကျော်ရှိသည်။ ထို့ပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားရင်းမြစ်များသည် ပြည်တွင်းပြည်ပ အလုပ်အကိုင်များကို ရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များ အကြောင်းကို အပတ်စဉ်တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။**

(မြန်မာ့အလင်း)

မြန်မာ့ရိုးရာအားကစား

# ရိုးရာလက်ဝှေ့လောကတစ်ခွင် ထပ်မံပေါ်ထွန်းလာဦးမည့် အဋ္ဌမမြောက် ရွှေခါးပတ်ချန်ပီယံ မျိုးဆက်သစ်များ

သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

မြန်မာ့အားကစားလောကတွင် ရိုးရာကို ပြေးမြင်ကြည့်ရင် ပြည်တွင်းသာမက ပြည်ပသို့ပင် အတော်အတန်ထိုးဖောက်နေသည့်အားကစားမှာ မြန်မာတို့ရဲ့ ရိုးရာလက်ဝှေ့ပင်ဖြစ်သည်။ ရိုးရာအားကစားလောကတွင် ထိပ်တန်းသို့ပင် ရောက်နှင့်နေပြီဖြစ်သည်။ ပြောင်းလဲမှုများအနေဖြင့်ကြည့်လျှင်လည်း တစ်နှစ်ထက်တစ်နှစ်အားသာမှုများက ပြည်ပနိုင်ငံများကပင်လျှင် ဂရုပြုမိကြသည်အထိပင်။ ပြောရလျှင် ဂျပန်နှင့် ရုရှားနိုင်ငံကြီးများကပင်လျှင် မြန်မာတို့၏ ရိုးရာလက်ဝှေ့ကိုယှဉ်ဝံ့နိုင်ရန် ရှန်းကန်နေကြရသည်မှာ ရိုးရာလက်ဝှေ့လောကတစ်ခွင် ပြည်သူများအသိပင်ဖြစ်သည်။ တိမ်ကောပပျောက်မှုမရှိဘဲ ထွန်းလင်းလာသည်မှာ မြန်မာတို့ရဲ့ရိုးရာလက်ဝှေ့ဟုပင် ဆိုရမည်။

မြန်မာတို့၏ ရိုးရာအယူအဆ၊ ရိုးရာဓလေ့၊ ရိုးရာအမွေကို မြန်မာတိုင်းရင်းသားတို့တန်ဖိုးထားရမည်။ လေးစားရမည်။ ရိုးရာဓလေ့၊ ရိုးရာအမွေကို ထိန်းသိမ်းခြင်းသည် အစဉ်အလာ အမျိုးသားရေးတာဝန်ဖြစ်သည်။ မြန်မာတိုင်းရင်းသား တွေမကာကွယ်၊ မထိန်းသိမ်းလျှင် ဘယ်သူတွေထိန်းသိမ်းမည်လဲ။

ရိုးရာလက်ဝှေ့ အားကစားနည်းပညာများ ပျောက်ကွယ်မသွားရအောင် လက်ဝှေ့ ချစ်ပြည်သူများအနေဖြင့်လည်း ရိုးရာ လက်ဝှေ့ကိုထိန်းသိမ်းဖို့ လိုအပ်မည်ဖြစ်သည်။ ယခုဆိုလျှင် မြန်မာ့ရိုးရာလက်ဝှေ့ ချစ်ပြည်သူတစ်စုရဲ့ဦးဆောင်မှုကြောင့် လက်ဝှေ့အားကစား နည်းပညာမှာ ပြည်တွင်း၊ ပြည်ပ ခိုင်ခိုင်မာမာရပ်တည်ဝံ့နေပြီ။ ရိုးရာလက်ဝှေ့အားကစားကို မျိုးချစ်စိတ်အပြည့်ဖြင့် ကာကွယ်နေကြပြီ။ အလားတူ အခြားရှုထောင့် အကြောင်းအရာများသည်လည်း ထိုနည်း တူစွာပင်။ အနာဂတ်လူငယ်တို့က ထိန်းသိမ်းကြဖို့၊ စည်းလုံးကြဖို့လိုအပ်နေပြီဖြစ်သည်။

ယခုဆိုလျှင် အိမ်နီးချင်း ထိုင်းနိုင်ငံသည်ပင် ၎င်းတို့၏ မွေထိုင်း ရိုးရာပပျောက်မည်စိုး၍ ကမ္ဘာလှည့်ကျင်းပနေသည့် အမည်မဖော်လိုသော အားကစားတစ်ခုကို ကျင်းပဖို့ ခွင့်ပြုထားခြင်းမရှိကြောင်း သိရသည်။ သို့ပေမယ့် ငွေကြေးကြောင့် ရိုးရာလက်ဝှေ့အားကစားသမားများအစည်းပြေ ဖရိုဖရဲမဖြစ်အောင် ယခုကဲ့သို့ မိုးတွင်းကာလတွင် ရွှေခါးပတ်ချန်ပီယံပွဲများကို ဦးဆောင်ကျင်းပပေးရခြင်းဖြစ်ကြောင်း ရိုးရာလက်ဝှေ့ချစ် ပွဲစီစဉ်သူ ဦးစိုင်းဇော်ဇော်က ပွဲကြိုစာနယ်ဇင်းရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားသွားသည်။

ယနေ့ဆိုလျှင် မြန်မာ့ရိုးရာလက်ဝှေ့လောက၏ တက်သစ်စကြယ်ပွင့် အဋ္ဌမမြောက် ရွှေခါးပတ်ချန်ပီယံများ ပေါ်ထွက်လာတော့မည်ဖြစ်သည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး ro က ဦးဆောင်ကျင်းပနေသော ၂၀၁၆ ခုနှစ် ဝိတ်တန်းအလိုက် အဋ္ဌမမြောက် ရွှေခါးပတ်ချန်ပီယံ နောက်ဆုံးဗိုလ်လုပွဲကြီးကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ ရိုးရာလက်ဝှေ့အားကစားရုံတွင် နောက်ဆုံးနေ့အဖြစ် ယှဉ်ပြိုင်ထိုးသတ်တော့မည်ဖြစ်ရာ ဝိတ်တန်းအလိုက် ရွှေခါးပတ်ချန်ပီယံ အသီးသီးလည်း ပေါ်ထွက်လာတော့မည်။ ရိုးရာလက်ဝှေ့ချစ်ပြည်သူများ မျှော်မှန်းချက်နှင့် ကိုက်ညီမှုရှိ၊ မရှိကို အဖြေမှန်ဖော်ထုတ်ပေးမည့် နောက်ဆုံးပြိုင်ပွဲကြီးဖြစ်သည်။

မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်အနေဖြင့် ရိုးရာလက်ဝှေ့မျိုးဆက်သစ် ငွေကြယ်ပွင့်များကို မွေးထုတ်ပေးခဲ့သည့် ရွှေခါးပတ်ချန်ပီယံလုပွဲကြီးကို ၁၉၉၆ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် စတင်ကျင်းပခဲ့သည်။ ယင်းပထမအကြိမ် တွင် ကီလိုဝိတ်တန်း ၁၀ တန်းကို ထည့်သွင်းကျင်းပခဲ့ရာ ဖလိုင်းဝိတ်တန်းတွင် ပသျှူးလေး၊ ဘင်တန်ဝိတ်တန်းတွင် ကျော် ခေါက်၊ ဖယ်သာတန်းတွင် ဝမ်းဒေါ်လာ၊ လိုက်ဝိတ်တန်း တွင် ဇော်ဝင်းထွန်း၊ လိုက်ဝယ်တာတွင် စောသဲအောင်၊ ဝယ်တာတွင် မိုးပုလဲ၊ လိုက်မစ်ဒယ်တွင် သာစည်မောင်မောင်ကြီး၊ မစ်ဒယ်တွင် ရွှေဓူဝံနှင့် အလွတ်တန်းပြိုင်ပွဲတွင် ယခု d e re ရိုးရာလက်ဝှေ့ကလပ်၌ နည်းပြချုပ်အဖြစ် ကိုင်တွယ်နေသည့် ဝမ်ချိုင်းက ရရှိခဲ့ခြင်းဖြစ်သည်။ ဒုတိယအကြိမ် ရွှေခါးပတ်ချန်ပီယံလုပွဲကြီးကို လေးနှစ်ကြာ ၂၀၀၀ ပြည့်နှစ်တွင် ထပ်မံကျင်းပခဲ့ရာ လိုက်ဖလိုင်းဝိတ်တန်း၌ သူရလင်းထွဋ်၊ ဖလိုင်းဝိတ်တန်းတွင် သန့်ဇင်ထွန်း၊ ဘင်တန်ဝိတ်တန်းတွင် ဝင်းထွန်း၊ ဖယ်သာဝိတ်တန်းတွင် နိုင်းဝမ်းလေး၊ လိုက်ဝိတ်တန်းတွင် စောသဲမျိုး၊ လိုက်ဝယ်တာဝိတ်တန်းတွင် အိန္ဒြမောင်မောင်၊ ဝယ်တာဝိတ်တန်းတွင် ထိန်ချုံး၊ လိုက်မစ်ဒယ်ဝိတ်တန်းတွင် အယ်ထီးကော်နှင့် မစ်ဒယ်ဝိတ်တန်းတွင် ရွှေဓူဝံတို့ ရွှေခါးပတ်ချန်ပီယံများအဖြစ် ပေါ်ထွက်လာခဲ့သည်။

ယင်းနောက် ငါးနှစ်ကြာ မြန်မာပြည် ရွှေခါးပတ်ချန်ပီယံလုပွဲကြီး ပျောက်ကွယ်သွားကာ ၂၀၀၆ ခုနှစ်တွင် တတိယအကြိမ်မြောက်အဖြစ် တစ်ကျော့ပြန်လည်ကျင်းပခဲ့ရာ လိုက်ဖလိုင်းဝိတ်တန်းတွင် နိုင်ဝင်း၊ ဖလိုင်းဝိတ်တန်းတွင် ရွှေကျည်ဆံ၊ ဘင်တန်တွင် ဒေါနအောင်၊ ဖယ်သာတန်းတွင် ဒေါနပန်း၊ လိုက်ဝိတ် ဝင်းထွန်း၊ လိုက်ဝယ်တာတွင် ကြယ်လင်းအောင်၊ ဝယ်တာတွင် သူရရဲအောင်၊ လိုက်မစ်ဒယ်တွင် ဇန်ထူး၊ မစ်ဒယ်တွင် စတားနှင့်အလွတ်တန်းတွင် လုံးချောတို့ ရရှိခဲ့သည်။

ယင်းနောက် ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲများကို နှစ်စဉ်အဆက်မပြတ်ကျင်းပခဲ့ရာ ၂၀၀၇ ခုနှစ် စတုတ္ထအကြိမ်မြောက်တွင် လိုက်ဖလိုင်း ဝိတ်တန်း၌ စိုးမိုးဟိန်း၊ ဖလိုင်းဝိတ်တန်းတွင် ရွှေကျည်ဆံ၊ ဘင်တန်တွင် စစ်သွေး၊ ဖယ်သာတွင် စွမ်းအားရှင်၊ လိုက်ဝိတ်တန်းတွင် တွေ့မရှောင်၊ လိုက်ဝယ်တာတွင် ဝင်းထွန်း၊ ဝယ်တာတွင် သူရရဲအောင်၊ လိုက်မစ်ဒယ်တွင် စတား၊ မစ်ဒယ်တွင် ရန်ကြီးအောင်နှင့် အလွတ်တန်းတွင်လုံးချောက ထပ်ဆင့်ရွှေခါးပတ်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ ၂၀၀၈ တွင် တစ်နှစ်နားခဲ့ပြီး ၂၀၀၉ ခုနှစ် ပဉ္စမအကြိမ်တွင် လိုက်ဖလိုင်းဝိတ်တန်း၌ မိုးသီး၊ ဖလိုင်းဝိတ်တန်းတွင် စကြာမင်း၊ ဘင်တန်တွင် စိုးမိုးဟိန်း၊ ဖယ်သာတွင် သူ့ထက်ပိုင်၊ လိုက်ဝိတ်တန်းတွင် ဝင်းထွန်း၊ လိုက်ဝယ်တာတွင် အောင်ဇေယျ၊ ဝယ်တာ တွင် ကြယ်လင်းအောင်၊ လိုက် မစ်ဒယ် တွင် ရန် ကြီး အောင် နှင့် မစ်ဒယ် တန်း တွင် စောငမန်းတို့ ရရှိခဲ့သည်။ တစ်ဖန် ၂၀၁၀ ခုနှစ် ဆဋ္ဌမအကြိမ်တွင် ၄၈ ကီလိုတန်း၌ အောင်စစ်မင်း၊ ၅၁ ကီလိုတန်းတွင် စောသဲမင်း၊ ၅၄ ကီလိုတန်းတွင် ဝင်းတင်၊ ၅၇ ကီလိုတန်းတွင် စောအုန်းမြင့်၊ ၆၀ ကီလိုတန်းတွင် စိုးလင်းဦး၊ ၆၃ ဒသမ ၅ ကီလိုတန်းတွင် မိုက်တိုင်စန်နှင့် ၆၇ ကီလိုတန်းတွင် လုံးချောလေးတို့ ရွှေခါးပတ်ချန်ပီယံ သူရဲကောင်းများအဖြစ် ပေါ်ထွက်လာခဲ့သည်။

ယင်းနောက် ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲကြီး လေးနှစ်ကြာ ဆက်လက်ကျင်းပနိုင်ခဲ့ခြင်းမရှိဘဲ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်မှ သတ္တမအကြိမ် ပြန်လည်ကျင်းပခဲ့ရာ ၅၁ ကီလိုတန်းတွင် ရဲသွေးနီ၊ ၅၄ ကီလိုတန်းတွင် စောဖြိုးဝေ၊ ၅၇ ကီလိုတန်းတွင် မိုက်ရိုင်းလေး၊ ၆၀ ကီလိုတန်းတွင် ကြယ်စင်ဖြိုး၊ ၆၃ဒသမ ၅ ကီလိုတန်းတွင် သပြေညို၊ ၆၇ ကီလိုတန်းတွင် သွေးသစ်အောင်နှင့် ၇၁ ကီလိုတန်းတွင် ဖျံသွေးတို့က မျိုးဆက်သစ်ရွှေခါးပတ်ချန်ပီယံကြယ်ပွင့်များအဖြစ် ပိုင်ဆိုင်ခွင့်ရသည်။ ယခုနှစ် အဋ္ဌမအကြိမ်မြောက်တွင် ရွှေခါးပတ်ချန်ပီယံ ဖိုင်နယ်နောက်ဆုံးအဆင့်ကို ၅၁ ကီလိုတန်းတွင် စွမ်းထက်နိုင်နှင့် ရွှေဖားစည်၊ ၅၄ ကီလိုတန်းတွင် ရဲသွေးနီနှင့် အသည်းစွဲ၊ ၅၇ ကီလိုတန်းတွင် နဂ္ဂါအောင်နှင့် မိုက်ရိုင်း၊ ၆၀ ကီလိုတန်းတွင် ရွှေထွန်းယုံနှင့် စောထူးဇော်၊ ၆၃ ဒသမ ၅ ကီလိုတန်းတွင် ကြယ်စင်ဖြိုးနှင့် သားအသည်းတစ်ပွင့်၊ ၆၇ ကီလိုတန်းတွင် ရဲတံခွန်နှင့် သွေးသစ်ဝင်းလှိုင်၊ ၇၁ ကီလိုတန်းတွင် ကြယ်လင်းအောင်နှင့် ရဲရင့်အောင်တို့ ထိပ်တိုက်ရင်ဆိုင် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ရာ မည်သူက ရွှေခါးပတ်ပိုင်ရှင်ဖြစ်မည်ကို ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ သည်းထိတ်ရင်ဖို ရှုမျှော်ခံစားကြရတော့မည်ဖြစ်သည်။

ထူးခြားမှုတစ်ခုမှာ ယခုကျင်းပခဲ့သော မြန်မာပြည်ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကာ ရွှေခါးပတ်ပိုင်ဆိုင်ခဲ့သည့် လက်ဝှေ့ကျော်အများအပြားရှိသလို မပိုင်ဆိုင်ဘဲရပ်တည်နေသည့် လက်ဝှေ့ကျော်များလည်းမှတ်တမ်းများအရ ရှိနေသည်ကို တွေ့ရသည်။

မြန်မာပြည် ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲတစ်လျှောက်တွင် လက်ဝှေ့ကျော် ဝင်းထွန်းသည် ရွှေခါးပတ်လေးခုမြောက်ရရှိထားပြီး အလွတ်တန်းတွင် လုံးချောက နှစ်ခုရရှိကာ ယခုအဋ္ဌမမြောက် ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ ၇၁ ကီလိုတန်းတွင် ဗိုလ်လုပွဲ၌ ရဲရင့်အောင်နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ကြယ်လင်းအောင်က ယခင်ဝယ်တာတန်းနှင့် လိုက်ဝယ်တာတန်းတို့တွင် ရွှေခါးပတ်ချန်ပီယံနှစ်ခုကို ပိုင်ဆိုင်ထားသူဖြစ်သည်။ ယခု ၇၁ ကီလိုတန်းတွင် ရဲရင့်အောင်ကို အနိုင်ရပါက တတိယမြောက် ရွှေခါးပတ်ချန်ပီယံပိုင်ရှင် ဖြစ်လာမည်ဖြစ်သည်။ အလားတူ ယခင်နှစ် သတ္တမအကြိမ်မြောက်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မိုက်ရိုင်းနှင့် ကြယ်စင်ဖြိုးတို့သည်လည်း ယခုနှစ်ဒုတိယအကြိမ် ထပ်မံရရှိရေး ဝင်ရောက်ယှဉ်ပြိုင်ရာ ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ ဘယ်သူတွေ ပေါ်ထွက်လာမည်ကို စောင့်မျှော်ကြည့်ရှုရတော့မည်ဖြစ်ပါကြောင်း။ ။

■


တွေ့မရှောင်


ရန်ကြီးအောင်


စောငမန်း


ဝင်းထွန်း


လုံးချော

**ယခုကျင်းပခဲ့သော မြန်မာပြည် ရွှေခါးပတ်ချန်ပီယံ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကာ ရွှေခါးပတ် ပိုင်ဆိုင်ခဲ့သည့် လက်ဝှေ့ကျော် အများအပြားရှိသလို မပိုင်ဆိုင် ဘဲရပ်တည်နေသည့် လက်ဝှေ့ ကျော်များလည်း မှတ်တမ်းများ အရ ရှိနေသည်ကိုတွေ့ရ**



# ဦးမြဦး(အဘ)ဦးဒေဝ နှင့် ပုဒ်ထားပြောင်းပြန်

**မောင်ခင်မင်(ဓနုဖြူ)**

"ဘဘ နေကောင်းရဲ့လား။ သမီးခရီးသွားနေလို့ဘဘနဲ့မတွေ့ရ တာတောင် တော်တော် ကြာသွားပြီ"

"အေး...ကောင်းပါတယ်ကွယ်။ သမီးကိုမတွေ့လို့ သမီး အမေကို မေးမှခရီးသွားနေမှန်းသိတယ်"

"ဟုတ်ကဲ့။ သမီးသွားတဲ့မြို့က သူငယ်ချင်းရဲ့အိမ်မှာတွေ့ခဲ့ တာ ကလေးတစ်ခုအကြောင်း ဘဘကိုပြောပြချင်လို့ပါ"

"ဘာများပါလိမ့်ကွယ်"

"သူငယ်ချင်းက သူ့အဖေရခဲ့တဲ့ဂုဏ်ထူးဆောင်လက်မှတ် ကြီးတစ်ခု သမီးကိုပြတယ် ဘဘ။ မကြာခင်ကမှ ချီးမြှင့်ခံရတာ တဲ့။ ကြွေစက္ကူနဲ့ ရွှေစာလုံးတွေနဲ့ ကျကျနနရိုက်ထားတာပါ။ အဲဒီလက်မှတ်မှာ ရေးထားတဲ့ စာအဆုံးသတ်ပုံကို သမီးစိတ်ထဲမှာ အဲဒီလိုရေးတာမှန်မှမှန်ရဲ့လားလို့ သံသယဖြစ်လို့ပါဘဘ"

"ဟေ...ဟုတ်လား။ ဘယ်လိုရေးထားလို့လဲသမီးရဲ့"

"သူငယ်ချင်းအဖေက ဦးမြဦး...တဲ့။ အဲဒီမှာရေးထားတာက ဘယ်လိုလဲဆိုတော့ 'ဦးမြဦး(အဘ) ဦးဒေဝအား ဤဂုဏ်ထူး ဆောင်လက်မှတ်ကိုချီးမြှင့်လိုက်သည်'တဲ့ဘဘရဲ့"

"ဩော်"

"အဲဒီတော့ အဓိပ္ပာယ်ကဦးမြဦးကိုလက်မှတ်ချီးမြှင့်တာ မဟုတ်ဘဲ၊ သူ့အဖေဦးဒေဝကိုချီးမြှင့်တာဖြစ်နေသလားလို့ သမီး သံသယဖြစ်မိလို့ပါ"

"အင်း... ဘဘလည်းအဲဒီလိုရေးထားတဲ့ဂုဏ်ထူးဆောင် လက်မှတ်တစ်ခုတွေ့ဖူးပါတယ်။ ဘဘ အခုအသက် ၇၀ ကျော် လာပြီ။ အဲဒီလိုရေးပုံမျိုးကို လွန်ခဲ့တဲ့နှစ် ၂၀ အစိတ်လောက် အထိ ဘဘတော့တစ်ခါမှမတွေ့ဖူးပါဘူးကွယ်။ အဲဒီအကြောင်း အရာမျိုးကိုရေးရင်အရင်ကတော့'အဘဦးဒေဝ၏သားဦးမြဦး အား ဤဂုဏ်ထူးဆောင်လက်မှတ်ကိုချီးမြှင့်လိုက်သည်' လို့ ရေး တာပါပဲ။ ဒါလည်းမြန်မာဝါကျပုဒ်အထားအသိုစနစ်အတိုင်း ရေးတာပါ။ အဘဆိုတဲ့ စကားလုံးတောင်တကယ်တော့ထည့်စ ရာမလိုပါဘူး။ 'ဦးဒေဝ၏သားဦးမြဦး'ဆိုရင်ရပါပြီ။ အခု နောက် ပိုင်းကျမှ အဖေနာမည်နောက်ကထားတဲ့ အရေးအသားမျိုး တွေ့ရတာပါ"

"ဒါဆိုရင် အဲဒီလို 'ဦးမြဦး(အဘ)ဦးဒေဝ'လို့ရေးတာမှား တာပေါ့နော်"

"မှားတာပေါ့။ မြန်မာဝါကျဖွဲ့ထုံးနဲ့မှမညီတာ၊ ပြောင်းပြန် ကြီးဖြစ်နေတာလေ"

"မှားတယ်ဆိုရင်ရေးတဲ့သူတွေက ဘာဖြစ်လို့အဲဒီလို ရေးကြတာလဲ ဘဘ၊ မှန်တယ်ထင်ပြီး ရေးတာလား"

"ဘဘသိတာကတော့ ရုံးတွေဘာတွေမှာ ပုံစံဖြည့်ရင် နာမည်ချင်းတူနေတဲ့အခါမျိုးမှာ လူချင်းကွဲအောင် အဖေ နာမည်ကို နောက်ကထည့်ရေးတဲ့အလေ့ရှိတယ်။ ရုံးထုံးစံဆိုပါ တော့။ မောင်ထွန်းစိန်ဆိုတဲ့ နာမည်တူ နှစ်ယောက်ရှိနေရင် မောင်ထွန်းစိန်(အဘ၊ ဦးမြင့်)၊ မောင်ထွန်းစိန်(အဘ၊ ဦးလှရွှေ) ဆိုတာမျိုးပေါ့။ အဲဒီလိုရေးတဲ့ထုံးစံရှိလို့ပုံစံတွေ၊ ဇယားတွေမှာ ရေးတာကို ဘာမှပြောစရာမရှိပါဘူး"

"ဟုတ်ကဲ့ပါ"

"ဒါပေမယ့်ကွယ်။ ဝါကျအပြည့်အစုံရေးတဲ့ မြန်မာစာအရေး အသားမှာ အဲဒီလိုရေးတာကတော့ ပုဒ်အထားအသိုပြောင်း ပြန်ကြီးဖြစ်နေတဲ့အတွက် မှားတာပေါ့ကွယ်။ မြန်မာလည်း မဆန်ပါဘူး"

"အဲဒီပုံစံမျိုးရေးတာတွေ သတင်းစာတို့၊ ဂျာနယ်တို့မှာ လည်း သမီးတွေ့ဖူးတယ်ဘဘ"

"ဘယ်လိုရေးလို့လဲ။

သတင်းစာထဲမှာ လူသတ်မှုတစ်ခုအကြောင်းရေးတာ ဘဘရယ်။ တရားခံ 'မောင်ရွှေအဘ ဦးထွန်းစိန်က သေဆုံးသူ မောင်ထွေးကိုဓားနှင့်ထိုးကြောင်း' တို့၊ 'မောင်ရွှေ အဘ ဦးထွန်းစိန်သည် ထွက်ပြေးတိမ်းရှောင်နေသဖြင့်' တို့၊ 'မောင်ရွှေ အဘ ဦးထွန်းစိန်ကို ဖမ်းဆီးရမိကြောင်း' တို့ဆိုတာတွေ သုံးလေး ခါထပ်ရေးနေတော့ သမီးစိတ်ထဲမှာ သားက လူသတ်မှုကျူးလွန် တာကို အဖေကဘာမဆိုင် ညာမဆိုင် ဓားနဲ့ထိုးသူဖြစ်လိုဖြစ်၊ ထွက်ပြေးလိုပြေး၊ အဖမ်းခံရလို ခံရနဲ့ တော်တော်ဒုက္ခများမှာပဲ လို့ တွေးမိလို့ပါဘဘရယ်"

"ဟုတ်ပ့ါဗျာ။ သမီးတွေးသလို တွေးချင်စရာကြီးပေ့ါ"

"ဘဘရယ်၊ အဖေနာမည်ရေးချင်ရင်လည်း ဘဘပြော သလိုသတင်းစစချင်း 'ဦးထွန်းစိန်၏သား တရားခံမောင်ရွှေ'လို့ တစ်ခါ ရေးရင် လုံလောက်ပါပြီ။ နောက်ထပ်နာမည် ဖော်စရာရှိရင် 'မောင်ရွှေ'ပဲ ရေးပေါ့။ သူ့အဖေ ဦးထွန်းစိန်က ဘာကိစ္စကန့်လန့် ကန့် လန့်ပါနေရသလဲမသိဘူး"

"ဘဘသတိထားမိတာလည်းရှိသေးတယ်။ သတင်းစာမှာ မကြာခဏ တွေ့ရတယ်၊ မောင်သန်းထွတ်၊ ကမာရွတ်မြို့နယ် ၉ ရပ်ကွက်တွင် နေသူသည် မောင်ငွေထွန်း၊ စမ်းချောင်းမြို့နယ် မြေနုလမ်းတွင်နေသူနှင့် စကားများရာမှ မောင်ငွေထွန်းကို သံတုတ်နှင့်ရိုက်နှိုက်သဖြင့်' ဆိုတာမျိုးလေ။ ရေးပုံက ရှုပ်ထွေး လိုက်တာ။ ပြီးတော့လည်း သမီးပြောတာမျိုး ပြောင်းပြန်ကြီးလေ။ 'ကမာရွတ်မြို့နယ် ၉ ရပ်ကွက်တွင်နေသူ မောင်းသန်းထွတ်က စမ်းချောင်း၊ မြေနုလမ်းတွင် နေသူ မောင်ငွေထွန်းကို သံတုတ်နှင့် ရိုက်နှက်သဖြင့်'ဆိုရင် မြန်မာဝါကျဖွဲ့ပုံလည်းမှန်တယ်။ ရှင်းလည်း ရှင်းတယ်လေ"

"ဟုတ်ကဲ့ပါ"

"ခပ်စောစောပိုင်းက ဒါထက်ဆိုးတဲ့ ရေးပုံမျိုးတွေ တွေ့ရ သေးတယ်။ 'ဒေါ်အေးလှိုင်၊ အမှတ် ၅၉၊ ၃၆ လမ်း၊ ရန်ကုန်မြို့သည် ကားလမ်းဖြတ်ကူးစဉ် ကားတိုက်ခံရသည့်အတွက် ဒဏ်ရာပြင်း ထန်စွာ ရသွားသည်'ဆိုတာမျိုးလေ။ ရေးရမှာက 'ရန်ကုန်မြို့ ၃၆ လမ်း၊ အမှတ် ၅၉ နေဒေါ်အေးလှိုင်သည်' လို့ ရေးရမှာ ပြောင်းပြန်ကြီးရေးထားတော့ ကားတိုက်ခံရတာ ဒေါ်အေးလှိုင် မဟုတ်ဘဲ ရန်ကုန်မြို့ကြီး ဖြစ်မနေဘူးလား"

"ဟုတ်တယ်နော် ဘဘ"

"အဲဒီလိုပဲ 'ဦးစိန်ထွန်း၊ အထွေထွေမန်နေဂျာ၊ ဘိလပ်မြေ စက်ရုံသည် အစည်းအဝေးတက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြောင်း' ဆိုတာမျိုးလည်း ရေးတတ်တယ်။ 'ဘိလပ်မြေစက်ရုံအထွေထွေမန်နေဂျာ ဦးစိန်ထွန်း'လို့ရေးမှ မြန်မာ ဝါကျမှန်မှာပေါ့ကွယ်"

"စာမှာ လိပ်စာတပ်ရင်တော့ အဲဒီလိုတပ်လို့ရတယ် မဟုတ် လား ဘဘ"

"လိပ်စာတပ်တာကတော့ နာမည်ကို ထိပ်ဆုံးက ထားပြီး တပ်ရင် ချက်ချင်းမြင်သာတာမို့ ကောင်းပါတယ်။ စာအိတ် ပေါ်မှာတို့ လျှောက်လွှာမှာတို့ လိပ်စာတပ်ရင်တော့ အဲဒီလိုတပ် တာ တရားဝင်လက်ခံထားတာပဲလေ။ ပြီးတော့ လိပ်စာဆိုတာ ဝါကျအပြည့် ရေးတာမျိုးမှ မဟုတ်တာ"

"မြန်မာဝါကျပီပီပြင်ပြင်ရေးရင်တော့ ဘဘပြောတဲ့အတိုင်း အလုပ်အကိုင်တွေ၊ ရာထူးတွေ ရှေ့ကထားပြီးမှ နာမည်ရေးရ မှာပေ့ါကွယ်"

"ဟုတ်ကဲ့ပါ"

"သတိရလို့ပြောရဦးမယ်။ ရက်စွဲရေးရင်လည်း အဲဒီလိုပဲ လေ။ ၂၀၁၆ ခုနှစ် ဇွန်လ ၅ ရက် လို့ရေးရင်ရေး၊ '၅-၆-၁၆'လို့ အတိုကောက်ရေးရင်ရေး၊ နှစ်မျိုးစလုံးမှန်တာပဲ။ တချို့က ၅-၆-၂၀၁၆ ရက်တွင်ဆိုတာမျိုးရေးတတ်ကြတယ်။ '၂၀၁၆' နဲ့ 'ရက်' နဲ့ ကပ်ထားတော့ ရက်ပေါင်း ၂၀၁၆ရက်ဆိုတဲ့အဓိပ္ပာယ်ဖြစ်မ သွားဘူးလား"

"ဖြစ်သွားပါတယ်ဘဘ"

"တစ်ခါကဘဘတောင်ထင်ယောင်ထင်မှားဖြစ်ဖူးတယ်။ သတင်းစာထဲက ဓာတ်ပုံအောက်မှာ စာတန်းထိုးထားတယ်။ '၅ ဘာသာဂုဏ်ထူးရှင် ချောစုရတနာ၊ အဘဦးသာလှ ဆုယူနေစဉ်' တဲ့။ အဲဒါဖတ်ပြီး ဘဘက ၅ ဘာသာဂုဏ်ထူးရှင်သမီးကလေး ဆုတက်မယူနိုင် လို့သူ့အဖေက ကိုယ်စားယူပေးတယ်ထင်နေတာ။ ဓာတ်ပုံကြည့်လိုက်တော့ ဆုယူနေတာ ကျောင်းသူ ကလေးပဲ လေ"

"ဩော်"

"ဒီတော့မှ ပုံစာပြောင်းပြန်ကြီးရေးထားလို့ ဘဘထင် ယောင်ထင်မှားဖြစ်တာမှန်း နားလည်သွားတယ်။ အဲဒီ'အဘ' ကြီးဝင်ရှုပ်နေတဲ့ပြဿနာပဲလေ။ 'ဦးသာလှ၏သမီး ၅ ဘာသာ ဂုဏ်ထူးရှင် ချောစုရတနာ ဆုယူနေစဉ်'လို့ရေးရင် အဓိပ္ပာယ် အကောက်မှားစရာ ဘယ်ရှိပ့ါမလဲလေ"

"နားလည်ပါပြီဘဘ"

"ဒါကြောင့် မြန်မာဝါကျဖွဲ့ထုံးနဲ့မညီတဲ့ ပုဒ်ပြောင်းပြန် ဝါကျမျိုးတွေကို ဂုဏ်ထူးဆောင် လက်မှတ်တွေမှာရော၊ သတင်းစာဂျာနယ်တွေမှာရော မရေးကြဖို့နဲ့ ရေးတာတွေ့ရင် ထောက်ပြကြဖို့လိုတယ်လို့ပဲ ပြောလိုက်ချင်ပါတယ် သမီးရယ်"

"ကျေးဇူးတင်ပါတယ်ဘဘ"

**ဝါကျအပြည့်အစုံရေးတဲ့ မြန်မာစာအရေးအသားမှာ အဲဒီလို ရေးတာကတော့ ပုဒ်အထားအသို ပြောင်းပြန်ကြီးဖြစ်နေတဲ့အတွက် မှားတာပေါ့ကွယ်။ မြန်မာလည်း မဆန်ပါဘူး . . .**

# လျှပ်စစ်စက်ဘီးစီးနင်းခြင်း၏ အံ့မခန်းကျန်းမာရေးကောင်းကျိုး



**ကလျာမိုးမြင့်**

စက်ဘီးတစ်စီးကို လျှပ်စစ်မော်တာတပ်ဆင်လိုက်ခြင်းဖြင့် လျှပ်စစ်စက်ဘီးဆိုတဲ့အမည် ပြောင်းလဲသွားပြီး ဒါကိုလိမ်လည်လှည့်ဖြားမှု တစ်ခုလို့ ဆိုချင်ဆိုနိုင်ပါတယ်။ ဒါပေမယ့် လျှပ်စစ်စက်ဘီးတွေဟာ ကာယလေ့ကျင့်ခန်းတွေကို ကောင်းမွန်သင့်လျော်စွာနဲ့ လက်တွေ့ကျကျ လုပ်ဆောင်နိုင်ဖို့ အတွက် နည်းလမ်းကောင်းဖြစ်လာပါတယ်။

ကာယလေ့ကျင့်မှုတွေဟာ ကျွန်ုပ်တို့ ဘဝမှာ အရေးပါတယ်ဆိုတာ အားလုံးသိရှိထားပြီး ဖြစ်ပါတယ်။ ကိုယ်ကာယအားဖြင့် အမြဲသွက်လက်လှုပ်ရှားနေသူတွေဟာ ကိုယ်လက်လှုပ်ရှားမှုလုပ်ဖို့ ပျင်းရိသူတွေနဲ့နှိုင်းယှဉ်ကြည့်ရင် နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာ၊ လေသင်တုန်းဖြတ်ခြင်း၊ စိတ်ဓာတ်ကျဆင်းခြင်း၊ အသက်အရွယ် အိုမင်းလာချိန်မှာ ဘာကိုမှမစွမ်းဆောင်နိုင်တော့ခြင်းနဲ့ အရွယ်မတိုင်မီ သေဆုံးရခြင်းအဖြစ်နည်းတာကို တွေ့ရပါတယ်။

ကိုယ်လက်လှုပ်ရှားမှုရဲ့ ကောင်းကျိုးများစွာ ရှိနေသော်လည်းပဲ အများစုဟာ ဘယ်တော့မှ လေ့ကျင့်ခန်း မလုပ်ဆောင်ကြဘူးဆိုတာကို စာရင်းဇယားတွေက ဖော်ပြနေပါတယ်။ သုတေသနပြုသူတွေက ဘာကြောင့်လဲဆိုပြီး မေးမြန်းခဲ့တဲ့အခါ တူညီတဲ့အဖြေနှစ်ခုကတော့ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ဖို့အချိန်မရဘူး ဆိုတာရယ်၊ လေ့ကျင့်ခန်းတွေကို လိုက်ပြီး လုပ်ဆောင်နိုင်စွမ်းမရှိဘူးဆိုတဲ့ အကြောင်းပြချက်တွေဖြစ်ပါတယ်။

လျှပ်စစ် စက်ဘီးတွေက ဒီအကြောင်း အရာတွေကို ရည်ရွယ်ပြီး ပေါ်ထွက်လာသလိုပါပဲ။ စက်ဘီးမှာ ပါရှိတဲ့ မော်တာတွေက စက်ဘီးခြေနင်းကို နင်းတဲ့အခါ လိုအပ်သလို ထောက်ကန်ပေးထားမှာဖြစ်ပါတယ်။ တချို့လျှပ်စစ်မော်တာတပ်စက်ဘီးတွေမှာ ကိုယ်တိုင် ခြေနင်းစရာမလိုဘဲ အလိုအလျောက် နင်းပေးပါတယ်။ တောင်ကုန်းတွေပေါ် တက်တဲ့အခါနဲ့ ရှည်ကြာတဲ့ ခရီးဝေးတွေကို စီးနင်းရတဲ့အခါ သိပ်အားစိုက်စရာမလိုတော့ဘဲ ကြောက်လန့်ရမှုလည်း နည်းပါတယ်။

နေ့စဉ်လုပ်ငန်းဆောင်တာ အစီအစဉ်တွေကြားမှာ ထွက်ပေါက် ပိတ်နေတဲ့လူတွေကို လုပ်ငန်းခွင်သွားရောက်ချိန်မှာ ကားဖြင့် သွားလာခြင်းကနေ စိတ်ကျေနပ်ဖွယ်အပြောင်းအလဲတစ်ခု အနေနဲ့ စက်ဘီးစီးနင်းခြင်းကို ပြုလုပ်သင့်တယ်လို့ လေ့လာသူများက အကြံပြုခဲ့ပါတယ်။

ပြီးခဲ့တဲ့လက ပုံနှိပ်ထုတ်ဝေခဲ့တဲ့ ဥရောပအသုံးချ ကာယပညာဂျာနယ်ထဲမှာ စမ်းသပ်လေ့လာမှုအသစ် တစ်ရပ်အနေနဲ့ ကိုလိုရာဒို တက္ကသိုလ်က ပညာရှင်အဖွဲ့ဟာ ကျန်းမာမှုမရှိတော့တဲ့အတွက် ပုံပျက်ပန်းပျက်ဖြစ်နေတဲ့ အမျိုးသားတွေနဲ့ အမျိုးသမီးတွေကို လျှပ်စစ်စက်ဘီး တစ်စီးစီပေးပြီး အလုပ်ကို စက်ဘီးနဲ့ သွားရောက်ဖို့ အကြံပြုမယ်။ ပြီးတော့ ဘယ်လိုဆက်ဖြစ်လာနိုင်မလဲဆိုတာကို စောင့်ကြည့်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

ခြေနင်းပါတဲ့ နှစ်ဘီးတပ်မော်တော်ယာဉ်လိုမျိုး စီးနင်းသူကိုယ်စား အလုပ်လုပ်ဆောင်ပေးဖို့ ကူညီမယ့် မော်တာတပ်စက်ဘီးတွေကို လေ့လာခဲ့ပါတယ်။ မော်တာရဲ့ အကူအညီအားဖြင့် ခြေနင်းကို လည်ပတ်စေခြင်းက ကိုယ်လက်လှုပ်ရှားမှုမပြုလုပ်ခဲ့ဖူးတဲ့ သူတွေအတွက် အလုပ်ဖြစ်လိမ့်မယ်လို့ လေ့လာသူတွေက မျှော်လင့်ခဲ့ကြပါတယ်။ ၎င်းတို့က ကိုယ်လက်လှုပ်ရှားမှုမရှိတဲ့ အဖွဲ့ဝင် ၂၀ ကို စမ်းသပ်ခန်းထဲ ခေါ်ဆောင်သွားပြီး ခန္ဓာကိုယ်ပေါင်းစပ်ဖွဲ့စည်းမှု အနေအထား၊ ပြင်းထန်တဲ့ကာယလေ့ကျင့်မှုဆိုင်ရာ ကြံ့ခိုင်မှု၊ သွေးတွင်းသကြားဓာတ်ပါဝင်မှု၊ သွေးဖိအားနဲ့ ကိုယ်လက်စထရော ပါဝင်မှုကို စစ်ဆေးခဲ့ပါတယ်။

စစ်ဆေးပြီးနောက်မှာတော့ အစမ်းသပ်ခံပုဂ္ဂိုလ်တွေကို စက်ဘီးတစ်စီးစီကို လိုအပ်တဲ့ပစ္စည်းကိရိယာတွေနဲ့ အတူ ပေးအပ်လိုက်ပါတယ်။ ဘူဒါးလ်မှာရှိတဲ့ လမ်းများနဲ့ စက်ဘီးသွားလို့ရနိုင်တဲ့ လမ်းကြောင်းတွေမှာ စီးနင်းစေခဲ့ပါတယ်။

တစ်လခန့်ကြာပြီးတဲ့ နောက်မှာတော့ စက်ဘီးစီးနင်းသူတွေဟာထိခိုက်ဒဏ်ရာ တစ်စုံတစ်ရာမရှိဘဲ တစ်နာရီကို ၁၂ မိုင်နှုန်းအရှိန်နဲ့ စီးနင်းခဲ့ကြတာကို တွေ့ရပါတယ်။ အရေးကြီးတဲ့အချက်ကတော့ လျှပ်စစ် စက်ဘီးစီးနင်းခဲ့သူတွေဟာ ခုဆိုရင် ပိုမိုကြံ့ခိုင်သန်စွမ်းလာကြတာပါပဲ။ ပြင်းထန်တဲ့ ကာယလေ့ကျင့်မှုတွေကို သိသိသာသာလုပ်ဆောင်လာနိုင်ပြီး သွေးတွင်းသကြားဓာတ်ပါဝင်မှုအခြေအနေ ပိုမိုကောင်းမွန်လာကာ အဆီပိုတွေကိုလည်း ကျဆင်းစေခဲ့ပါတယ်။ ဒီလေ့လာမှုအပြီးမှာအဖွဲ့ဝင်တွေအားလုံး လျှပ်စစ်စက်ဘီးတွေဝယ်ယူခဲ့ကြပါတယ်။

**နယူးယောက်တိုင်းမ်**

**မော်တာရဲ့ အကူအညီအားဖြင့် ခြေနင်းကို လည်ပတ်စေခြင်းက ကိုယ်လက်လှုပ်ရှားမှု မပြုလုပ်ခဲ့ဖူးတဲ့ သူတွေအတွက် အလုပ်ဖြစ် . . .**



**ညှိနှိုင်းဈေးနှုန်းဖြင့် မြေကွက်ကျယ်အမြန်ရောင်းမည်**
စီးပွားရေးလုပ်ငန်းတိုးချဲ့လုပ်ကိုင်ရန်အကောင်းဆုံး
ရန်ကုန် - ကျောက်ဖြူလမ်းမပေါ်၊ စေတီယရပ်ကွက်၊
ကုမ္ပဏီဈေး၊ လေယာဉ်ကွင်းအနီး၊ ပင်လယ်ကမ်းခြေအနီး၊
ရှေ့မျက်နှာ (၁၃၀)ပေ နောက်(၂၄၀)ပေ၊
အုတ်တံတိုင်း ကာရံပြီး၊ ရေ မီးအစုံချိုသာသော
ဈေးနှုန်းဖြင့် အမြန်ရောင်းမည်။ ဦးရာလူရမည်။
**စုံစမ်းရန်** - ၀၉၅၀၀၀၆၇၃၊ ၀၉၅၁၅၁၅၇၆၊ ၀၉၅၁၅၄၁၆၄

**ညှိနှိုင်းဈေးနှုန်းဖြင့် တိုက်နှင့်ခြံအမြန်ရောင်းမည်**
စီးပွားရေးလုပ်ငန်းတိုးချဲ့လုပ်ကိုင်ရန်အကောင်းဆုံး
မြင်ဦးလွင်မြို့နယ်၊ အနီးစခန်းဘုတာအနီး၊
ချမ်းမြေ့ရိပ်သာလမ်းပေါ်ရှိအဆင့်မြင့်မြင်ဆင်ပြီး ပင်မတိုက်(၁)လုံးအပါအဝင်
သီးသန့်ဘန်ဂလို(၂)လုံး၊ အုတ်တံတိုင်းကာရံပြီး၊ ရှေ့မျက်နှာ(၁၆၆)ပေ၊
နောက်(၂၀၀)ပေ၊ (၀. ၇၅)ဧက မြေနှင့်အဆောက်အဦး။
သီးပင်၊ စားပင်နှင့် ပန်းအလှပင်မျိုးစုံပါဝင်သည်။
ချိုသာသောဈေးနှုန်းဖြင့်အမြန်ရောင်းမည်။ ဦးရာလူရမည်။
**စုံစမ်းရန်** - ၀၉၅၀၀၀၆၇၃၊ ၀၉၅၁၅၁၅၇၆၊ ၀၉၅၁၅၄၁၆၄

**ညှိနှိုင်းဈေးနှုန်းဖြင့် မြေကွက်ကျယ်အမြန်ရောင်းမည်**
စီးပွားရေးလုပ်ငန်းတိုးချဲ့လုပ်ကိုင်ရန်အကောင်းဆုံး
လှိုင်သာယာ၊ အနော်ရထာစက်မှုဇုံ၊ မြစိမ်းရောင်အိမ်ယာစီမံကိန်း
ရန်ကုန် - ပုသိမ်လမ်းမကြီးအနီး၊ အနောက်ပိုင်းနည်းပညာ
တက္ကသိုလ်အဝင်လမ်းအား၊ မြေအကျယ် ၁၃၀ပေ × ၁၂၀ပေ အုတ်တံတိုင်း
ကာရံပြီး အာစီ(၂)ထပ်တိုက်သစ်(၁)လုံး ရေ မီးအစုံ ပါမစ်၊ ဂရစ် ရရှိပြီး
ချိုသာသောဈေးနှုန်းဖြင့်အမြန်ရောင်းမည်။ ဦးရာလူရမည်။
**စုံစမ်းရန်** - ၀၉၅၀၀၀၆၇၃၊ ၀၉၅၁၅၁၅၇၆၊ ၀၉၅၁၅၄၁၆၄


**အမည်ပြောင်း**

စစ်တွေမြို့၊ အမှတ်(၁၅)အခြေခံပညာ မူလတန်းလွန်ကျောင်း (ပြည်တော်သာ) စတုတ္ထတန်း( )မှ (ဘ)ဦးသက်နိုင် ၁၁/ရသတ(နိုင်)၀၆၀၀၁၄၏သမီး မမေမြတ်နိုးအား မခင်ထက်ထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မခင်ထက်ထက်အောင်**


**မင်္ဂလာပါ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

**အောင်သရဖူ**
အိမ်ပြောင်း၊ အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏အိမ်ခန်း၊ရုံးခန်းများပြောင်းရွှေ့ခြင်းအတွက် အလုပ်သမား နှင့် ကားစီစဉ်ပေးသည်။
အမှတ်-၁၀၃၊မြေညီ၊ဖုံအိမ်ရာ၊လေးထောင့်တန်လမ်း။
Ph: 09254009334,
09254009335,
09254009336

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉



CHANTHA SHWE MYAY
CTSM

# "ဧရာချမ်းသာ" အဆင့်မြင့်အိမ်ရာ

AYCT




## "အထူးအခွင့်အရေး"

လစဉ် (၆)သိန်းမှစ၍(၁၆)သိန်းထိ လပေါင်း(၄၈)လမှ (၁၆၈)လအထိ အရစ်ကျငွေပေးချေနိုင်သောစနစ်

တည်နေရာ - သီလဝါ ရေနက်ဆိပ်ကမ်းအထူးစီးပွားရေးဇုန်နှင့် 30Km
တိုင်းရင်းသားဖွံ့ဖြိုးမှုတက္ကသိုလ်နံဘေး
ရွှေပုဇွန် Bakery ၊Capital Hyper Market ၊သာကေတ City Mart တို့မှကားမောင်းလျှင်
(၅)မိနစ်ခန့်အကွာအဝေးတွင်တည်ရှိပါသည်။

ဆိုဒ်လိပ်စာ - "ဧရာချမ်းသာ"အဆင့်မြင့်အိမ်ရာ၊ ဧရာဝဏ်-ရတနာအိမ်ရာစီမံကိန်း၊ စာဥမှတ်တိုင်အနီး၊
ဖုန်း - (၀၉) ၉၆၀ ၁၈၂ ၃၀၀၊ ၉၆၀ ၁၈၂ ၄၀၀၊ ၉၆၀ ၁၈၂ ၅၀၀

ရုံးလိပ်စာ - အကွက်အမှတ် (၁)၊ သော်ကကြီးလမ်း၊ မြခွာညို-ဝါဝါဝင်း အဆင့်မြင့်အိမ်ရာ၊သာကေတ။
ဖုန်း - (၀၉) ၉၆၀ ၁၈၂ ၆၀၀၊ ၉၆၀ ၁၈၂ ၇၀၀၊ ၉၆၀ ၁၈၂ ၈၀၀၊ ၉၆၀ ၁၈၂ ၉၀၀

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန နှင့် "ချမ်းသာရွှေမြေကုမ္ပဏီလီမိတက်" တို့ ပူးပေါင်းဆောင်ရွက်သည့် ရန်ကုန်မြို့ရှိ အဆင့်မြင့်အိမ်ရာ "ဧရာချမ်းသာ"**


**အမည်ပြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အမက(၂၂)၊ တာမွေ၊ စတုတ္ထတန်းမှ (ဘ) ဦးမျိုးမင်းဦး၏သား မောင်ချစ်ရအောင်အား ယနေ့မှစ၍ မောင်ယောနသန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ယောနသန်**

**တစ်ဦးတည်းဖြစ်ကြောင်း**

မင်းဘူးမြို့၊ အထက(၂)၊ နဝမတန်း( )မှ မောင်ကောင်းမြတ်ဘုန်းဟန်၏ ဖခင် ဦးသော်ဇင်နိုင်နှင့် ဦးဦးသိန်းဟန် ၁၁/ပဏတ(နိုင်)၀၄၄၃၈၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဦးသိန်းဟန်**

**အမည်ပြောင်း**

ဦးနိုရာမကူမာရ်၏ သမီး အထက (၁)တာမွေ၊ ဆဋ္ဌမတန်း( )မှ မနှင်းယုဝေအား မချိုသဲမာဟု ပြောင်းလဲခေါ်ပါရန်။ **မချိုသဲမာ**


ဆိုင်တွေမှာ ပစ္စည်းပြတ်သွားလောက်အောင် မိန်းကလေးတွေရဲ့ ပါးစပ်ဖျားမှာ တဟုန်ထိုးကျော်ကြား လူကြိုက်များနေတဲ့ Swiss Formula 3 Way Cake ကို ရောင်းချလိုသော လက်လီ/လက်ကားဆိုင်များအနေဖြင့် အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ပါသည်။

*** Special Promotion ***

3 Way Cake တစ်ဗူးဝယ်ယူသည့် သူတိုင်းအား BB Cream Liquid Foundation ဗူးသေးတစ်ဗူးကို လက်ဆောင်အဖြစ် တွဲကပ်ပေးထားပါသည်။




Swiss FORMULA POWDER CAKE

၀၉-၂၅၀၁၆၂၂၈၂ ၀၉-၇၈၅၆၆၆၆၅၁ ၀၉-၇၈၅၆၆၆၆၅၂ ၀၉-၇၈၅၆၆၆၆၅၃



**သွေးလွန်တုပ်ကွေး**(DHF)၊ **ဇီကာဗိုင်းရပ်စ် (Zika Virus)**
ခြင်အန္တရာယ်ကင်းဝေးဖို့ **တီမီဖော့ 1% SG (Temeguard)**
**ပိုးလောက်လန်းသတ်ဆေး သုံးကြစို့**
လူနှင့်ကျောရိုးရှိ တိရစ္ဆာန်များအား ဘေးဥပဒ်အန္တရာယ်မရှိပါ။
ဖြန့်ဖြူးသည့်ကုမ္ပဏီ - **Eternal Victory General Trading Co.,Ltd.**
Room No. 801/803, No. 310, Wardan st, Winshwewar Building, Lammadaw Tsp., Yangon, Myanmar.
Ph : 01 226744, 01 2300246, HP : 095118448, 095202427




ပြည်ထောင်စုမြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ မှတ်ပုံတင်အမှတ် - Pa-ma-Pha 3/2015 (897)

**KKပွဲရုံ** - ၈၂/၃၇၊ ခတ္တာလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ ရန်ကုန်။
**ကိုမိုးသူ** - တိုက်-၃၊ အခန်း(၁)၊ နှင်းဆီလမ်း၊ ယုဇနပလာဇာအနီး၊ ရန်ကုန်။
**နေလအထူးကုဆေးခန်း** - T4/5 အောင်ရတနာအိမ်ရာ၊ သံသုမာလမ်းမကြီး၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
**ရွှေသိန်းပွဲရုံ** - အဆောင်-၄၂၊ အခန်း(၂)၊ ကျွဲဆည်ကန်ပွဲရုံတန်း၊ မန္တလေးမြို့။
**အောင်မင်္ဂလာပွဲရုံ** - အမှတ်-၂၄၄၊ ၃၂ လမ်း၊ ၈၄/၈၅ လမ်းကြား၊ မန္တလေးမြို့။
**ဦးတင်ဝေ** - အမှတ်-၉/၃၇၂၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းသွယ်၊ ဥသာမြို့သစ်၊ ပဲခူးမြို့။
**ဒေါ်ခင်လှပွဲရုံ** - ဈေးကြီးတန်း၊ တောင်ငူမြို့။
**ကိုလင်းခိုင်** - အမှတ်-၁/၁၆၊ ရန်ကုန်-မန္တလေးလမ်း၊ ကန်ဦးရပ်၊ ပျဉ်းမနားမြို့။
**စံပယ်ဖြူစိုက်ပျိုးရေးဆေးဆိုင်** - ပဲတန်းမြောက်ဘက်ထိပ်၊ ဗဟိုဈေး၊ မိတ္ထီလာမြို့။
**ငွေမေတ္တာကုန်စုံဆိုင်** - တရုတ်တန်းနှင့် ပန်းတိမ်တန်းလမ်းထောင့်၊ ဈေးကြီးအနီး၊ ပြည်မြို့။
**ကိုကျော်ဇေယျ** - အမှတ်-၁၁၊ သစ္စာလမ်း၊ တိုင်းကျန်းမာရေးရုံးအနီး၊ ၅-ရပ်ကွက်၊ ပုသိမ်မြို့။
**ကိုဇော်မင်းနောင်** - အမှတ်-၁၂၊ ရွှေဘိုတပ်၊ အပြင်လမ်း၊ ၆/ရပ်ကွက်၊ ပုသိမ်မြို့။

## မုဒုံမြို့နယ်အသင်း(ရန်ကုန်)
## ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ

မုဒုံမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။ အသင်းဝင်များ၊ မုဒုံမြို့နယ်သူ မြို့နယ်သားများ၊ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညိုလှူဒါန်းကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၁၃ ရက် (ဇူလိုင် ၁၇ ရက်၊ တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉ နာရီ
**ကျင်းပမည့်နေရာ** - ဝိဇ္ဇောတာရုံစာသင်တိုက်၊ ပါရမီ၊ မြစံပယ်လမ်း၊အမှတ်(၉)ရပ်ကွက်၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်မြို့။

အလှူငွေနှင့်အလှူပစ္စည်းများ လှူဒါန်းလိုပါက ဦးအေးကျော် (ဥက္ကဋ္ဌ) ဖုန်း-၀၉-၈၆၀၀၇၂၄၊ ဦးတင်ကြိုင်(အတွင်းရေးမှူး)ဖုန်း-၀၉-၄၂၀၀၆၃၇၄၇၊ ဦးထွန်းထွန်းဦး(တွဲဖက်အတွင်းရေးမှူး-၁) ဖုန်း-၀၉-၅၀၂၁၆၉၇၊ ဒေါ်ထွေးကြည်(ဘဏ္ဍာရေးမှူး)ဖုန်း-၀၉-၂၅၄၃၀၉၈၃၈၊ ဒေါ်ခင်လှသန်း (အလုပ်အမှုဆောင်) ဖုန်း-၀၁-၆၅၃၃၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**(ဧည့်ပရိသတ်များအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးပါမည်။)**

**မုဒုံမြို့နယ်အသင်း(ရန်ကုန်)**
**အလုပ်အမှုဆောင်အဖွဲ့**

မြသီတာ သင်္ကန်းတိုက်
ဥဒ္ဒ ၈ မြတ်ချုပ်နှင့် ၁၄ ၈ မြတ်ချုပ် နှစ်ဘက်လှ သင်္ကန်းများ
၁။ အမှတ် ၅၆၉-စီ/၂၊ ကမ္ဘာအေးဘုရားလမ်း (ကမ္ဘာအေးဘုရားအရှေ့ ရေစက်လမ်းနှင့် ဂန္ဓမာလမ်းကြား)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ 09- 731 32388
၂။ အမှတ် ၁၃၃/၄၊ ရေတာရှည်လမ်းဟောင်း (ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်နှင့် ရွှေဂုံတိုင်လမ်းကြား)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ 09- 732 43033
ပင်ရင်း ☎ 09- 512 8532, 09-253 770707, Hot Line : 09 732 00440

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
▶ ဒီစင်ဘာအိမ်ရာ စီးပွားရေးဇုန်အနီး
(၁၀၀ × ၁၀၀) ပေပါမစ်မြေ (ထောင့်ကွက်) - (၁၆၅၀) သိန်း
▶ ညောင်နှစ်ပင် - ကြာကန်ကျေးရွာ
၀.၄၆ဧက၊ ရေ၊ မီး၊ ခြံပြော - (၂၈၀) သိန်း
Ph: 09-49342067, 09-785084831

**ဖခင်အမည်မှန်**
မြောက်ဦးမြို့၊ အထက-၂(မြို့သစ်)၊ သတ္တမတန်း မှ မောင်ဌေးမင်းကျော်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်သန်း ၁၁/မဥန(နိုင်)၀၃၁၅၂၁ ဖြစ်ပါသည်။ **ဦးခင်မောင်သန်း**

တက်နေဝန်း
အိမ်ပြောင်း/ အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

မြေကွက်ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား ?
SEVEN ☆ နှင့်ဆက်သွယ်လိုက်ပါ။
Ph: 09-33 333 511
09-33 333 514
09-33 333 644

**အမည်ပြောင်း**
အထက(၁)စစ်တွေ၊ တက္ကသိုလ်ဝင်တန်း( )မှ (ဘ)ဦးတင်မြင့်သမီး မခင်စုမြတ်တင်အား မဖူးပွင့်ခိုင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။
**မဖူးပွင့်ခိုင်**

**အမည်ပြောင်း**
စစ်တွေမြို့၊ အထက(ခွဲ)စက်ရုံစု၊ စတုတ္ထတန်းမှ ဦးမောင်မောင်ချေ၏သား မောင်ပြည့်စုံထွန်းအား အိမ်ထောင်စုစာရင်းအရ မောင်မြတ်ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။**မောင်မြတ်ကျော်**




**ဖခင်အမည်မှန်**
နေပြည်တော်၊ ပျဉ်းမနားမြို့၊ အထက(၃)၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း - တွင် ပညာသင်ကြားခဲ့သော မငြိမ်းငြိမ်းအေး၏ ဖခင်အမည်မှန်မှာ ဦးဌေးဝင်း ၉/ပမန(နိုင်)၀၅၈၂၈၃ ဖြစ်ပါကြောင်း။ **ဦးဌေးဝင်း**

**မွေးသက္ကရာဇ်မှန်**
ဦးနေလင်းအောင်၏သား လှိုင်ကော်မြို့၊ လောဗမ္မ၊ အထက(ခွဲ)၊ ပဉ္စမတန်း(က) မှ မောင်မျိုးနေခန့်၏ မွေးသက္ကရာဇ်မှန်မှာ ၂၉-၉-၂၀၀၆ ဖြစ်ပါကြောင်း။

**ပျောက်ဆုံးကြောင်း**
ကျွန်မ နန်းအေးဟွမ် ၁၃/မတန(နိုင်)၀၁၄၄၈၉၉၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၂၅၀၇၀၀**

**ဖခင်အမည်မှန်**
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၃)တက္ကသိုလ်ဝင်တန်းမှ မအိရတနာထွန်း၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်စန်း ၅/ကလထ(နိုင်)၀၆၁၇၇၅ ဖြစ်ပါသည်။
**ဦးဗိုလ်စန်း ၅/ကလထ(နိုင်)၀၆၁၇၇၅**

**အမည်မှန်**
ဦးဖားရယ်၏သား လှိုင်ကော်မြို့၊ အထက(၁)နဝမတန်း G မှ မောင်ဖရေရယ်၏အမည်မှန်မှာ မောင်ဖရေရယ်စည်သူ ဖြစ်ပါကြောင်း။
**မောင်ဖရေရယ်စည်သူ**

**ဖခင်အမည်မှန်**
အထကခိုလမ်၊ ပဉ္စမတန်း(က)မှ မဉာဏ်ဇင်သော်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်သင်း ၉/ကမန(နိုင်)၀၄၇၇၁၂ ဖြစ်ပါကြောင်း။
**ဦးမောင်မောင်သင်း**

**ဖခင်အမည်မှန်**
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အလက(၄) ပဉ္စမတန်းမှ မောင်လားရှပ်ပွီး အာနှင့် စတုတ္ထတန်းမှ မလားရင့်ဖဲလ်လီးတို့၏ ဖခင်အမည်မှန်မှာ ဦးလာလ်ဖျက်ဆွမ်း ၄/ဖလန(နိုင်)၁၂၄၃၄၃ ဖြစ်ပါသည်။
**ဦးလာလ်ဖျက်ဆွမ်း**
**၄/ဖလန(နိုင်)၁၂၄၃၄၃**

အာဟာရဓာတ်
မင်းကျော်ဝင်း
ပြည်လုံးကျွတ်ဖြန့်ချိရေး - သိမ့်ထိုက်စာပေ၊ ဖုန်း - ၀၉ ၅၀ ၅၉၂၁၄၊ ၀၉ ၂၅၀ ၆၄၈၃၆၂






GNC LIVE WELL (USA) နှင့် LAC (Japan) ကုမ္ပဏီတို့မှ ထုတ်လုပ်သော Healthy and Beauty Supplements များကို Wynn Land Int'L Trading Co.,Ltd မှ တရားဝင်တင်သွင်းပြီး အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်ကြီးများ၊ City Mart များ၊ Shopping Centre နှင့် TNC Showrooms များတွင် ဈေးနှုန်းမှန်ကန်စွာဖြင့် ဝယ်ယူရရှိနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။




TNC ဗဟန်း
အမှတ် (၅၁၆)၊ ဥယျာဉ်လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်။
Tel : 09 - 732 320 64

TNC ရွှေဂုံတိုင်
အမှတ် (၁၃၃)၊ ရွှေဂုံတိုင်လမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်။
Tel : 09 - 254 336 403

TNC နေပြည်တော်
(First Floor)
Capital Hypermarket နေပြည်တော်။
Tel : 09 - 780 474 366

TNC မော်လမြိုင်
အမှတ်(၅၁၈/A), အောက်လမ်းမကြီး၊ ထားဝယ်စုရပ်ကွက်၊ မော်လမြိုင်။
Tel : 09 779 933 305

TNC အလုံ
အမှတ် (၁၆၂/၁)၊ ပထမသီရိရိပ်သာ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။
Tel : 09 - 448 033 635

TNC မန္တလေး
အမှတ် (၁၁၂)၊ ၃၅ - လမ်း၊ ၆၈ လမ်းနှင့် ၆၉ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
Tel : 09 - 798 886 078

TNC လှည်းတန်း
B1- 03, လှည်းတန်းစင်တာ၊
Tel : 09 779 933 304

www.facebook.com/GNCMyanmar
www.gnc-wynnland.com

CALIFORNIA UNITEC
Institute of Engineering

Edinburgh Napier UNIVERSITY

edexcel
Approved Centre No. 93845



15th July 2016 တွင်ဖွင့်လှစ်မည့် တန်းခွဲသစ် အတွက် ကျောင်းသူ/ ကျောင်းသားများအားစတင် လက်ခံနေပါပြီ။

BTEC HND Higher National Diploma in Civil Engineering and B.E (Hons) Civil Engineering

- ကမ္ဘာအဆင့်မီ အရည်အသွေးပြည့်ဝသော Civil Engineer ဖြစ်လိုသူများအတွက် BTEC HND Civil Engineering Course များကို အင်္ဂလန်နိုင်ငံမှ Pearson - Edexcel သင်ရိုးညွှန်းတမ်းအတိုင်း တိကျစွာသင်ယူနိုင်ရန် နိုင်ငံခြားတက္ကသိုလ်ကြီးများ (အမေရိကန်၊အင်္ဂလန်၊နယူးဇီလန်၊ဂျာမနီ၊ဂျပန်၊စင်္ကာပူ၊ထိုင်း) မှ Ph.D, Master of Engineering ဘွဲ့ရ ဆရာများကိုယ်တိုင် နိုင်ငံခြားတက္ကသိုလ်ကြီးများမှ သင်ကြားပုံ နည်းစနစ်များအတိုင်း စာတွေ့လက်တွေ့ (Practical & Site Visits) များဖြင့် နိုင်ငံတကာအဆင့်မီ စနစ်တကျ English- Myanmar (၂)ဘာသာဖြင့် သင်ကြားပေးနေပါသည်။
- ၁၀တန်းအောင်၊ GCE "O"Level အောင်၊ တက္ကသိုလ်ပထမနှစ် → Civil Engineering Foundation Course
- GCE "A"Level, တက္ကသိုလ်ဒုတိယနှစ်အောင်၊ GTC/GTU ဒုတိယနှစ်အောင် → HND (Level 4 ) → HND (Level 5)
- HND Higher National Diploma → B.E (Hons) Civil Engineering (Edinburgh Napier University – UK )

Block C နှင့် D ကြား၊ 3F (တတိယထပ်)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
09 250 555 558, 09 250 555 559, 09 255 71 72 30, 09 255 71 72 40, 09 421 00 55 44 www.californiaunitec.com www.facebook.com/californiaunitec



MMC Myanmar Metropolitan College
Where learning comes alive

UBIS University, Switzerland နှင့် University of the Potomac, USA တို့မှ တိုက်ရိုက်ချီးမြှင့်သော DUAL (SWISS/U.S.)

MBA

UBIS UNIVERSITY
UNIVERSITY OF THE POTOMAC

ကို နိုင်ငံတကာ အဆင့်မီ Facilities များနှင့် နိုင်ငံတကာထိပ်တန်းဘွဲ့ရ၊ အတွေ့အကြုံရှိ Multinational Lecturers များဖြင့် သင်ကြားပေးနေသော MMC တွင် FULL SCHOLARSHIP ဖြင့်တက်ရောက်နိုင်ရန် September Intake မှစတင်ပြီး လျှောက်ထားနိုင်ပါပြီ။

Dual Swiss/UK MBA အကြောင်းသိကောင်းစရာများနှင့် Full Scholarship Program အကြောင်းအရာများကို Julyလ ၁၆ရက်နေ့၊ နေ့လည် ၂နာရီ တွင် MMC ၌ Workshop ပြုလုပ်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါသည်။

MMC City Campus : 47/48 Bahosi Building , Lanmadaw Tsp, Yangon.
www.yourmmc.com info@yourmmc.com
09 4500 63108
09 4500 63109

FAME
Nature-A®
Carotenoid complex
သဘာဝ ဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 009439 (1014)
၂/ ၂၀၁၅ တဆေးလ/တိုး(ဝ၆၅၇)

FAME
Phototec®
Natural antioxidant for eye
မျက်စိဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 008234 (1115)
၂/ ၂၀၁၅ တဆေးလ/တိုး(ဝ၆၅၇)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ယ/၂၆၇၅၂ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မြင့် ၅/ကလထ(နိုင်) ၁၂၇၄၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

## အလိုရှိသည်

- ရုံးလုပ်ငန်းပိုင်းကျွမ်းကျင်သူ ကျား (၁) ဦး

အစိုးရရုံးများအား ဝင်ထွက်နိုင်ပြီး ရုံးလုပ်ထုံးလုပ်နည်းများ နားလည်သိရှိရမည်။
ညအိပ်ခရီးသွားလာနိုင်ရမည်။ တရုတ်စာ၊ တရုတ်စကား တတ်မြောက်ရမည်။
အသက် (၃၀)မှ (၄၅)နှစ်ကြား ဖြစ်ရမည်။
လစာညှိနှိုင်းပေးမည်။
ရုံးလုပ်ငန်းအတွေ့အကြုံ (၃)နှစ်နှင့်အထက်ရှိသူကို ဦးစားပေးမည်။

**ဖုန်း-၀၉-၉၆၈၉၉၉၀၁၁**

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ အထက(၁) အလုံ တက္ကသိုလ်ဝင်တန်း C မှ မောင်စည်သူ၏ အမည်မှန်မှာ မောင်စည်သူအောင် ၅/မရန(နိုင်)၃၂၀၀၉၈ ဖြစ်ပါကြောင်း။

**မောင်စည်သူအောင်**

## မိဘအမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ အထက (၁) အလုံ တက္ကသိုလ်ဝင်တန်း C မှ မောင်စည်သူအောင်၏ မိဘအမည်မှန်မှာ ဦးကြီးငွေ နှင့် ဒေါ်မာမာငွေ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စပါယ်လမ်း၊ တိုက်အမှတ် ၁၂၇၀၊ ပထမထပ်(ခြေရင်းခန်း)အား ရောင်းချမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း အထောက်အထား တိကျခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

**ဦးအေးချို**
**၁၂/ဗဟန(နိုင်)၀၁၃၇၀၂**

## ဖခင်အမည်မှန်

ကျိုက်မရောမြို့နယ်၊ အထက၊ ပိန္နဲကုန်း၊ သတ္တမတန်း( )မှ မောင်စိုင်းဘိုဘို၏ ဖခင်အမည်မှန်မှာ ဦးကျော်ခင်စိုး ၁၀/ကမရ(နိုင်)၀၅၇၇၇၇ ဖြစ်ပါကြောင်း။

**ဦးကျော်ခင်စိုး**

## မိဘအမည်မှန်

လှိုင်ကော်မြို့၊ လောမွေ၊ အထက(ခွဲ) ပဥ္စမတန်း(က)မှ မောင်မင်းမင်းငြိမ်း၏ မိဘအမည်မှန်မှာ ဦးမြင့်ဇော်ဟိန်း ၂/လကန(နိုင်)၀၉၅၆၉၉-ဒေါ်တင်ဇာချို ၂/လကန(နိုင်)၀၉၃၀၅၈ ဖြစ်ပါကြောင်း။

**ဦးမြင့်ဇော်ဟိန်း-ဒေါ်တင်ဇာချို**

## အမည်မှန်

ဦးမြင့်ဇော်ဟိန်း၏သား လှိုင်ကော်မြို့၊ လောမွေ၊ အထက(ခွဲ) ပဥ္စမတန်း(က) မှ မောင်ငြိမ်းမြင့်မြတ်၏ အမည်မှန်မှာ မောင်မင်းမင်းငြိမ်းဖြစ်ပါကြောင်း။

**မောင်မင်းမင်းငြိမ်း**

## ဖခင်အမည်မှန်

အထက တောင်နီ၊ နဝမတန်း(က) မှ မဇာဇာဝင်း၏ ဖခင်အမည်မှန်မှာ ဦးညွှတ်ရွှေ ၁၃/တကန (နိုင်) ၀၃၁၇၀၄ ဖြစ်ပါကြောင်း။

**ဦးညွှတ်ရွှေ**

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်အေးမြင့်လွင် ၁၃/တကန (နိုင်) ၀၇၆၀၉၉ ၏သမီး မဖြိုးမီမီကျော် ၁၃/တကန(နိုင်)၂၄၆၄၉၄သည် မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ခြင်းတို့ကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် သူမနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ တာဝန်မယူပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

မိခင် ဒေါ်အေးမြင့်လွင်

## ဒေါ်တင်ယုဝေ ၁၀/မလမ(နိုင်)၁၁၃၇၈၉ နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ ဦးကြင်ဥလမ်း၊ အမှတ် ၈၂၁နေ ဒေါ်ချိုချို ၁၂/ဗဟန(နိုင်)၀၅၁၃၆၁နှင့် ဒေါ်ဖြူဖြူထွန်း ၁၄/ဟသတ(နိုင်)၀၀၆၃၇၁ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်တင်ယုဝေနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်ယုဝေ အမည်ပေါက် ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ ဦးကြင်ဥလမ်း၊ အမှတ် ၈၂၁ ဟုခေါ်တွင်သော ပေ(၄၀×၆၀)၊ ဧရိယာစတုရန်းပေ ၂၄၀၀ရှိ နှစ် ၆၀ ဂရန်မြေကွက်ကို ဒေါ်တင်ယုဝေထံမှ ဒေါ်ချိုချိုနှင့် ဒေါ်ဖြူဖြူထွန်းတို့မှ အရပ်စာချုပ်ဖြင့် ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ထားခဲ့သော မြေကွက်ဖြစ်ပါသည်။ ယခုအချိန်တွင် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ချိုချိုနှင့် ဒေါ်ဖြူဖြူထွန်းတို့မှ အမည်ပေါက်ဆောင်ရွက်ရန်လိုအပ်သောအခြေအနေဖြစ်ပေါ်နေသောကြောင့် သတင်းစာပါသည့်ရက်မှ ၁၄ ရက်အတွင်း ဒေါ်တင်ယုဝေမှ ဒေါ်ချိုချို၊ ဒေါ်ဖြူဖြူထွန်းတို့နှင့်ဆက်သွယ်၍ ဒေါ်တင်ယုဝေ၌ တာဝန်ရှိသည့်အတိုင်း ဒေါ်ချိုချိုနှင့် ဒေါ်ဖြူဖြူထွန်းတို့ အမည်ပေါက်ဆောင်ရွက်ရန် လိုအပ်သောကိစ္စရပ်များကို ဆောင်ရွက်ပေးရန်နှင့် သတ်မှတ်ရက်ပြည့်မြောက်သည်အထိ ဒေါ်တင်ယုဝေမှ ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဒေါ်ချိုချို၊ ဒေါ်ဖြူဖြူထွန်းတို့ အမည်ပေါက်ရရှိရန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်တင်ယုဝေနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ချိုချို၊ ဒေါ်ဖြူဖြူထွန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထင်လင်းနိုင် LL.B .B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၁၂/၂၀၀၂)**
**ရုံး-တိုက် ၉/၁၁၊ အခန်းအမှတ် ၀၀၅/ဘီ၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၉၃၀၆**

## ဦးကျော်စိုး( -၀၀၀၈၁၃)ကိုင်ဆောင်သူနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ-တောင်ရပ်ကွက်၊ အိမ်အမှတ်-၂၁၊ မြေကွက်အမှတ် (၁၃၃၃)နေ ဦးသန်းနိုင် ၁၂/ဗဟန(နိုင်)၀၅၀၈၅၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးကျော်စိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်စိုး အမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ် -၃၅စီဂျီ၊ ဆရာစံတောင်ရပ်ကွက်၊ မေယုလမ်း၊ မြေကွက်အမှတ်-၁၃၃၃ ဟုခေါ်တွင်သော အလျားပေ ၂၀ × အနံပေ ၄၀၊ ဧရိယာစတုရန်းပေ ၈၀၀ရှိ နှစ် ၆၀ ဂရန်မြေကွက်ကို ဦးသန်းနိုင်မှ အရပ်စာချုပ်ဖြင့် ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါသည်။ ယခုအချိန်တွင် လက်ရှိပိုင်ဆိုင်သူ ဦးသန်းနိုင်မှ အမည်ပေါက်ဆောင်ရွက်ရန် လိုအပ်သောအခြေအနေဖြစ်ပေါ်နေသောကြောင့် သတင်းစာပါသည့်ရက်မှ ၁၄ရက်အတွင်း ဦးကျော်စိုးမှ ဦးသန်းနိုင်နှင့်ဆက်သွယ်၍ ဦးသန်းနိုင်အမည်ပေါက် ဆောင်ရွက်ရန် လိုအပ်သောကိစ္စရပ်များကို ဆောင်ရွက်ပေးရန်နှင့် သတ်မှတ်ရက်ပြည့်မြောက်သည်အထိ ဦးကျော်စိုးမှ ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဦးသန်းနိုင် အမည်ပေါက်ရရှိနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးကျော်စိုးနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထင်လင်းနိုင် LL.B .B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၁၂/၂၀၀၂)**
**ရုံး-တိုက် (၉/၁၁)၊ အခန်းအမှတ်-၀၀၅/ဘီ၊ ၃၆ လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၉၃၀၆**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မုံရွာကမ်းနားလမ်း ထပ်ပိုးကျောက်စီနံရံတည်ဆောက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၉

**မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ ရေနံ့သာအနာကြီးရောဂါကုဆေးရုံအတွက် သိမ်းဆည်းထားသည့် မြေများအနက်မှ ၂၀၈ ဒသမ ၃၅ ကေအား ယနေ့ နံနက်ပိုင်းက မူလပိုင်ရှင်တောင်သူများထံသို့ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေး၍ ပြန်လည်လွှဲပြောင်းပေးအပ်လိုက်သည်။**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မုံရွာကမ်းနားလမ်း ကျောက်စီနံရံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစဉ်

အဆိုပါ စွန့်လွှတ်မြေများ၏ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ်များ တောင်သူများထံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် မတ္တရာမြို့ ဘုရင့်နောင်ခန်းမဦကျောင်းပရာ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်တို့က မူလပိုင်ရှင် တောင်သူ ၃၂ ဦးထံ ပြန်လည် စွန့်လွှတ်မြေ ၂၀၈ ဒသမ ၃၅ ကေ၏ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် (ပုံစံ -၃)များ ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဒုတိယသမ္မတက မတ္တရာမြို့နယ်အတွင်း ရေနံ့သာအနာကြီးရောဂါကုဆေးရုံအတွက် သိမ်းဆည်းထားသည့်မြေ ၁၉၄၆ ဒသမ ၄၀ ကေအနက်မှ ဆေးရုံအတွက်အသုံးပြုရန် အမှန်တကယ်လိုအပ်သည့် ၆၁၇ ဒသမ ၁၁ ကေကိုသာ အသုံးပြုမည်ဖြစ်ကြောင်း၊ ပြန်လည်စွန့်လွှတ်သည့် ၁၃၂၉ ဒသမ ၂၉ ကေအထဲမှ မြေယာအငြင်းပွားမှုကင်းရှင်းသည့် ၂၀၈ ဒသမ ၃၅ ကေကို တောင်သူများလက်ဝယ်သို့ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃)ဖြင့် ယနေ့လွှဲပြောင်းပေးမည်ဖြစ်ကြောင်း၊ ကျန်ရှိသည့် စွန့်လွှတ်မြေ ၁၁၂၀ ဒသမ ၉၄ ကေကိုလည်း မှန်မှန်ကန်ကန် စိစစ်ပြီး အမြန်ဆုံးလွှဲပြောင်းပေးအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လယ်သမားများအတွက် လယ်ယာမြေသည် အသက်သွေးကြောဖြစ်ကြောင်း၊ ထို့ကြောင့် လယ်သမားများအတွက် အသက်တမျှ အရေးကြီးလှသည့် လယ်ယာမြေများ ပြန်လည်ရရှိရန် အစိုးရအနေဖြင့် ဦးစားပေးအထူးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်နေပါကြောင်း၊ မူလပိုင်ရှင်တောင်သူများထံ လယ်ယာမြေများ ပြန်လည်လွှဲပြောင်းနိုင်ရန် ကျင့်သုံးနေသည့် လုပ်ငန်းစဉ်အဆင့်များ များနေခြင်းကိုလည်း အတတ်နိုင်ဆုံးဖြေလျှော့ရန် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရေးဆွဲဆောင်ရွက်နေကြောင်း ပြောကြားသည်။

*စာမျက်နှာ ၇ ကော်လံ ၁*

**မတ္တရာမြို့နယ်အတွင်း ရေနံ့သာအနာကြီးရောဂါကုဆေးရုံအတွက် သိမ်းဆည်းထားသည့် မြေများအနက်မှ ၂၀၈ ဒသမ ၃၅ ကေအား တောင်သူများထံ ပြန်လည်ပေးအပ်၊ ကျန်ရှိသည့် စွန့်လွှတ်မြေ ၁၁၂၀ ဒသမ ၉၄ ကေကိုလည်း မှန်မှန်ကန်ကန်စိစစ်ပြီး အမြန်ဆုံးလွှဲပြောင်းပေးအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်**


**အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း၏ သားက ပြောပြသည့် အာဇာနည်နေ့နှင့် မိသားစုအကြောင်း**

စာမျက်နှာ ၄

**ဗိုလ်မှူးကြီးဗထူး နှစ် ၁၀၀ ပြည့် ဂုဏ်ပြုဆောင်းပါး**

စာမျက်နှာ ၆


## ပဲခူးမြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၉**

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

## ရန်ကုန် - သန်လျင်တံတား ၂၅ တန်အောက် ကုန်တင်ယာဉ်များသာ ဖြတ်သန်းခွင့်ပြုမည်

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဇူလိုင် ၉**

ရန်ကုန်-သန်လျင်တံတား ယာဉ်ကြောပိတ်ဆို့မှု ဖြေရှင်းမှုတစ်ရပ်အဖြစ် ၂၅ တန်အောက် ကုန်တင်ယာဉ်များကိုသာ တံတားပေါ်မှ ဖြတ်သန်းခွင့်ပြုတော့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂) ယာဉ်ထိန်းတပ်ဖွဲ့ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အောင်ကိုဦးက ပြောသည်။

"ရန်ကုန်-သန်လျင် တံတားမှာ နေ့စဉ်ပြေးဆွဲတဲ့ မော်တော်ယာဉ်တွေ များပြားလာတာနဲ့အမျှ ယာဉ်ကြောပိတ်ဆို့မှုတွေ ဖြစ်ပွားနေတာပါ။ ဒီအခြေအနေကို ဖြေရှင်းနိုင်ဖို့

*စာမျက်နှာ ၇ ကော်လံ ၁*



ရန်ကုန်-သန်လျင်တံတားကို တွေ့ရစဉ်